# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်   ၂၀၂၀ ပြည့်နှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့   အတွဲ (၅၉)၊ အမှတ် (၂၂၁)


## Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ကိုဗစ်–၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်း(test kits)နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီ




UNICEF ၏အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်–၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်း (test kits)နှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။

**ရန်ကုန် မေ ၁၀**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Global Alliance for Vaccines and Immunization (Gavi) အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်ပစ္စည်း (test kits) နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီပေးသည့်အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ


စာမျက်နှာ ၄ ကော်လံ ၁ ❍


## လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်း



**လွယ်ဂျယ် မေ ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံတွင် ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးစိုးမင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❑



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကိုဗစ်အလွန်ကာလ ကိုယ်ရည်ကိုယ်သွေး

အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မြန်ကပ်ရောဂါကို အကြောင်းပြု၍ စက်ရုံအလုပ်ရုံများ ရပ်နားပိတ်သိမ်းမှု၊ အလုပ်သမားဦးရေ လျှော့ချမှုအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်တွင်းသို့ တဖွဲဖွဲ ပြန်လည်ဝင်ရောက်လာနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံများမှသာမက အခြားအာဆီယံနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ရောက်ရှိနေသူများပါ ပြန်လည်ဝင်ရောက်လာနေကြခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါက ကမ္ဘာကြီးကို စီးပွားရေးအရပါ ဘေးသင့်စေခဲ့သည်။ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးရပ်ဝန်းကြီး တစ်ခုလုံး ထိခိုက်တုန်လှုပ်နေရပြီး ကပ်ဘေးအလွန်ကာလ စီးပွားရေး ရှင်သန်ထမြောက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတို့ ပြင်ဆင်နေကြရပြီဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခံစားရမှု အများဆုံး စီးပွားရေးကဏ္ဍများဖြစ်သည့် ကုန်ကြမ်းပေး ကုန်ချောယူလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးခြင်း၊ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးခြင်း၊ အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးခြင်းစသည်ဖြင့် မိမိအတိုင်းအတာအလျောက် ကုစားမှုများ ပြုလုပ်နေသည့်အပြင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်တစ်ရပ်ကိုလည်း ရေးဆွဲချမှတ်ထားပြီး ညီညီညွတ်ညွတ်ရှိရေး၊ တစ်ဦးတစ်ယောက်၏ ဝန်ကို ဝိုင်းဝန်းသယ်ပိုးလိုစိတ်ရှိရေး၊ ဝေမျှတတ်သည့် စိတ်ဓာတ်၊ စာနာရိုင်းပင်းမှု၊ လုံ့လဝီရိယရှိမှု၊ ထိုးထွင်းကြံဆမှုတို့ဖြင့် အောင်မြင်ခြင်းပန်းတိုင်ကို တက်လှမ်းနိုင်မည်ဟု ယုံကြည်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။

ကိုဗစ်-၁၉ ရောဂါသည် မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍကိုလည်း ထိခိုက်စေမည်ဖြစ်ရာ ကုစားမှုကို မဖြစ်မနေ ပြုလုပ်ကြရမည်ဖြစ်သည်။ ဤတွင် ပြည်တွင်းအလုပ်အကိုင်များတွင် စက်ရုံအလုပ်ရုံအချို့ ပိတ်သိမ်းသွားမှုနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာမည့် ရွှေ့ပြောင်းအလုပ်သမားများ ထောင်ပေါင်းများစွာတို့ကြောင့် အလုပ်အကိုင်လိုအပ်ချက်များစွာ ဖြစ်ပေါ်လာမည့်အပေါ် စိုးရိမ်မှုများ ရှိနေကြသည်ဟုလည်း သိရှိရသည်။ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ လုပ်အားအခြေပြုသည့် အလုပ်အကိုင်များ ပေါ်ထွက်လာမည်ဖြစ်ရာ အမှန်တကယ် အလုပ်လုပ်ကြဖို့ပင် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းက စီးပွားရေးချည့်နဲ့ ယိုင်လဲမှုများကို ပြန်လည်ကုစားရုန်းကန်ကြရမည်ဖြစ်ရာ အမှန်တကယ်စွမ်းဆောင်နိုင်သည့် နိုင်ငံက မြန်မြန်ဆန်ဆန် နာလန်ထကာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်သည်။ ယင်းသို့ စွမ်းဆောင်နိုင်ရန်မှာလည်း နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးက အရေးကြီးသည်။ မဖွံ့ဖြိုး၊ မတိုးတက်သည့်အခြေအနေမှ ရုန်းထွက်လိုသည့်စိတ်၊ ဆင်းတောင့်ဆင်းရဲမနေလိုဘဲ မဖြစ်မနေ စွမ်းဆောင်လိုသည့်စိတ်ဖြင့် ဆင်းရဲနွမ်းပါးမှုကို တွန်းလှန်ကာ မိမိကိုယ်တိုင်နှင့်တကွ နိုင်ငံကိုပါ မြှင့်တင်သူများ အမြောက်အမြားပေါ်ပေါက်လာသည်နှင့် အမျှ နိုင်ငံရော လူမျိုးပါ ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။

လူတိုင်းလူတိုင်းတွင် ဖွံ့ဖြိုးတိုးတက်လိုစိတ်၊ စွမ်းဆောင်လိုစိတ်ဟူသော ကိုယ်ရည်ကိုယ်သွေးတို့ပေါ်ပေါက်လာရန်မှာ ဗီဇက အဓိကမဟုတ်ဘဲ ပြုစုပျိုးထောင်ပေးခြင်း၊ ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးခြင်းဖြင့် ပြုပြင်ရယူနိုင်ကြောင်း သုတေသနစမ်းသပ်ပြုလုပ်မှုများက တွေ့ရှိခဲ့ပြီးလည်း ဖြစ်သည်။ ပြည်သူလူထုအား ခိုင်မာသော ယုံကြည်ချက်နှင့် အတွေးအခေါ်များ ပေါ်ပေါက်ရေး၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ဆောင်ရွက်ခြင်းသည် မှန်မြတ်သည်ဟူသော အသိစိတ်ဓာတ်များ ရင့်သန်ရေး၊ အလုပ်လုပ်သူများ၏ စွမ်းဆောင်ရည်အပေါ်လိုက်၍ ခံစားခွင့်များရရှိအောင် ဖန်တီးပေးရေး၊ တန်ဖိုးထားမှုအသစ် (New Values) များပေးရေး၊ ပြည်သူလူထု၏ စိတ်ဓာတ်တက်ကြွအောင် နှိုးဆော်ပေးရေးနည်းလမ်းများဖြင့် ပြည်သူလူထုကို ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ကာ နိုင်ငံတည်ဆောက်ရေးတွင် နေရာတကျ အင်အားပြည့် အသုံးချနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျင်မြန်သော အရှိန်အဟုန်ကိုရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၁၀

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation–ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ ကလေးမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ သွားရောက်စစ်ဆေး

ကလေး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းတို့သည် ကလေးမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ မေ ၁၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

သွားရောက်စစ်ဆေးခဲ့ကြသည့် ကန့်သတ်စောင့်ကြည့်ရေးခစခန်းများမှာ အောင်မြေမာန်ရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော အထက–၁၊ စမ်းမြို့ရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော အထက–၈၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာ အလက၊ ပျဉ်းခုံကြီးကျေးရွာ အထက(ခွဲ)၊ ပြည်တော်သာ အထက(ခွဲ)၊ အထက လက်ပံချောင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ အထက(ခွဲ)၊ အထက သာစည်ကျေးရွာနှင့် အထက ထောက်ကြန့်ကျေးရွာတို့တွင် ဖွင့်လှစ်ထားရှိသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်နေသူများကို တွေ့ဆုံကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက် နေထိုင်ပေးကြရန် မှာကြားခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးရာတွင် စောင့်ကြည့်ရေးစခန်းများ၌ လိုအပ်သည့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်ဘူးများနှင့် အထွေထွေ အသုံးစရိတ်အဖြစ် ငွေကျပ် တစ်သိန်းစီကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ သန်းထိုက်အောင်(ပြန်/ဆက်)



တိုင်းဒေသကြီးဝန်ကြီးများက စောင့်ကြည့်ရေးစခန်းများ၌ အသုံးပြုရန် ထောက်ပံ့ငွေပေးအပ်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁၀

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပျဉ်းမနား(ဝဲကြီး)တွင် ၀ ဒသမ ၃၁ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၁၂ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် လွိုင်ကော် မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့အလင်း

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေကို Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မေ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လုပ်ငန်းစီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ လုပ်ငန်းတိုးတက်မှု ၊ ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း ၊ တံတားများဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမည့် လုပ်ငန်းစီမံချက်များ ၊ ကိုဗစ်-၁၉ ကာကွယ်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူ တည်ဆောက်နေသည့် သမုတ် - လွတ်လွတ်တံတား ၊ တနင်္သာရီတံတား ၊ ပုလုံးတုံးတုံးတံတားများ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေ၊ တနင်္သာရီတံတားဟောင်းမှ သံပေါင်များနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျ ဖြုတ်သိမ်းနေမှု ၊ စီမံကိန်းလုပ်ငန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးပညာရှင်များအဖွဲ့နှင့် ပူးပေါင်းပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တံတားများ၏ လုပ်ငန်းပြီးစီးမှုနှင့် ကျန်ရှိသည့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို Video Clip ဖြင့် ပြသသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာလအတွင်း တံတားလုပ်ငန်းများ ပြီးစီးမှုကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်မိပါကြောင်း။ ဆက်လက်၍ ကျန်ရှိသည့်လုပ်ငန်းများ ပြီးစီးရေးအတွက် ကာယ၊ ဉာဏဝန်ထမ်းများ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ တနင်္သာရီတံတားခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်ဖြစ်သည့် တနင်္သာရီတံတားဟောင်းမှ ဘေလီတံတား(၅၀ ရာခိုင်နှုန်း) ကို တနင်္သာရီတိုင်းဒေသကြီး ကျေးလက်တံတားများတွင် သုံးရန်နှင့် ကျန်(၅၀ ရာခိုင်နှုန်း) ကို သဘာဝဘေးဒဏ်အတွက် အရန်အဖြစ်ထားရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြီးစီးနေသော တံတားများ Load Text Result များကို စစ်ဆေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးသည်။

### ၉၃ ရာခိုင်နှုန်း ပြီးစီးနေ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တံတား သုံးစင်းဖြစ်သည့် သမုတ်-လွတ်လွတ် တံတားသည် ထားဝယ် - မြိတ်လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ၁၂၈၇ ပေ ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ ၊ အမြင့် ၁၅ ပေ ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံး၏ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တနင်္သာရီတံတားသည် မြိတ် - တနင်္သာရီ - ဘုတ်ပြင်း - ကော့သောင်း လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ၁၄၄၄ ပေ ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ ၊ လူသွားလမ်း တစ်ဖက်လျှင် လေးပေစီ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ ၊ အမြင့် ၃၃ ပေ ရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။



ပုလုံးတုံးတုံးတံတားသည် ကော့သောင်း - ပုလုံးတုံးတုံးကျွန်းနှင့် ဆက်သွယ်ထားသော လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ၂၄၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် (၅ ပေ x ၆ လက်မ) စီပါရှိ၍ ရေလမ်းကင်းလွတ်အကျယ်ပေ ၈၀ ၊ အမြင့် သုံးပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံး၏ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်ဝင်းက တည်ဆောက်နေသော တံတားများ၏ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်အဖွဲ့ သုံးဖွဲ့နှင့် လမ်းအထူးအဖွဲ့ နှစ်ဖွဲ့တို့ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်နေမှု ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်း စီမံချက်များနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မိုးဦးက တနင်္သာရီတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ယာယီတံတား အဖြစ် အသုံးပြုခဲ့သော ဘေလီတံတားသံပေါင်များအား တကူ- သာရဘွင် -ကျားခေါင်းတောင်- သိန္ဓော-ကော့မပြင်း ကျေးလက်လမ်းပေါ်ရှိ တည်ဆောက်လျက်ရှိသည့် တံတား သုံးစင်းတွင် ပြန်လည်အသုံးပြုမည့် အစီအမံများနှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း ၊ တံတား လုပ်ငန်းများဖြစ်သည့် အရှေ့ဘန်လော-ကော်တော - သမီးလှ ကွန်ကရစ်လမ်း ၊ ရေဖြူ - ကဒက်ငယ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ၊ ဇာဒီ - ပရ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ၊ ကန်သာယာ - ရှင်းတောင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ဘုရင့်တောင် - ဆင်ထိုးငယ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ၊ ရေငန်းရှိုင် - ချောင်းစလန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းနှင့် ယမုံနာ-ရွှေတောင်ကုန်းစု ကျေးရွာချင်းဆက် လမ်းပေါ်ရှိ ပေ ၄၀ ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၊ ကျောက်မဲတောင်-မြေးခံဘော်ကျေးရွာချင်းဆက် ကတ္တရာလမ်း အစရှိသည့်လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးနေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

### တိုက်ရိုက်ချိတ်ဆက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း ၊ တံတားနှင့် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

### ဆက်လက်ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မိမိတို့ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ရန်လိုပါကြောင်း၊ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်စဉ်ကပင် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုပါကြောင်း ၊ မိုးတွင်းကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရန်လိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့်အတူ ကျေးလက်နေပြည်သူများ၏ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်းတံတားများ တိုးတက်ကောင်းမွန်ရန်လိုပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ် ၊ ထိန်းချုပ် ၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ အင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ COVID-19 အန္တရာယ် ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေစဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် အသင်းသားများ၏ လိုအပ်ချက်အရ ချေးငွေ ထုတ်ချေးခြင်း၊ စုဆောင်းငွေပြန်လည်ထုတ်ပေးခြင်းနှင့် အသင်းသားများနှင့် ညှိနှိုင်း၍ ချေးငွေပြန်လည်ကောက်ခံခြင်းများကို လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ မိမိတို့ရုံးခွဲများတွင် လူ ၄ ဦးထက်မပိုသည့် ဝန်ထမ်းများဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များနှင့်ညှိနှိုင်းဆောင်ရွက်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်၍ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် မေလ ၃ ရက်နေ့တွင် ထုတ်ပြန်သည့် COVID-19 နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်ဖြည့်စွက် အသိပေးထုတ်ပြန်ကြေညာချက်တွင် **“အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အာမခံကုမ္ပဏီများအား လုပ်ငန်းများ ဆက်လက်ဖွင့်လှစ်သွားရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၏ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရန်”** အသိပေးကြေညာခဲ့ပါသည်။

၃။ သို့ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အသေးစားချေးငွေရယူလိုသော ပြည်သူများ၊ အာမခံ ဝန်ဆောင်မှု ရယူလိုသော ပြည်သူများ အဆင်ပြေစေရန် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အာမခံကုမ္ပဏီများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်၍ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပြီး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ညွှန်ကြားထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

❍ *ရှေ့ဖုံးမှ*

တင်ဆောင်လာသည့် မလေးရှားနိုင်ငံမှ အထူးလေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့ (UNICEF)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)တို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Ms. June Kunugi က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် အတွက် Gavi ၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်း (test kits)နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က လက်ခံရယူသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က "ဒီနေ့ရောက်ရှိလာတဲ့ ပစ္စည်းတွေကတော့ အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနမှာ တပ်ဆင်ထားတဲ့ COBAS 6800 စက်အတွက် လိုအပ်တဲ့ test kits တွေပါ။ အရေအတွက် အားဖြင့် ၁၀၀၀၀ ပါ။ ပထမအကြိမ်အဖြစ်ရောက်ရှိလာတာဖြစ်ပါတယ်။ နောက်ထပ်လည်း ရောက်ရှိလာဦးမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ၏ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် Gavi ၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ပစ္စည်း (test kits) အရေအတွက်မှာ ၃၀၀၀၀ ဖြစ်ပြီး ယနေ့တွင် ပထမဆုံးအကြိမ်အဖြစ် အခုရေ ၁၀၀၀၀ ရောက်ရှိလာခြင်းဖြစ်ကာ ယနေ့ ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅၉၁၃ ဒေါ်လာ ဖြစ်ကြောင်း ဒေါက်တာ သာထွန်းကျော်ထံမှ သိရသည်။

ထိုသို့ ထောက်ပံ့ကူညီမှုများပေးနိုင်ရန်အတွက် ထောက်ပံ့ကူညီမှုပစ္စည်းများ သယ်ဆောင်ရန် လေကြောင်းခရီးစဉ်၏ ကုန်ကျငွေများကို ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ ငွေကြေးပံ့ပိုးမှုများဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က ရန်ကုန် နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ်ချိတ်ဆက်ပေးနိုင်မည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ ဆောင်ရွက်လျက်ရှိရာ ယနေ့ခရီးစဉ်မှာ ပထမဆုံးခရီးစဉ်ဖြစ်သည်။

အဆိုပါလေကြောင်း ယာဉ်ပျံသန်းမှုခရီးစဉ် တစ်ကြိမ်တွင် လူသားချင်း စာနာ ထောက်ထားမှု အကူအညီပစ္စည်းများ (၂ မက်ထရစ်တန်အထိ) မြန်မာနိုင်ငံသို့ တင်ဆောင်သယ်ယူနိုင်မည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုအကူအညီပေးရေးအဖွဲ့များ၏ ဝန်ထမ်းများကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။




အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေး ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ကူညီ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်ထံမှ သိရသည်။

**သတင်း - ဇော်ကြီး ၊ ဓာတ်ပုံ - ဖေဇော်**

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဒူကထောင်နယ်မြေ (၄)၊ (၅)၊ (၁၄)၊ တပ်ကုန်းဂါလိလဲ၊ တပ်ကုန်းမော နွေလ IDP စခန်းနှင့် မိုးညှင်းမြို့ရှိ နမ္မဖြစ် COC ဘုရားကျောင်း၊ နမ္မဖြစ်ကက်သလစ်၊ နမ္မဖြစ်နှစ်ခြင်းကျောင်း၊ ဆိပ်မူယူမာ နှစ်ခြင်းကျောင်း၊ ဆိပ်မူရဝမ်နှစ်ခြင်းကျောင်း၊ ဆိပ်မူလီဆူနှစ်ခြင်းကျောင်း၊ ဆိပ်မူဆိုင်းတောင် နှစ်ခြင်းကျောင်း၊ ဆိပ်မူရပ်ကွက်-၄နှစ်ခြင်းကျောင်းနှင့် ပူတာအိုမြို့နယ်ရှိ လုံးစွတ်နှင့် ဒုတ္ထန် IDP စခန်း စုစုပေါင်း ၁၅ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၄၉၄ ဘူး၊ ထုံးအိတ် ၅၀၊ ဆပ်ပြာ ၅၃၆ ခဲ၊ လက်ဆေးစင် ၁၁ ခု၊ တစ်ခါသုံး နှာခေါင်းစည်း ၁၅၂ ခု၊ အဝတ်နှာခေါင်းစည်း ၃၈၀၊ အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ Hand Speaker ၁၀ ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော မန်မိုရီစတစ် ၁၀ ခု၊ ဗီနိုင်း ၁၀ ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် နမ္မတူမြို့နယ်ရှိ လီဆူ၊ ကချင်၊ ကြူဆော့၊ နမ့်ခမ်းမြို့နယ်ရှိ ဂျော်(၁)၊ စိန့်သောမတ်စ်၊ နေဝန်းနီ၊ မိုင်းယု (ကုန်စုံ)၊ မိုင်းယုလေး၊ နမ့်ဖက်ကာ နှစ်ခြင်း အသင်းတော်၊ နမ့်ဖက်ကာ နယ်မြေ(၄)၊ စုစုပေါင်း IDP စခန်း ၁၀ ခုသို့ သွားရောက်၍ ထုံးအိတ် ၃၀၊ ဆပ်ပြာ ၅၄၀၈ ခဲ၊ အပူချိန်တိုင်း ကိရိယာ ၁၀ ခုတို့အား ထောက်ပံ့ခဲ့သည်။ **(ဝဲပုံ)**




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အဆိုပါ လှူဒါန်းပေးအပ်ရာတွင် လွယ်ဂျယ်မြို့ ရှမ်းရိုးရာယဉ်ကျေးမှု အဖွဲ့မှ ကျန်းမာရေးသုံးပစ္စည်းများ ဖြစ်သော ခြင်ဆေးခွေ နှစ်ဖာ၊ ပိုးသတ်ဆေး နှစ်ပုံး၊ နှာခေါင်းစည်း ၂၀၀၀ နှင့် ဆေးရုံဝန်ထမ်းမိသားစုများ အတွက် စားသောက်ကုန်ဖြစ်သည့် ဆန် ၁၀ အိတ်၊ ခေါက်ဆွဲခြောက် ၂၀ ဖာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁ သိန်းကို ပေးအပ်လှူဒါန်းကြကာ လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာလှအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

လှူဒါန်းမှုတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကော်မတီဖွဲ့စည်းကာ ပြည်သူများနှင့်အတူ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ (SCG) Southern Costline Group မှ ဒေသကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ ဦးအောင်ဇာနည်စိုးနှင့် တာဝန်ရှိသူများက အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများနှင့် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် သာမိုမီတာ ၁၃ ခု၊ နှာခေါင်းစည်း ၂၆၀၀ ကို လာရောက်လှူဒါန်းခဲ့ကြရာ ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အင်းစိန် ဖော့ကန်ပဒေသာဈေးအတွင်း ကိုဗစ် - ၁၉ ရောဂါ မပြန့်ပွားရေး အသိပညာပေး

**ရန်ကုန် မေ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အင်းစိန်မြို့နယ် စည်ပင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အင်းစိန်ဖော့ကန်ပဒေသာဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောခြင်း၊ ဆေးဖျန်းခြင်း၊ လက်ဆေးရည်များ ဝေငှခြင်းများကို နေ့စဉ် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

"အင်းစိန်မြို့နယ်က ကိုဗစ်ရောဂါပိုး အများဆုံး တွေ့ရှိတဲ့နေရာ တစ်ခုဖြစ်နေတယ်။ ဒါကြောင့် ရောဂါပိုး ထပ်မံမပြန့်ပွားဖို့ ကျန်းမာရေး အသိပညာပေးလုပ်ငန်းတွေကို အင်းစိန်မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ကွင်းဆင်းပြီး ရောဂါရှာဖွေခြင်းလုပ်ငန်းတွေလည်း တိုးမြှင့်ဆောင်ရွက်နေပါတယ်"ဟု ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ပြည်ထောင်စုသားချင်းများ



တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**“မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)တို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၁၃ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်”**



အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ပြန်ရောက်လာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)တို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၁၃ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်) အကြား လွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက် ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေး လုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများ ရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ရှိသည်ဟုပင် ဖော်ပြလာကြသည်။

မန်ယူအသင်းသည် ဒီဂီယာ၏ လက်စွမ်းအပေါ် သံသယရှိလာပြီးနောက် အဆိုပါ ဂိုးသမားအတွက် သင့်တော်သည့် ကမ်းလှမ်းမှုမျိုးရရှိလာခဲ့လျှင် ရောင်းထုတ်သွားရန်ပင် စဉ်းစားနေကြောင်း သိရသည်။ မန်ယူအသင်းသည် ဒီဂီယာ၏နေရာကို အစားထိုးရန်အတွက် ဂိုးသမားသစ်ခေါ်ယူရန် ချိတ်ဆက်လုပ်ဆောင်နေကြောင်းလည်း သိရသည်။ မန်ယူအသင်းမှ ခေါ်ယူမည့် ဂိုးသမားထဲတွင် အိုင်းယက်စ်အသင်းမှ အန်ဒရီအိုနာနာ ပါဝင်လာသည်။

မန်ယူအသင်းသည် အိုနာနာကို ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အဆိုပါကလပ်က ပယ်ချခဲ့ဖူးကြောင်း သိရသည်။ အိုင်းယက်စ်အသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဗန်ဒါဆားသည် အိုနာနာကို ဈေးပေါပေါနှင့် ရောင်းထုတ်သွားမည်မဟုတ်ကြောင်း သတိပေးပြောကြားထားမှုများရှိသော်လည်း အဆိုပါ ဂိုးသမားကို ခေါ်ယူရန် အသင်းအများအပြားက စိတ်ဝင်စားနေပြီး ထိုအသင်းများထဲတွင် နာမည်ကြီးအသင်းများဖြစ်သည့် ဘာစီလိုနာ၊ ချယ်လ်ဆီးနှင့် စပါးအသင်းတို့ အပါအဝင်ဖြစ်သည်။

အခြားသတင်းတစ်ရပ်တွင် မန်ယူအသင်းသည် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား မာတီနက်ဇ်ကို ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါ တိုက်စစ်ကစားသမားကို ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် အသင်းသို့ခေါ်ယူရန် ခက်ခဲဖွယ်ရှိနေကြောင်း သိရသည်။ ထို့အပြင် လာဇီယိုအသင်းမှ ဆားဘီးယားကွင်းလယ်ကစားသမား မီလန်ကိုဗစ် ဆာဗစ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

မန်ယူအသင်းသည် ကိုဗစ်-၁၉ ကြောင့် ဘောလုံးပွဲစဉ်များ ရပ်နားထားချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကိုဗစ် - ၁၉ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ခန်းမ (၃)တွင် ယနေ့မွန်းလွဲ ၂ နာရီ၌ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လတ်တလောဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ ရောဂါကာလအတွင်း သွေးလွန်တုပ်ကွေး၊ ရာသီပေါ်တုပ်ကွေးများနှင့် ကိုဗစ်ဖြစ်ပွားနေမှုများ ရှုပ်ထွေးနိုင်သည့်အခြေအနေများ ရှိလာနိုင်သောကြောင့် စနစ်တကျပြင်ဆင်ထားရှိရေး၊ လှိုင်သာယာနှင့် တာမွေမြို့နယ်များရှိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေတ္တာရပ်ခံချက်အရ ယင်းမြို့နယ်များ၏ သတ်မှတ်ဧရိယာများကို ကျန်းမာရေးစစ်ဆေးပေးမည့် အစီအစဉ်များအတွက် လေ့လာဆန်းစစ်မှုပြုပြီး စနစ်တကျလုပ်ဆောင်ရန် တို့ကို လိုအပ်သည့်အတွက် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ အချို့သောစက်ရုံ၊ အလုပ်ရုံများကို သေချာစွာ သွားရောက်စစ်ဆေးပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းခွင်ဝင်ရောက်နေမှုများ၊ မြို့နယ်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ၂၁ ရက် အသွားအလာ စောင့်ကြည့်ထားရှိမှု အခြေအနေများ၊ စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များနှင့်လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# မြောက်ဦးမြို့၌ သောက်သုံးရေပြတ်လပ်လျက်ရှိသော ကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း



**မြောက်ဦး မေ ၁၀**

မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ပူပြင်းသောနွေရာသီကာလတွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်နေသဖြင့် ယမန်နေ့က မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေအခက်အခဲကြုံတွေ့နေရသော လက်သန်းချီကျေးရွာ (ဟောင်း) သို့ သွားရောက်ကာ သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းပေးသည်။ **(ယာပုံ)**

ထိုသို့ဖြန့်ဝေဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းရန်နိုင်သူ ဦးဆောင်ကာ တာဝန်ရှိဝန်ထမ်းများက သောက်သုံးရေများ အခက်အခဲကြုံတွေ့နေရသည့် မြောက်ဦးမြို့နယ်၊ လက်သန်းချီကျေးရွာ(ဟောင်း)၊ အိမ်ခြေ ၈၀ လူဦးရေ ၄၂၀ တို့အတွက် သောက်သုံးရေ ဂါလန် ၁၅၀၀ ကို ဖြန့်ဝေလှူဒါန်းပေးသည်။

အလားတူ ရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာများရှိပါကလည်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း- ၀၉၄၄၄၄၄၁၂၁၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **တင်ထွန်းဦး(ပြန်/ဆက်)**

# ဇောခိတထောင် ဆင်ထိန်းသိမ်းရေးစခန်းသို့ ဆင်စာများ လှူဒါန်း

**မုံရွာ မေ ၁၀**

မုံရွာမြို့ ခတ္တာကန်တောင်ကျေးရွာ ဇောခိတထောင်ဆင်ထိန်းသိမ်းရေးစခန်းရှိ ဆင်များအတွက် မုံရွာမြို့ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ မေ ၉ ရက် နံနက်ပိုင်းက ဆင်စာများကို လာရောက်လှူဒါန်းခဲ့ကြောင်း ဆင်ထိန်းသိမ်းရေးစခန်းတာဝန်ခံ မုံရွာသစ်ထုတ်ရေးဒေသ လက်ထောက်မန်နေဂျာ ဦးသက်ဆွေအောင်ထံမှ သိရသည်။

ဇောခိတထောင်ဆင်ထိန်းသိမ်းရေးစခန်းသို့ မုံရွာမြို့ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ ဆန်တစ်တင်းခွဲဝင်အိတ် ၁၀ အိတ်၊ ပြောင်းဖူး ၃၀၀၊ ငှက်ပျောဖီး ၅၀ တို့ကို ယနေ့နံနက်ပိုင်းတွင် လှူဒါန်းခဲ့သည်။

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရန်အတွက် ဇောခိတထောင်ဆင်စခန်းကို မတ် ၂၅ ရက်မှ စတင်ပြီး အများပြည်သူများ ဝင်ရောက်လည်ပတ်ခွင့် ပိတ်ထားရာ ယင်းကာလအတွင်း ၎င်းဆင်စခန်းရှိ ဆင်များ အစားအစာပြတ်လက်မှုမရှိစေရန် မုံရွာမြို့ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုး၁၁**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မေ ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိသူ နှစ်ဦး တွေ့ရှိသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၀ ရှိလာ

နေပြည်တော်  မေ  ၁၀

မေ ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၀ အထိရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၇ နာရီ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ နှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦးနှင့် မရမ်းကုန်းမြို့နယ်မှ တစ်ဦးတို့ဖြစ်ပြီး အမျိုးသား တစ်ဦးနှင့် မိန်းကလေး တစ်ဦးတို့ဖြစ်ကာ အသက် ၂၁ နှစ်အရွယ်ရှိသူများ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၈၀ အနက် သေဆုံးသူ ခြောက်ဦး၊ ရောဂါမှ ပျောက်ကင်းသက်သာလာသူ ၇၂ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၅၅ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၅၀၆ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၈၃၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၅၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၀-၅-၂၀၂၀ ရက်၊ ည (၁၁)နာရီ

## ၁၀-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၄၉၅၃၈ | ၂၃၈၀၈၁ | ၈၀၀၉၈ |
| ၂။ | စပိန် | ၂၆၄၆၆၃ | ၁၇၆၄၃၉ | ၂၆၆၂၁ |
| ၃။ | အီတလီ | ၂၁၈၂၆၈ | ၁၀၃၀၃၁ | ၃၀၃၉၅ |
| ၄။ | ဗြိတိန် | ၂၁၅၂၆၀ | စိစစ်ဆဲ | ၃၁၅၈၇ |
| ၅။ | ရုရှား | ၂၀၉၆၈၈ | ၃၄၃၀၆ | ၁၉၁၅ |
| ၆။ | ပြင်သစ် | ၁၇၆၆၅၈ | ၅၆၀၃၈ | ၂၆၃၁၀ |
| ၇။ | ဂျာမနီ | ၁၇၁၃၂၄ | ၁၄၄၄၀၀ | ၇၅၄၉ |
| ၈။ | ဘရာဇီး | ၁၅၆၀၆၁ | ၆၁၆၈၅ | ၁၀၆၅၆ |
| ၉။ | တူရကီ | ၁၃၇၁၁၅ | ၈၉၄၈၀ | ၃၇၃၉ |
| ၁၀။ | အီရန် | ၁၀၇၆၀၃ | ၈၆၁၄၃ | ၆၆၄၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၃၃၃၆ | ၂၂၉၆ | ၂၀ |
| အင်ဒိုနီးရှား | ၁၄၀၃၂ | ၂၆၉၈ | ၉၇၃ |
| ဖိလစ်ပိုင် | ၁၀၇၉၄ | ၁၉၂၄ | ၇၁၉ |
| မလေးရှား | ၆၆၅၆ | ၅၀၂၅ | ၁၀၈ |
| ထိုင်း | ၃၀၀၉ | ၂၇၉၄ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၄၁ | ၀ |
| မြန်မာ | ၁၈၀ | ၇၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## မင်းပြားမြို့၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးအတွက် ငွေကျပ်သိန်း ၁၅၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

မြောက်ဦး  မေ  ၁၀

မင်းပြားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရန်အတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြု အရပ်ဘက်အဖွဲ့မှ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို မေ ၈ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်က အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ အထောက်အကူပြု အရပ်ဘက်အဖွဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသခင်ချိုက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မင်းပြားမြို့ပေါ်ရှိ စေတနာ အလှူရှင်များက ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း မိမိတို့စေတနာအလျောက် လှူဒါန်းသည့် ငွေကျပ် ၁၅၆၀၅၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် Patient Monitor (၂)လုံး၊ Oxygen Machine ငါးလုံး၊ ရောဂါကာကွယ်ရေးဝတ်စုံ အထည် ၁၀၀၊ လက်သန့်ဆေးရည် ၅ မီလီမီတာပါ အလုံး ၅၀၀၀၊ နှာခေါင်းစည်း ၅၃၀၀ နှင့် ကျန်းမာရေးအသိပညာပေး ဗွီနိုင်းပိုစတာကားချပ်တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှအောင်ညွှန့်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းထွန်းတို့က လက်ခံရယူပြီး တာဝန်ရှိသူများက အလှူရှင်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

# ပူပြင်းခြောက်သွေ့သောရာသီတွင် ရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းများ ကမ္ဘောဇဘဏ် တူးဖော်လှူဒါန်း

**ရန်ကုန် မေ ၁၀**

ကမ္ဘောဇဘဏ်သည် ပူပြင်းခြောက်သွေ့သော ရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများ ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာ၌ မေ ၉ ရက်တွင် စက်ရေတွင်း တူးဖော်အောင်မြင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါစက်ရေတွင်းကို ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ်(၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် ဧပြီ ၂၈ ရက်တွင် စတင်တူးဖော်ခဲ့ပြီး အနက်ပေ ၇၄၀ တွင် တစ်နာရီဂါလန် ၃၀၀၀ ဖြင့် ရေအောင်ခဲ့ခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၉၀၀ ကျော် နေထိုင်ကြပြီး ယခုစက်ရေတွင်း ရေအောင်မှုကြောင့် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။ ယခုစက်ရေတွင်းသည် ကမ္ဘောဇဘဏ်က နိုင်ငံတစ်ဝန်းတွင် ပြည်သူများအတွက် တူးဖော်လှူဒါန်းလျက်ရှိသော တွင်းများအနက် ၂၇၂ တွင်းမြောက် ဖြစ်သည်။

ထို့အတူ ဧပြီလအတွင်း ချင်းပြည်နယ် ဟားခါးမြို့တွင် စက်ရေတွင်းပေါင်း သုံးတွင်းကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်တွင်လည်းကောင်း အသီးသီး အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့သည်။ ယခုအခါ ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် ဆက်လက်တူးဖော်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆက်လက်တူးဖော်မည် ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို သယ်ယူလှူဒါန်းခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေး ပစ္စည်း ခြောက်မျိုးကို လှူဒါန်းလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ် အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာများ၌ နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀၀ ကို လှူဒါန်းလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၉ ၁၄ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုကျော်**



# မြိတ်မြို့နယ်၌ ရော်ဘာခြံပိုင်ရှင်များနှင့် အစေးခြစ်လုပ်သားများ အခက်အခဲတွေ့နေ

**မြိတ် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရန် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားသည့်အတွက် ညဘက်တွင် အစေးခြစ်လုပ်ကိုင်နေကြသည့် ရော်ဘာခြံရှင်များနှင့် လုပ်သားများ အခက်တွေ့နေရကြောင်း ရော်ဘာအစေးခြစ်လုပ်သားများထံမှ သိရသည်။

"ကျွန်မတို့မိသားစုက ဒီရော်ဘာခြံကိုပဲ အဓိကထား အားကိုးနေရတယ်။ ရော်ဘာခြစ်တာကလည်း ညသန်းခေါင်ကျော် အအေးပိုတဲ့အချိန်မှာ ခြစ်မှ အစေးက ပိုထွက်ပါတယ်။ အခု မိုးလင်းမှ သွားခြစ်နေရတော့ အရင်ကထက် အစေး အထွက်နှုန်း လျော့သွားပါတယ်။ အခုဈေးနှုန်းကလည်း မကောင်းတော့ ပိုခက်ခဲ ပါတယ်" ဟု ရော်ဘာခြံပိုင်ရှင် ဒေါ်ခင်အေးရီက ပြောသည်။

အဆိုပါ ရော်ဘာလုပ်ကိုင်နေသူအများစုသည် ယခင်က ညသန်းခေါင်ကျော် နံနက် ၁ နာရီ၊ ၂ နာရီ အစေးခြစ်သည့်အချိန်ထက် ယခု နံနက် ၄ နာရီနောက်ပိုင်း အစေးခြစ်သည့်အချိန်သည် အစေးထွက်နှုန်းမှာ ထက်ဝက်ခန့် လျော့ကျသွားသည့်အပြင် ရော်ဘာဈေးနှုန်းများမှာလည်း ယခင်နှစ်ထက် ထက်ဝက်ခန့် ကျဆင်းလာသောကြောင့် ရော်ဘာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ စားဝတ်နေရေး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ရော်ဘာလုပ်သားများထံမှ သိရသည်။

လက်ရှိရော်ဘာဈေးနှုန်းကျဆင်းနေချိန် ၁၀ ရက်အတွက် အစေးခြစ် လျှော်ရောင်းရငွေကျပ် တစ်သိန်းခွဲရနေသူမှာ ယခု ငွေကျပ် ရှစ်သောင်းခန့်သာ ရနေကြောင်း သိရသည်။

"အခု ရော်ဘာဈေးက သိသိသာသာ ထိုးကျနေတယ်။ ပုံမှန်ဈေးနဲ့စာရင် တစ်ဝက်နီးပါး ကျနေတယ်။ ဒီအလုပ်တစ်ခုတည်းကိုပဲ အမှီပြုနေတဲ့သူတွေအတွက်တော့ ဘယ်လိုမှအဆင်မပြေဘူး။ ခြံပိုင်တဲ့သူတွေတောင် အဆင်မပြေဘူးဆိုတော့ အခကြေးနဲ့ လုပ်တဲ့သူတွေဆို ပိုဆိုးတာပေါ့"ဟု ရော်ဘာခြံပိုင်ရှင် ဦးသိန်းနိုင်က ပြောသည်။

မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရော်ဘာလုပ်ကိုင်သူများသည် ရော်ဘာအပြား၊ အစေးရည်နှင့် ဆွဲဖက်(ခွက်ကပ်) အမျိုးမျိုး ထုတ်လုပ်ရောင်းချကြပြီး မြိတ်ရော်ဘာပေါက်ဈေးမှာ ရော်ဘာအဖွင့်၌ ရော်ဘာမှိုင်းခံအဆင့်(၃) တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀ နှင့် အစေးရည်(DRC100ရာခိုင်နှုန်း)တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိ ဈေးရခဲ့ပြီး ဆွဲဖက်၊ (ခွက်ကပ်)တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ခန့် ရရှိခဲ့သော်လည်း ယခု ရော်ဘာဈေးနှုန်းမှာ ရော်ဘာမှိုင်းခံအဆင့် (၃)တစ်ပိဿာနှင့် အစေးရည် (DRC 100 ရာခိုင်နှုန်း) တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျပ်နှင့် ဆွဲဖက်(ခွက်ကပ်)တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ အထိ ဈေးနှုန်းထိုးကျခဲ့ကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသည့် ချယ်ရီရေယာဉ်များ ကိုယ်ထည်ကြံ့ခိုင်ရေး ထိန်းသိမ်းပြုပြင်ရန် ဒေါက်ကျင်းတင်ဆောင်ရွက်

**ရန်ကုန် မေ ၁၀**

ဒလဆိပ်ကမ်းကို အတည်ပြု၍ ရန်ကုန်ဘက် ပန်းဆိုးတန်းဆိပ်ကမ်းနှင့် နေ့စဉ်သတ်မှတ်ချိန် သတ်မှတ်ခေါက်ရေအလိုက် ပုံမှန်ပြေးဆွဲနေသည့် ခရီးသည်တင် ချယ်ရီရေယာဉ်သုံးစင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်ကမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒဂုံ-သဘော်ကျင်း၌ ရေယာဉ်ကိုယ်ထည် ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အလှည့်ကျ ဒေါက်ကျင်းတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြုပြင်ဆောင်ရွက်ပြီး ပြန်လည်ပြေးဆွဲနေသည့် ချယ်ရီ(၂) ရေယာဉ်ကို တွေ့ရစဉ်။

ချယ်ရီရေယာဉ်များသည် ဒဂုံသဘော်ကျင်းသို့သွားရန် သန်လျင်တံတားနှင့် မလွတ်ကင်းသည့် ရေယာဉ်အပေါ်ဆုံးထပ် ရေယာဉ်မှူးအခန်း၏ အမိုးပေါ်ရှိ အချက်ပြမီးနှင့် အလံတိုင်ကိုဖြုတ်ပြီးမှ ခုတ်မောင်းဖြတ်သန်းရသဖြင့် ချယ်ရီ(၃) ရေယာဉ်သည် မေ ၈ ရက်က အဆိုပါအလံတိုင်အား ဖြုတ်ပြီး မေ ၉ ရက်တွင် ဒဂုံသဘော်ကျင်းသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ ချယ်ရီ (၂) ရေယာဉ်ကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အတွင်း ကိုယ်ထည်ထိန်းသိမ်း ပြုပြင်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်က စတင်၍ ပြန်လည် ပြေးဆွဲနေပြီဖြစ်ကြောင်းနှင့် ချယ်ရီ(၁) ရေယာဉ်ကိုလည်း မတ်လကုန်ခါနီးမှ ဧပြီ ၂၁ ရက်အတွင်း ပြုပြင်ဆောင်ရွက်ထားခဲ့ကြောင်း ရေယာဉ်မှူးများထံမှ သိရသည်။

"ကျွန်တော်တို့ ရေယာဉ်တွေကို ဒေါက်ကျင်းတင်ကာ ရေယာဉ်ကိုယ်ထည် အတွင်းအပြင်တွေမှာ သံချေးထုခြစ် သန့်ရှင်းခြင်း၊ ဆေးသုတ်ခြင်း၊ အချိုင့်အဖုတွေကို မျက်နှာပြင်ညီအောင် ပြုပြင်ခြင်း၊ ထိုင်ခုံတန်း၊ မျက်နှာကြက်၊ ကြမ်းခင်းနဲ့ လက်ရန်းတို့ကို ခိုင်မာအောင် ပြုပြင်ပြီး ဆေးသုတ်ခြင်း စတဲ့ ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ခဲ့ရပါတယ်" ဟု ချယ်ရီ(၁) ရေယာဉ်ဝန်ထမ်းတစ်ဦးက ပြောသည်။

ရေယာဉ်များသည် နှစ်စဉ်လိုင်စင် သက်တမ်းတိုးရသဖြင့် ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန် ရေယာဉ်ကိုယ်ထည် ခိုင်ခံ့မှုရှိရမည့်အပြင် လိုင်စင်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ထားရှိကြောင်း သိရသည်။

ယခင်က ဒလနှင့် ပန်းဆိုးတန်း ကူး ခရီးသွားများကို ထီးလှိုင်ရှင်၊ အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီး စသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ဇက်ရေယာဉ်လေးစင်းဖြင့် အလှည့်ကျ ပြေးဆွဲပေးခဲ့ပြီး ၂၀၁၄ ခုနှစ်က ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖြစ် ဂျပန်နိုင်ငံက ဒလဆိပ်ကမ်းနှင့် ချယ်ရီ (၁)၊ (၂)၊ (၃) စသည့် ရေယာဉ်သုံးစင်းကို အသစ်တည်ဆောက်၍ လှူဒါန်းထားခဲ့ခြင်းဖြစ်ကာ ယခုအခါ အဆိုပါ ရေယာဉ်များဖြင့် ခရီးသွားများ စိတ်အေးချမ်းမြေ့သာယာစွာ သွားလာလျက်ရှိသည်။

**သန်းဌေး(ဒလ)**

**ဓာတ်ပုံ-စန်းဝဋ္ဌာ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် မြို့နယ်အချို့တွင် လေပြင်းတိုက်မှုများဖြစ်ပွား၍ ထောက်ပံ့ကူညီနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

ယခုအချိန်ကာလသည် မြန်မာနိုင်ငံတစ်ဝန်း လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်သည့် ရာသီကာလတစ်ခုဖြစ်ပြီး ယခုနှစ်တွင်လည်း ဧပြီလဆန်းခန့်မှစ၍ လေပြင်းတိုက်မှုများ စတင်ဖြစ်ပွားလျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်မှုကြောင့် ရမည်းသင်းမြို့နယ်၌ အိမ်ခြေ ၁၀၀ ကျော်ခန့်၊ ပျော်ဘွယ်မြို့နယ်၌ အိမ်ခြေ ၅၀ ကျော်ခန့် အမိုးအကာလန်ပျက်စီးခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ဓာတ်တိုင်များ လဲပြိုခြင်းတို့ရှိခဲ့ကြောင်း၊ အလားတူ ရှမ်းပြည်နယ်အတွင်း နမ့်စန်၊ လင်းခေး၊ ဆီဆိုင်၊ မိုင်းဆတ်မြို့နယ်များ၌ စုစုပေါင်း အိမ်ခြေ ၁၀၀ ကျော်ခန့် ပျက်စီးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။ **(ယာပုံ)**

သို့ပါ၍ သက်ဆိုင်ရာဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများအနေဖြင့် ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ဒေသရှိဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ဧပြီ ၉ ရက်မှ မေ ၉ ရက်အထိ လေပြင်းတိုက်မှုများကြောင့် နေအိမ် ၄၀၇ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၆၆၂၅ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၃၅ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေး ပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၃၃၅ ဒသမ ၇ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြု နေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ဆီဆိုင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ဂိုဒေါင်တစ်လုံးနှင့် လူနေအိမ် ၁၂ လုံး အမိုးလန်ပျက်စီး

**ဆီဆိုင် မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စုနှင့် ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းတွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ဂိုဒေါင်တစ်လုံးနှင့် လူနေအိမ် ၁၂ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားသည်။ **(ဓာတ်ပုံ)**

## ဝိုင်းဝန်းပြုပြင်

မိုးသက်လေပြင်းတိုက်မှုကြောင့် ပင်စုံကျေးရွာအုပ်စုအတွင်းရှိ ပင်စုံ(တောင်)ကျေးရွာတွင် လူနေအိမ်နှစ်လုံးနှင့် ထီလျော့ကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းရှိ ပင်စုံ(မြောက်) ကျေးရွာတွင် လူနေအိမ် ခုနစ်လုံးနှင့် ကန့်တန်ကျေးရွာတွင် ဂိုဒေါင်တစ်လုံးတို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များကို ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ရမည်းသင်းမြို့၌ လေပြင်းတိုက်၍ ဓာတ်တိုင်များပြိုလဲ

**ရမည်းသင်း မေ ၁၀**

ရမည်းသင်းမြို့၌ မေ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လေပြင်းတိုက်မှုကြောင့် ရန်ကုန်-မန္တလေးလမ်း သစ္စာလမ်းထောင့်တွင် လျှပ်စစ် ၁၁ ကေဗွီ ဓာတ်တိုင် ၁၂ တိုင် ပြိုလဲရာ နေရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအုန်းသန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဦးဇော်မင်းဟန်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် မြို့မိမြို့ဖများ ရောက်ရှိလာပြီး လျှပ်စစ်မီး အမြန်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

မီးသတ်တပ်ဖွဲ့ဝင်များ၊ လေ့ကျင့်ရေး(၃) တပ်ဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ ရမည်းသင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ စုပေါင်း၍ လျှပ်စစ်မီးအမြန်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လေပြင်းတိုက်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းနှင့် အဆောက်အအုံများ ပျက်စီးခြင်းမရှိကြောင်း၊ လျှပ်စစ်မီး ခန့်မှန်း ၂၄ နာရီအတွင်း ပြန်လည်ရရှိရန် ကြိုးစားဆောင်ရွက်နေကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ဆိပ်ဖြူမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်း အမိုးလန်ပျက်စီး



**ဆိပ်ဖြူ မေ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လေပြင်းတိုက်မှုကြောင့် ကျားဘေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ သရဖီကျောင်းဆောင် အမိုးလန်ပျက်စီးခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါ လေပြင်းတိုက်မှုကြောင့် ကျားဘေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ သရဖီကျောင်းဆောင် တစ်ဆောင်မှ အမိုးသွပ်များလန်ခြင်း၊ မြားတန်း အချောင်း ၃၀ ပျက်စီးခဲ့ကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် ယနေ့ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ချင်းနစ်ကျေးရွာအုပ်စု ကန်တွင်းကျေးရွာတွင် လူနေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးမှု ဖြစ်ပွားစဉ်။

ချင်ကလေး(NRDC)

# ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းပေါင်း ၃၀၇ ကျော်ကို ဆွမ်းဆန်စိမ်းများ လှူဒါန်း

**ဖျာပုံ မေ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများ၌ ဆရာတော်၊ သံဃာတော်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆွမ်းအဆင်ပြေစေရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် ဆွမ်းဆန်စိမ်းများ ကပ်လှူခြင်းကို မေ ၉ ရက် နံနက်က ပြုလုပ်သည်။

ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်စိမ်းများကို ကျောင်းအရောက် ဆက်ကပ်လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များကိုယ်တိုင် ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၀၂ ကျောင်းနှင့် သီလရှင်ကျောင်း ငါးကျောင်း အပါအဝင် စုစုပေါင်း ၃၀၇ ကျောင်းသို့ သွားရောက်၍ တစ်ကျောင်းလျှင် ဆွမ်းဆန်စိမ်း တစ်အိတ်နှုန်းဖြင့် လှူဒါန်းပေးသည်။ **(ယာပုံ)**

ဖျာပုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း ၃၀၇ ကျောင်းကို ဆွမ်းဆန်စိမ်း လှူဒါန်းခြင်းတွင် ဖျာပုံမြို့နေ ဦးလံဘား-ဒေါ်အာရှား သား ဦးအောင်ခိုင်ဝင်းမိသားစုက ဆန်အိတ် ၁၀၀ ၊ ဦးကျော်ထွန်း (ရွှေလဝင်းဆန်စက်)မိသားစုက ဆန်အိတ် ၂၀ ၊ ဦးမင်းမင်း (ဧရာဝတီသားဟော့ဆောက်လုပ်ရေး) မိသားစုက ဆန်အိတ် ၂၀ ၊ ဦးအောင်တိုး (သိန်းသန်းဖြိုး )မိသားစုက ဆန် ၁၀ အိတ်၊ သုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်၊ သား ဦးဝေမြင့်(ရေလုပ်ငန်းရှင်) မိသားစုက ဆန် ၁၀ အိတ်၊ ဆန်စက်ဆန်ကုန်သည်များအသင်းက ဆန်အိတ် ၄၀ ၊ ကိုစိုးမင်းထွန်း (မူဝံရေလုပ်ငန်း) မိသားစုက ဆန် ၁၀ အိတ်၊ ဦးဆန်းရှူ (ဝင်းကျော်အောင်) မိသားစုက ဆန် ၁၀ အိတ်၊ ဦးအောင်မိုး(မင်းကျော်ဦး) မိသားစုက ဆန် ၁၀ အိတ်၊ ဦးသန်းနိုင်(ဖြိုး)မိသားစုမှ ဆန် ၁၀ အိတ် ထည့်ဝင်လှူဒါန်းထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် မေ ၁၀**
မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများကို ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ဇွန်လနောက်ဆုံးပတ် သို့မဟုတ် ဇူလိုင်လဆန်းပိုင်းတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့နိုင်ငံ အားလုံးနီးပါးတွင် ဘောလုံးပြိုင်ပွဲများ ကျင်းပမှု ရပ်နားခဲ့ရသော်လည်း ပြီးခဲ့သည့် ရက်ပိုင်းမှစတင်ကာ နိုင်ငံအချို့တွင် လိဂ်ပြိုင်ပွဲများ ပြန်လည်ကျင်းပလာပြီး မြန်မာနေရှင်နယ်လိဂ် ကော်မတီအနေဖြင့်လည်း ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ပြိုင်ပွဲကျင်းပနိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်၍ အခြားနိုင်ငံများ၏ လိဂ်ပြိုင်ပွဲများ ပြန်လည်စတင်သည့် အခြေအနေ၊ ကျန်းမာရေးစစ်ဆေးမှု၊ ရောဂါဖြစ်ပွားမှုမဖြစ်စေရန် ကြိုတင်ကာကွယ်မည့် အစီအစဉ်များ စတင်ပြုလုပ်နေပြီဖြစ်ကာ ကလပ်အသင်းများနှင့် ညှိနှိုင်းပြီးပါက မြန်မာနေရှင် နယ်လိဂ်ကော်မတီထံ တင်ပြမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြိုင်ပွဲစတင်နိုင်သည့် အနေအထားရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြရမည်ဖြစ်ရာ ခွင့်ပြုချက်ရရှိမှသာ ကျင်းပနိုင်မည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ကလပ်အသင်းများနှင့် ဆွေးနွေးပါက ပွဲစဉ်များပြောင်းလဲမှု၊ ကစားမည့် ကွင်းအခြေအနေ၊ စီနီယာလိဂ်အပါအဝင် လူငယ်လိဂ်ပြိုင်ပွဲများအတွက် ပြင်ဆင်ထားမှု၊ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များအတွက်ပါ ဆွေးနွေးသွားမည်ဖြစ်သည်။


ထို့ပြင် ကလပ်အသင်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်းကို အထူးကြပ်မတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က အတည်ပြုပြောကြားခဲ့သည်။

MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများကို မတ် ၂၄ ရက်မှစ၍ ရပ်နားထားပြီး ရက်ပေါင်း ၅၀ နီးပါး ရှိလာပြီဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL-2 စီနီယာလိဂ်ပြိုင်ပွဲ၊ MNL ယူ-၂၁ ပြိုင်ပွဲ နှင့် MNL ယူ-၁၉ ပြိုင်ပွဲတို့ ကျင်းပလျက်ရှိသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၂၀ ရာသီ MNL ပွဲစဉ်တစ်ခုကိုတွေ့ရစဉ်။



## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၅ -၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့)
- ၉:၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉:၄၅ - “ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ”
- ၁၀:၃၀ - မွေးမြူရေးရာအဖြာဖြာ “စံပြရေချိုပုစွန်မွေးမြူရေး”
- ၁၁:၃၅ - “စိန်ခေါ်မှုများကြားမှ လှုဒါန်းမှုများနဲ့ ပရဟိတလုပ်ငန်းများ”
- ၁၂:၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ” (အပိုင်း- ၂၈)
- ၁၄:၂၀ - ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
- ၁၅:၄၅ - “မေလ လပတ်မိုးလေဝသ အစီအစဉ် "

**ညပိုင်း**

- ၁၆:၃၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ(ပထမနှစ်) (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၁၇:၀၅ - This Week Special Intrest
- ၁၇:၂၀ - ကျန်းမာရေးမဂ္ဂဇင်း “ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်”(ပဒဲကောနှင့် ကျန်းမာရေး)
- ၁၇:၃၅ - Yes or No Talk Show
- ၁၈:၂၅ - ဥပဒေရေးရာအဖြာဖြာ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအမေးအဖြေ ကဏ္ဍ”(အပိုင်း- ၁) (ဦးဟန်ညွန့်(ဥပဒေ) (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ လှိုင်ဝင်းထွန်း၊ မြတ်နိုးခင်၊ မြင့်ကေသီချို၊ မောင်ထက်ကို ) (ဒါရိုက်တာ- ဝေဠု(ဝသန်))
- ၁၈:၄၀ - " ပြည်တော်ပြန်ခရီးနဲ့ နွေးထွေးတဲ့တိုင်းပြည် "
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်နတ်သမီးရဲ့ချစ်သူ” (အပိုင်း- ၁)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြန်ကြားရေးဝန်ကြီးဌာန)
- မြန်မာရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီအစဉ် “တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်သီချင်းများ”
- နိုင်ငံခြားဇာတ်လမ်းတွဲ “အိမ်ထောင်ရေးပညတ်ချက်များ” (အပိုင်း- ၇) တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## မံစီ၊ ဗန်းမောက်၊ ကျိုင်းတုံ၊ မူဆယ်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၆ နာရီခွဲက မံစီမြို့နယ် နန့်အူကြီးကျေးရွာနေ ဆန်းမင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၈ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၀၀၀၂ ကီလို တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၄ နာရီခွဲက ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လယ်ပဒုံးကျေးရွာနေ ဝင်းဗိုလ်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၃ ပြား၊ ဘိန်းစိမ်း ၁၀ ဒသမ ၅၈ ကီလိုတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ကန်ကျေးရွာအနီး ကျိုင်းတုံ-လွိုင်မွေ ကားလမ်းတွင် မနာထီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ခိုဝိန်းနယ်မြေနေ လော်ဝင်ခိုင်း(ခ)လော်ခိုင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၀၊ ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဒေါင့်တလောင်လမ်းခွဲအနီး လားရှိုး-နမ္မတူကားလမ်းတွင် ရွှေထွန်း(ခ) ပီအိုက် မောင်းနှင်ပြီး အိုက်ကျန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဖုန်းတစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာတွင် ဒသမ ၀၀၀၆ ကီလို၊ ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဝင်းဗိုလ် အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း ကားခိုးမှု နှစ်မှု ကျူးလွန်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ ဦးအောင်မျိုးဦး ပိုင် ပရိုဘောက် ယာဉ်ကို ဧပြီ ၂၅ ရက်က မန္တလေးမြို့သို့ အမျိုးသားတစ်ဦးက ငှားရမ်းသဖြင့် လိုက်ပို့ခဲ့ရာ ပလိပ်မြို့ Danko ဆီဆိုင်တွင် ညအိပ်ရပ်နားခဲ့စဉ် ကားငှားသူက ခိုးယူမောင်းနှင်သွားသဖြင့် ပလိပ်မြို့မရဲစခန်းတွင် အမှုရေးဖွင့်ထားရှိခဲ့သည်။

ထို့အပြင် သဃ်န်းကျွန်းမြို့နယ်နေ ကိုလှထွန်း (ခ) မော်ဂမန်၏ ပရိုဘောက် ယာဉ်ကို မေ ၃ ရက်က မန္တလေးမြို့သို့ အမျိုးသားတစ်ဦးက ငှားခဲ့ပြီး လိုက်လံပို့ဆောင်စဉ် အမရပူရမြို့နယ် ABC စတိုးဆိုင်၌ ရပ်နားပြီး ဈေးဝယ်နေစဉ် ကားငှားသူက ခိုးယူမောင်းနှင်သွားသဖြင့် မြစ်ငယ်နယ်မြေရဲစခန်းတွင် အမှုရေးဖွင့်ထားရှိခဲ့သည်။

အမှုအား အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ပြီး အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ နီးစပ်ရာ ရဲစခန်းများသို့လည်း ကားပျောက်ဆုံးမှု သတင်းကို ဖြန့်ဝေခဲ့ရာ မေ ၃ ရက်တွင် တာဝန်သိပြည်သူများက ပြစ်မှုကျူးလွန်သူဟု ယူဆရသူတစ်ဦးကို အမြန်လမ်းမကြီး ဘေးတွင် ပျောက်ဆုံးသွားသော မော်တော်ယာဉ်နှင့်အတူ မသင်္ကာဖွယ်ရာ တွေ့ရှိကြောင်း သတင်းပေးချက်အရ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ အောင်ဇော်လင်းဦး (၂၈ နှစ်) မြောင်းမြမြို့နေသူကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ရာ အထက်ပါအမှု နှစ်မှုမှ ကားနှစ်စီးကို ယာဉ်မောင်းသူများ အိပ်ပျော်နေစဉ်နှင့် ဈေးဝယ်နေစဉ် သော့တန်းလန်းထားခဲ့ရာမှ မောင်းယူထွက်ပြေးခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်း ကားနှစ်စီးကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ (ဓာတ်ပုံ)



ပြစ်မှုကျူးလွန်သူမှာ အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ ဆက်လက် ဖော်ထုတ်လျက်ရှိပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ရဲပြန်ကြား

## မန္တလေးမြို့ပေါ်တွင် ဆွဲကြိုးဖြတ်လုယက်မှု ၁၁ မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များအတွင်း ဆွဲကြိုးဖြတ် လုယက်မှု ၁၁ မှု ကျူးလွန်ခဲ့သူများကို မေ ၆ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၆ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ် (၃)ရပ်ကွက် အမှတ်(င-၆/၁၅၁) နေ မယဉ်ယဉ်အေးသည် ဆိုင်ကယ်ဖြင့် ဈေးဝယ်ပြီး နေအိမ်သို့ ပြန်လာစဉ် ဆိုင်ကယ်ဖြင့် လူနှစ်ဦးက လည်ပင်းမှ ဆွဲကြိုးကို ဆွဲဖြတ် လုယူခြင်းခံရသဖြင့် အမှတ်(၁၁)နယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။ တိုင်ကြားမှု သတင်းအရ လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ ဖမ်းဆီးရာ ၆၂ လမ်းနှင့် ခိုင်ရွှေဝါလမ်းတွင် ဆွဲကြိုးဖြတ်လုယက်သူ ချစ်စမ်းမောင်နှင့် ဖက်တီး (ခ) ကောင်းထက်ကျော်တို့ အား သက်သေခံပစ္စည်းနှင့်အတူ လက်ရဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ကွပ်ကဲမှုဖြင့် ဖမ်းဆီးရမိသူများအား မေးမြန်းစစ်ဆေးဖော်ထုတ်ခဲ့ရာ အလားတူ ဆွဲကြိုးဖြတ်လုယက်မှုကျူးလွန်သူ ဝင်းမင်းခန့် (ခ)ကိုခန့် (ခ) အကြီးကောင် (ခ) ကုလားလေး (၂၀ နှစ်) နှင့် ဇင်မင်းခန့် (ခ) အငယ်လေး (၁၈ နှစ်)တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ လေးဦးသည် ဆွဲကြိုးဖြတ်လုယက်မှုများကို ချမ်းအေးသာစံမြို့နယ်အတွင်း လေးကြိမ်၊ ချမ်းမြသာစည်မြို့နယ်အတွင်း ငါးကြိမ်၊ မဟာအောင်မြေမြို့နယ်အတွင်း နှစ်ကြိမ် စုစုပေါင်း ၁၁ ကြိမ် ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး သက်သေခံပစ္စည်းများကို သိမ်းဆည်း၍ သက်ဆိုင်ရာရဲစခန်းများမှ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သတင်းစဉ်

## ကော့မှူးမြို့နယ်၌ လူသတ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၀**

တရားလို ဦး...ဇနီးဖြစ်သူ ဒေါ်ခင်မြ (ခ) ဒေါ်ပေါက်သည် ဧပြီလတတိယပတ်အတွင်းက နေအိမ်တဲအနီး၌ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသောကြောင့် ၎င်း၏ဇနီးအား သေဆုံးအောင် ပြုလုပ်သူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ကော့မှူးမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အဆိုပါ အမှုအား တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ တရားလို ဦး. . . ၏ သမက်ဖြစ်သူ လင်းနိုင်ဝင်း(ခ)ဒိန်းဒေါင် ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းသည် လယ်တဲအနီးတွင် ဒေါ်ခင်မြ (ခ)ဒေါ်ပေါက် အား ဆောင့်တွန်းခဲ့ရာ မီးဖိုထားသည့်အုတ်ခဲပေါ်သို့ မှောက်လျက်လဲကျသွားခဲ့ကြောင်း၊ ထို့နောက် ပြန်ထလာပြီး ၎င်းအား ဆဲဆိုသဖြင့် တီဗွီအင်တင်နာအကျိုးဖြင့် ဒေါ်ခင်မြ(ခ) ဒေါ်ပေါက်၏ လည်ပင်းနှင့် ဝမ်းဗိုက်တို့ကို ထိုးခဲ့၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ လူသတ်မှုကျူးလွန်သူ လင်းနိုင်ဝင်း(ခ)ဒိန်းဒေါင် ကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## ဗန်းမောက်၌ ရွှေတွင်းယမ်းပေါက်ကွဲမှုကြောင့် အသက်ရှူကျပ်၍ တစ်ဦးသေဆုံး၊ ခုနစ်ဦး မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသ

**ဗန်းမောက် မေ ၁၀**

ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာ မန်ကျီးပင်လျှိုအနီး၌ ယမန်နေ့က တရားမဝင် ရွှေလုပ်ကွက်တွင် ယမ်းပေါက်ကွဲမှုကြောင့် အသက်ရှူကျပ်၍ တစ်ဦးသေဆုံးပြီး ခုနစ်ဦး မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသခဲ့ရကြောင်း ဗန်းမောက်မြို့မရဲစခန်းမှ သိရသည်။

ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာ မန်ကျီးပင်လျှို နေရာ၌ တရားမဝင်ရွှေတွင်း လုပ်ကိုင်နေသူ ဦးလှိုင်ကြီးပိုင် အနက်ပေ ၂၀၀ ခန့်၊ အကျယ် လေးပေခန့်ရှိ ရွှေတွင်းအနီးရှိ ဦးသားကြီး ပိုင် ရွှေတွင်းမှ မြေအောက် ငါးပေခန့်အကွာမှ ယမ်းဖောက်ခွဲမှုကြောင့် ရွှေတွင်းလုပ်သား ၁၇ ဦး အနက်မှ ရာဇာစိုးထက် ပါ ရှစ်ဦးမှာ အသက်ရှူကျပ်သဖြင့် ဗန်းမောက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူခဲ့သည်။ ထိုသို့ ကုသမှုခံယူနေစဉ် ရာဇာစိုးထက်(၁၈ နှစ်)မှာ သေဆုံးပြီး ကျန်ရှိလူနာ အောင်အောင် (၂၇ နှစ်)အပါအဝင် ခုနစ်ဦးတို့ကို မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတွင်းပိုင်ရှင် ဦးလှိုင်ကြီး၊ ဦးသားကြီးနှင့် ယမ်းဖောက်ခွဲပစ္စည်းများ ဦးစီးလုပ်ကိုင်သည့် သပိတ်ကျင်းမြို့နယ် ခြောက်မိုင်ကျေးရွာနေသူ သန့်ဇင်တို့အား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၀**

ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ ညောင်ဦးမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ တောင်တွင်းကြီးမြို့၊ ပေါက်မြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် ၂၀၀၀ ကျော်အထိမြင့်တက်

နယူးဒေလီ မေ ၁၀

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၂၈ ဦး ထပ်မံပေါ်ထွက်လာပြီးနောက်တွင် နိုင်ငံအတွင်း ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၁၀၉ ဦးအထိ ရှိလာကြောင်း အိန္ဒိယဖက်ဒရယ် ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၃၂၇၇ ဦးပေါ်ထွက်လာကြောင်းကိုလည်း မေ ၉ ရက်တွင် အတည်ပြုထားသည်။**

ပြီးခဲ့သည့် မေ ၉ ရက်နံနက်ပိုင်းက ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်မှာ ၅၉၆၆၂ ဦး ရှိလာခဲ့ပြီး သေဆုံးသူအရေအတွက်မှာ ၁၉၈၁ ဦးရှိခဲ့ရာမှ ယခု ထပ်မံမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များ၏ပြောပြချက်အရ မကြာသေးမီက ရောဂါ ကူးစက်ခံရသူများအနက် ကျန်းမာရေးအခြေအနေ ပြန်ကောင်းလာသည့်အတွက် ဆေးရုံမှဆင်းသွားသူ ၁၉၃၅၈ ဦးရှိကြောင်း သိရသည်။

အိန္ဒိယ တစ်နိုင်ငံလုံးကို ကပ်ရောဂါထိန်းချုပ်ရေးအတွက် ဗဟိုအစိုးရက ကြေညာခဲ့သည့် အဝင်အထွက် ကန့်သတ်ပိတ်ဆို့ထားမှုသည် မေ ၁၀ ရက်တွင် ၄၇ ရက်မြောက် ရှိလာပြီဖြစ်သည်။

မတ် ၂၅ ရက်တွင် ကြေညာခဲ့သည့် ကန့်သတ်ပိတ်ဆို့မှုကို ပြီးခဲ့သည့် ရက်သတ္တပတ်က ဒုတိယအကြိမ်အဖြစ် မေ ၁၇ ရက်အထိ အချိန်ထပ်တိုးထားကြောင်း သိရသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

## ပါလက်စတိုင်း၌ စစ်ရာဇဝတ်မှုကျူးလွန်သည်ဆိုသောစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးခြင်းမပြုရန် ဩစတြေးလျပြော

ကင်ဘာရာ မေ ၁၀

ပါလက်စတိုင်း၌ ဖြစ်ပွားနေသည့် စစ်ရာဇဝတ်မှုကျူးလွန်သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးက စုံစမ်းစစ်ဆေးမှုမလုပ်ဆောင်သင့်ကြောင်း ဩစတြေးလျအစိုးရက ပြောကြားလိုက်သည်။

အရပ်သားများအား တိုက်ခိုက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဆေးရုံများကို တိုက်ခိုက်နေမှုနှင့် လူများအား အကာအကွယ်ဒိုင်းသဖွယ် အသုံးချနေမှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များအပေါ် တရားရုံးမှ အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးနေမှုများကို ဩစတြေးလျအစိုးရက စောဒကတက်လိုက်ပြီး ပါလက်စတိုင်းသည် နိုင်ငံတစ်ခု မဟုတ်သည့်အတွက် တရားရေးဆိုင်ရာ အခင်းအကျင်း၌ ယင်းစွပ်စွဲချက်များနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးနေမှုများကို ရပ်တန့်သင့်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံးမှ အစိုးရရှေ့နေက ပါလက်စတိုင်းတွင် ဖြစ်ပျက်နေသည့် အခြေအနေများကို ကနဦးစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အရှေ့ဂျေရုဆလင်နှင့် ဂါဇာဒေသအပါအဝင် အနောက်ဘက်ကမ်းပါး၌ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များ၊ ဟားမားစ်အဖွဲ့နှင့် အခြားပါလက်စတိုင်းလက်နက်ကိုင်အုပ်စုများနှင့် အစ္စရေးအာဏာပိုင်များက စစ်ရာဇဝတ်မှုကျူးလွန်ခဲ့ဖွယ်ရှိသည့် ကျိုးကြောင်းဆီလျော်သော လက်တွေ့အခြေအနေတစ်ခုရှိကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ



ဂါဇာကမ်းခြေဒေသရှိ အဆောက်အအုံပျက်များကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ အချက်ပြစနစ် တပ်ဆင်ရန် ဗြိတိန်ဝန်ကြီးချုပ် ပြင်ဆင်

လန်ဒန် မေ ၁၀

ဗြိတိန်နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရှိမရှိ ခြေရာခံနိုင်မည့် ဗိုင်းရပ်စ်အချက်ပြစနစ်တစ်ခု တပ်ဆင်မှုကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်- အချက်ပြစနစ်က ကိုရိုနာဗိုင်းရပ်စ် အန္တရာယ် သတိပေးချက်အဆင့်ကို အဆင့်တစ်မှ ငါးအထိ သတ်မှတ်ဖော်ပြမည်ဖြစ်ကာ ဒေတာအရ ချိန်ညှိမှုလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်း၌ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုင်ငံအတွင်း အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ ဆောင်ရွက်ချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုးကြားသတိရှိမှုဖြင့် ဗိုင်းရပ်စ်ကို ထိန်းချုပ်ကာ လူ့အသက်ကယ်ဆယ်ကြပါစို့ဟူသော ကြွေးကြော်ဆောင်ပုဒ်သစ်တစ်ခုကို ထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

ဝန်ကြီးချုပ်အနေဖြင့် မတ် ၂၃ ရက်တွင် ပထမဆုံးကြေညာခဲ့သည့် ကပ်ရောဂါထိန်းချုပ်ရေး စည်းကမ်းလမ်းညွှန်ချက်များကို ပြောင်းလဲသတ်မှတ်မည့် နေ့ရက်များနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိကြောင်း သိရသည်။ အသစ်တပ်ဆင်မည့် ဗိုင်းရပ်စ် အချက်ပြသတိပေးစနစ်ကို ကိုယ်တိုင်အဆင့်မြှင့်တင်သွားရန် အစိုးရက အုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူ အဆင့်ဆင့်နှင့် အတူတကွ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ

## လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီကို ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးမှုရှိ

လစ်ဗျား မေ ၁၀

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီရှိ နိုင်ငံတကာလေဆိပ်၌ မေ ၉ ရက်က ဗုံးကြဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ခရီးသည်တင်လေယာဉ်များနှင့် ဂျက်လေယာဉ်လောင်စာတင်ယာဉ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

### ကသောင်းကနင်းအခြေအနေများ ဖြစ်ပေါ်

ထရီပိုလီရှိ လေဆိပ်ဗုံးကြဲတိုက်ခိုက်ခံရမှုတွင် အရပ်သားများ သေဆုံးခဲ့သည်ဟု သတင်းရရှိကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့သည်။ လစ်ဗျားနိုင်ငံတွင် နှစ်ရှည်လများ အာဏာစွဲကိုင်အုပ်ချုပ်ခဲ့သည့် အယ်လ်ကဒါဖီကို ဖြုတ်ချလိုက်သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ နိုင်ငံရေးဆိုင်ရာ ကသောင်းကနင်းအခြေအနေများ ဖြစ်ပေါ်ခဲ့သည်။

### တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား

နိုင်ငံအနောက်ပိုင်းရှိ ကြားဖြတ်အစိုးရကို သစ္စာခံသည့် တပ်ဖွဲ့များနှင့် နိုင်ငံအရှေ့ပိုင်းရှိ လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာ ဟက်ဖ်တာ ဦးဆောင်သည့် တပ်ဖွဲ့များအကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အီတလီသံအမတ်နေထိုင်ရာ အဆောက်အအုံနှင့် တူရကီသံရုံး အနီးတစ်ဝိုက်ဧရိယာအတွင်း၌ ဗုံးကြဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ကာလီဖာ ဟက်ဖ်တာ၏တပ်ဖွဲ့များက လုပ်ဆောင်ခဲ့ဖွယ်ရှိသည့် ရက်စက်သော တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာနေမှုအပေါ် ရှုတ်ချကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။

### အရပ်သား ၁၅ ဦး ထက်မနည်းသေဆုံး

ယခုလအစပိုင်းမှာပင် တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၅ ဦး ထက်မနည်း သေဆုံးပြီး လူ ၅၀ ထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၈၄ ဦးထပ်မံပေါ်ထွက်လာ

မနီလာ မေ ၁၀

ဖိလစ်ပိုင်နိုင်ငံ၌ မေ ၁၀ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ၁၈၄ ဦး ထပ်မံပေါ်ထွက်ခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၁၀၇၉၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကူးစက်ခံရပြီးနောက် ၈၂ ဦး နေပြန်ကောင်းလာပြီးနောက်တွင် ကျန်းမာရေးပြန်ကောင်းလာသူစုစုပေါင်း ၁၉၂၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ဆက်နွှယ်သည့် နောက်ဆက်တွဲ လက္ခဏာများကြောင့် သေဆုံးသူ ၁၅ ဦးထပ်မံပေါ်ထွက်ခဲ့ပြီး တစ်နိုင်ငံလုံးသေဆုံးသူအရေအတွက်မှာ ၇၁၉ ဦးအထိရှိပြီဖြစ်ကြောင်း သိရသည်။

မက်ထရိုမနီလာ၌ ရောဂါကူးစက်ခံရသူ ၇၇ ဦးရှိပြီး ဖိလစ်ပိုင်အလယ်ပိုင်း ဗီဆာရက်ဒေသတွင် ၇၅ ဦးရှိကာ နိုင်ငံအတွင်းရှိ အခြားဒေသများတွင် ၃၂ ဦးအထိ ရောဂါကူးစက်ခံရမှုရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

# ပါကစ္စတန်တွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပေးပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်

**အစ္စလာမ္မာဘတ် မေ ၁၀**

ပါကစ္စတန်အစိုးရသည် ကိုဗစ် -၁၉ ကူးစက်ခံရမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်း ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့ရာ ယခုအခါ ယင်းကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်ပြီဟု သိရသည်။

မေ ၉ ရက်မှစတင်ကာ ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး စတိုးဆိုင်ငယ်များ၊ ကုမ္ပဏီများပြန်ဖွင့်ခွင့်ပေးပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခွင့် ပေးလိုက်ပြီဖြစ်သည်။

ပြန်ဖွင့်သည့် လုပ်ငန်းရှင်များသည် လုပ်ငန်းခွင်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှု မပျံ့နှံ့စေရေး ကာကွယ်ရေးအတိုင်းအတာများ လုပ်ဆောင်ရမည်ဖြစ်သည်။

အစ္စလာမ္မာဘတ်မြို့ရှိ စတိုးဆိုင်များတွင်လည်း အရောင်းစာရေးများသည် နှာခေါင်းစည်းများဝတ်ဆင်ထားပြီး ဝင်ပေါက်တွင်လည်း ဝယ်သူများကို လက်ဆေးခိုင်းခြင်း၊ လူစုလူဝေး မဖြစ်စေရေးအတွက် ဆိုင်အတွင်းဝင်ရောက်လာသည့် လူအရေအတွက် ကန့်သတ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆိုင်ပြန်ဖွင့်ခွင့်ရသည့်အတွက် ဝမ်းသာမိကြောင်း ပြောကြားခဲ့သည်။ ဝယ်သူများနှင့် ဝန်ထမ်းများရောဂါကူးစက်မှု မဖြစ်ပွားစေရေး ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဆိုင်ရှင်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၇၀၀၀ ရှိပြီး ကူးစက်ခံရမှု ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

သို့သော်လည်း ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းထက် အလုပ်လက်မဲ့ဦးရေပိုတိုးလာသဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ရှိ အစိုးရဖွင့်လှစ်ထားသည့် စူပါမားကတ်တွင် ဝယ်ယူနေကြသူများကို တွေ့ရစဉ်။

# အီတလီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၀၀၀၀၀ ကျော်ရှိလာ

**ရောမ မေ ၁၀**

အီတလီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရရာမှ ပြန်လည်ကျန်းမာလာသူ အရေအတွက်သည် ၁၀၀၀၀၀ ကျော်လွန်သွားပြီဟု အီတလီနိုင်ငံပြည်သူ ကာကွယ်ရေးဌာန၏ မေ ၉ ရက်တွင် ထုတ်ပြန်ချက်များအရ သိရသည်။

မေ ၈ ရက်တွင် ပိုးကင်းစင်ပြီး ပြန်လည်ကျန်းမာလာသူ ၉၉၀၂၃ ဦးရှိပြီး နိုင်ငံတစ်ဝန်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၀၃၀၃၁ ဦးအထိ ရှိလာပြီဖြစ်သည်။

မေ ၈ ရက်တွင် ကူးစက်ခံရသူ ၃၁၁၉ ဦးလျော့ကျသွားသည့်အတွက် ယခင် ကူးစက်ခံရသူ ၈၇၉၆၁ ဦးမှ ယခုအခါ ၈၄၈၄၂ ဦးအထိ ရောက်ရှိသွားသည်။ ကိုဗစ် - ၁၉ ရောဂါပြင်းထန်၍ ဆေးရုံတက်နေရသူ ၁၃၈၃၄ ဦးရှိရာမှ ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူနာအရေအတွက်မှာ ၈၀၂ ဦးလျော့ကျသွားသည်ဟု သိရသည်။

အလားတူ အထူးကြပ်မတ်ကုသဆောင်ရှိ လူနာဦးရေမှာလည်း ကျဆင်းသွားသည်။ ကိုဗစ် -၁၉ကူးစက်ခံရသူ ၈၂ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာ မပြင်းထန်သည့်အတွက် နေအိမ်မှာတွင် သီးခြားခွဲနေထိုင်ရသည်။ မေ ၉ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၁၉၄ ဦးရှိပြီး ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ စုစုပေါင်းသေဆုံးသူ အရေအတွက်မှာ ၃၀၃၉၅ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**



မာဇဒါ ကားအရောင်းပြခန်းကို တွေ့ရစဉ်။

# မာဇဒါ ကားကုမ္ပဏီက ချေးငွေ ၂ ဒသမ ၈ ဘီလီယံဒေါ်လာ ရရှိရေး ဆွေးနွေးမှုများပြုလုပ်

**တိုကျို မေ ၁၀**

ကိုဗစ် -၁၉ ကြောင့် မော်တော်ကားဝယ်လိုအားများ ကျဆင်းနေသည့်အချိန်တွင် ဂျပန်မော်တော်ကားကုမ္ပဏီဖြစ်သည့် မာဇဒါကားကုမ္ပဏီသည် ချေးငွေ စုစုပေါင်း ၃၀၀ ဘီလီယံယန်း(အမေရိကန် ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ) ရရှိနိုင်ရေး ဘဏ်များနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

အစိုးရနှင့်ဖက်စပ်လုပ်ကိုင်သည့် ဂျပန် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် မာဇဒါမှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းလျက်ရှိကြသည်။

ထို့အပြင် အခြားသော ပုဂ္ဂလိကဘဏ်များဖြစ်သည့် ဆူမီတိုမိုမစ်ဆူဘဏ်နှင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု သိရသည်။

လွန်ခဲ့သည့်နှစ်မှ စတင်ကာ အမေရိကန်နှင့်အခြားသော နိုင်ငံများရှိ ကားဈေးကွက်တွင် အရောင်းကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ရာ မော်တော်ကားကုမ္ပဏီများ အရောင်းကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသည်။

ကိုဗစ် -၁၉ ပျံ့နှံ့မှုကြောင့် မတ်လမှ စတင်ကာ မာဇဒါကားကုမ္ပဏီသည် ဂျပန်နိုင်ငံအတွင်းနှင့် ပြင်ပနိုင်ငံများရှိ ကားထုတ်လုပ်မှုများကို ရပ်ဆိုင်းထားသည်။

မာဇဒါ ကားကုမ္ပဏီသည် လက်ရှိတွင် ဘဏ္ဍာရေးအကျပ်အတည်းများ မရှိသေးသော်လည်း ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ရိုက်ခတ်မှုများကို ဖြေရှင်းနိုင်ရေး လုံလောက်သည့် ရန်ပုံငွေများ ရရှိနိုင်ရေးအတွက် ယခုလိုချေးငွေရယူနိုင်ရေး ကြိုးပမ်းနေခြင်းဖြစ်သည်ဟု သိရသည်။

တိုယိုတာကုမ္ပဏီသည်လည်း တစ်ထရီလီယံယန်း ချေးငွေရရှိရေး ဂျပန်ဘဏ်များကို ပြောဆိုခဲ့သည်။ နစ်ဆန်းနှင့် မစ်ဆူဘီရှီကားကုမ္ပဏီတို့သည်လည်း ချေးငွေရရှိနိုင်ရေး ဘဏ်များနှင့် ဆွေးနွေးနေသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



အီတလီနိုင်ငံ ရောမမြို့အနီး ကမ်းခြေတစ်ခုတွင် အပန်းဖြေနေကြသူများကို မေ ၉ ရက်က တွေ့ရစဉ်။

# အမေရိကန်သမ္မတဟောင်း အိုဘားမားက လက်ရှိသမ္မတ ထရမ့်ကို ပြင်းပြင်းထန်ထန်ဝေဖန်

**ဝါရှင်တန် မေ ၁၀**

အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက လက်ရှိသမ္မတ ထရမ့်သည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဖရိုဖရဲဖြစ်သွားအောင် ကိုင်တွယ်ဖြေရှင်းနေသည်ဟု အစိုးရအဖွဲ့ဝင်ဟောင်းများနှင့် တွေ့ဆုံရာတွင် ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၇၈၄၀၀ ရှိပြီး ကူးစက်ခံရသူ ၁ ဒသမ ၃ သန်းခန့်ရှိလာပြီဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်ထားမှုများအရ သိရသည်။ အိုဘားမားအစိုးရအဖွဲ့ အဖွဲ့ဝင်ဟောင်းများနှင့် မေ ၈ ရက်က တွေ့ဆုံမှုပြုလုပ်စဉ် သမ္မတအိုဘားမားက ယခုလိုဝေဖန်ခဲ့ခြင်းဖြစ်သည်။

အိုဘားမားက ၎င်းကိုထောက်ခံသူများအနေဖြင့် ၎င်းသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဂျိုးဘိုင်ဒင်အား ထောက်ခံကြရန် ပြောကြားခဲ့သည်။

မစ္စတာဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် သမ္မတထရမ့်၏ ပြိုင်ဘက်အဖြစ် ပါဝင်လာမည်ဖြစ်သည်။

ကိုဗစ် -၁၉ ကာကွယ်ရေးနှင့်ပတ်သက်ပြီး သမ္မတထရမ့်က ပြန်လည်တုံ့ပြန်ရာ၌ တရုတ်နှင့်ဥရောပတို့သို့ ခရီးသွားလာခွင့်ကို ပိတ်ထားလိုက်ပြီး လူအချင်းချင်း ခပ်ခွာခွာနေကြရန် နည်းလမ်းများညွှန်ကြားခဲ့ကြောင်း၊ ထို့ကြောင့်လည်း လူ့အသက်ပေါင်းများစွာ ကိုကယ်တင်လိုက်နိုင်သည်ဟု ယခုသီတင်းပတ်အစောပိုင်းကာလက ပြောကြားခဲ့သည်။

**ပီတီအိုင်**

# ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ကုန်များ အမေရိကန် ဝယ်ယူမည်

**ဝါရှင်တန် မေ ၁၀**

အမှန်တကယ်လိုအပ်နေသည့်ပြည်သူများအား ဖြန့်ဝေပေးနိုင်ရေးတွက် အမေရိကန်သမ္မတ ထရမ့်အစိုးရအဖွဲ့သည် အမေရိကန်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူသွားမည်ဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။

နို့ထွက်ပစ္စည်း၊ အသားနှင့်အခြားသော စားသောက်ကုန်များ၊ မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဝယ်ယူသွားမည်ဟု ထရမ့်က တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။ အမေရိကန်တွင် ကိုဗစ် -၁၉ကြောင့် စားသောက်ဆိုင်များနှင့်ကျောင်းများပိတ်လိုက်ရသည့်နောက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူမှုမှာ ထိုးကျသွားခဲ့သည်။

ထို့ကြောင့် အချို့သော လယ်သမားများသည် ၎င်းတို့၏ သီးနှံထွက်ကုန်များကို ဖျက်ဆီးပစ်ခဲ့ကြသည်။ ထိုစဉ်အမေရိကန်တွင် အလုပ်နေရာများ ဆုံးရှုံးလာရသည့်အတွက် အသက်ရှင်ရပ်တည်နိုင်ရေး ရုန်းကန်နေရသည်။ အစောပိုင်းကာလကလည်း လယ်သမားများအတွက်သက်သာချောင်ချိရေး ဒေါ်လာ ၁၉ ဘီလီယံတန် သက်သာချောင်ချိရေးအစီအစဉ်ကို ကြေညာခဲ့သည်။

ယင်းအစီအစဉ်သည် အစားအသောက်ဘဏ်များအတွက် စိုက်ပျိုးရေးကုန်စည်များ ဝယ်ယူမှုလည်း ပါဝင်သည်။

သမ္မတထရမ့်အနေဖြင့် ယခုလိုပြုလုပ်ခြင်းမှာ လယ်သမားများထံမှ ထောက်ခံမှု ဆက်လက်ရရှိရေး ဆွဲဆောင်မှုတစ်ရပ်ဟု လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံ၏ကြွေးမြီ စံချိန်တင်အမြင့်ဆုံးဖြစ်လာ

**တိုကျို မေ ၁၀**

ဂျပန်နိုင်ငံ ကြွေးမြီသည် လေးနှစ်ဆက်တိုက်အတွင်း စံချိန်တင်အမြင့်ဆုံး ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ဂျပန်အစိုးရ၏ ကြွေးမြီသည် ပြီးခဲ့သည့် မတ်လကုန်တွင် ဂျပန်ယန်း ငွေ ၁၁၁၄ ဒသမ ၅၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၅ ထရီလီယံ ) တင်ခဲ့ကြောင်း ဖော်ပြသည်။ ယင်းပမာဏမှာ ယခင်နှစ်က ရှိခဲ့သည့်ကြွေးမြီပမာဏထက် ၁၀၄ ဒသမ ၈၅ ဘီလီယံ တိုးပွားလာခြင်းဖြစ်သည်။

**ထုတ်ပေး**

နိုင်ငံ့ကြွေးမြီမြင့်တက်လာရသည့် အကြောင်းရင်းမှာ ဆေးဝါးကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ကုန်ကျစရိတ်၊ ပင်စင်စရိတ်စသည့် သက်ကြီးရွယ်အိုများအတွက် ကုန်ကျစရိတ်များပြားလာမှုကို ကာမိစေရန် အစိုးရချေးငွေစာချုပ်များ ထုတ်ပေးရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲရိုက်ခတ်မှုကို ဖြေရှင်းရန် ယခုနှစ်အတွင်း အစိုးရချေးငွေစာချုပ်များ ပိုမိုထုတ်ပေးရန်စီစဉ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားသူ အရေအတွက် လေးသန်းကျော်အထိရောက်ရှိ

**ဝါရှင်တန် မေ ၁၀**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အတည်ပြုလူနာ အရေအတွက်သည် လေးသန်းကျော်အထိ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်း တက္ကသိုလ်မှ စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များအရ သိရသည်။

ရောဂါကူးစက်ခံရသည့် နိုင်ငံများအနက် အရေအတွက်အများဆုံးမှာ အမေရိကန်ဖြစ်ပြီး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်းမှာ ၁၃၀၅၁၉၉ ဦးရှိပြီး စပိန်နိုင်ငံက ၂၂၂၈၅၇ ဦးဖြင့် ဒုတိယအများဆုံးနေရာတွင် ရှိနေသည်။

အီတလီနိုင်ငံတွင် ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်းမှာ ၂၁၈၂၆၈ ဦး ရှိသည်။ ဗြိတိန်၌ ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၂၁၆၅၂၅ ဦးရှိပြီး ရုရှားနိုင်ငံတွင် ၁၉၈၆၇၆ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်မှုကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးရသူ အရေအတွက်မှာ ၂၇၆၈၁၅ ဦး ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ အပေါ် အာရုံစိုက်နေရချိန် အမေဇုန်သစ်တောပြုန်းတီးမှု အခြေအနေပိုဆိုးရွားလာ

*ကလျာမိုးမြင့်*

မကြာသေးခင်လများအတွင်း ကမ္ဘာ့နိုင်ငံတစ်ဝန်းက ပြည်သူတွေအားလုံးရဲ့ စိတ်အာရုံဟာ ကြောက်စရာကောင်းတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မှာ ရောက်ရှိနေကြတဲ့အတွက် သစ်တောပြုန်းတီးမှုဘက်ကို အာရုံမရောက်နိုင်ခဲ့ပါဘူး။ အမေဇုန်သစ်တောပြုန်းတီးမှုဟာ ယခုနှစ်မှာ ပိုမိုမြင့်တက်လာခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကဖြစ်ခဲ့တဲ့ သစ်တောပြုန်းတီးမှုစံချိန်ကို ချိုးနိုင်တော့မလား ဒါမှမဟုတ် ပိုဆိုးမလားဆိုတာ စိုးရိမ်ပူပန်စရာ ဖြစ်လာခဲ့ပါတယ်။



ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တောပြုန်းတီးမှုအခြေအနေကို တွေ့ရစဉ်။

**စံချိန်သစ်ရောက်ရှိ**

ယခုနှစ်ရဲ့ ပထမလေးလပတ်အတွင်းမှာ ဘရာဇီးနိုင်ငံရဲ့ အမေဇုန် မိုးသစ်တော ပြုန်းတီးမှုအခြေအနေဟာ စံချိန်သစ်တစ်ခုရောက်ရှိ မြင့်တက်ခဲ့ကြောင်း သစ်တောပြုန်းတီးမှုကို ဂြိုဟ်တုပုံရိပ်တွေကို အသုံးပြုပြီး အနီးကပ်စူးစမ်းလေ့လာမှုတွေ လုပ်ဆောင်နေတဲ့ ဘရာဇီးအမျိုးသား အာကာသသုတေသနအင်စတီကျူက ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလကနေ ဧပြီလအထိ ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောမှာရှိတဲ့ သစ်တောမြေဧကပေါင်း ၁၂၀၂ စတုရန်းကီလိုမီတာ (၄၆၄ စတုရန်းမိုင်) လောက်အထိ ပြုန်းတီးခဲ့ကြောင်း အဆိုပါအင်စတီကျူက တွေ့ရှိခဲ့ရပြီး အဲဒီဧရိယာဟာ မန်ဟက်တန်ရဲ့ အဆ ၂၀ ကျော်လောက် အကျယ်အဝန်းပမာဏရှိတယ်လို့သိရပါတယ်။ အဲဒီသစ်တော ပြုန်းတီးမှုပမာဏဟာ ပြီးခဲ့တဲ့နှစ် အဲဒီအချိန်က ဖြစ်ပွားခဲ့တဲ့ သစ်တောပြုန်းတီးမှုပမာဏထက် ၅၅ ရာခိုင်နှုန်း တိုးပွားလာခြင်းဖြစ်ပြီး လစဉ်ပုံမှန်မှတ်တမ်းယူမှုတွေ စတင်လုပ်ဆောင်ခဲ့တဲ့ ၂၀၁၅ ခုနှစ် ဩဂုတ်လကစပြီး ပထမလေးလပတ်အတွင်း အများဆုံး ပြုန်းတီးမှုပမာဏလည်း ဖြစ်ပါတယ်။

**မေးခွန်းတွေ ထွက်ပေါ်**

ဘရာဇီးနိုင်ငံရဲ့ သစ်တောပြုန်းတီးမှု အခုလိုတစ်ဟုန်ထိုး မြင့်တက်လာတဲ့အခါမှာ မကြုံစဖူးတဲ့ မေးခွန်းသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ သမ္မတဂျားလ်ဘော် ဆိုနာရိုလက်ထက်မှာ ဘရာဇီးနိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး မိုးသစ်တောကြီးထဲက ၎င်းပိုင်ဆိုင်တဲ့ခွဲတမ်းကို ဘယ်လိုကောင်းကောင်းကာကွယ်ထိန်းသိမ်းခဲ့သလဲဆိုတာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

သမ္မတဂျားလ်ဘော်ဆိုနာရိုဟာ ရာသီဥတုပြောင်းလဲမှုအရေးနဲ့ ပတ်သက်ပြီး အယုံအကြည်ကင်းမဲ့တဲ့ လက်ယာစွန်းရောက်ပုဂ္ဂိုလ်တစ်ဦးဖြစ်သလို ထိန်းသိမ်းကာကွယ်ထားတဲ့ မြေယာတွေမှာ သတ္တုတွင်းတူးဖော်မှုတွေနဲ့ လယ်ယာလုပ်ငန်း လုပ်ကိုင်ခွင့်တွေကို အားပေးထောက်ခံနေသူလည်း ဖြစ်ပါတယ်။ ၎င်းရဲ့ ရာသီဥတုဆိုင်ရာ သဘောထားခံယူချက်နဲ့ ပတ်သက်ပြီးတော့လည်း အတော်လေးဝေဖန်ခံနေရသူ ပါ။

**ကမ္ဘာတစ်ဝန်းကို သတိပေး**

ကံမကောင်းစွာနဲ့ ယခုနှစ်အတွက် ကျွန်ုပ်တို့အနေနဲ့ စံချိန်တင်ပိုများမယ့်တောမီးလောင်မှုတွေနဲ့ သစ်တောပြုန်းတီးမှုတွေကိုပဲ မျှော်လင့်ထားလို့ ရတော့မယ်ထင်တယ်လို့ အစိမ်းရောင်ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့ တက်ကြွလှုပ်ရှားသူ ရိုမူလို ဘာတီဆာက ထုတ်ပြန်ချက်ထဲမှာ ဆိုထားပါတယ်။

သမ္မတဂျားလ်ဘော်ဆိုနာရို တာဝန်စတင်ထမ်းဆောင်တဲ့ ပြီးခဲ့တဲ့နှစ်က ဘရာဇီး အမေဇုန် သစ်တောပြုန်းတီးမှု ၈၅ ရာခိုင်နှုန်းရှိပြီး သစ်တောရဲ့ ၁၀၁၂၃ စတုရန်းကီလိုမီတာလောက်အထိ ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီသစ်တောပြုန်းတီးမှုဧရိယာဟာ လက်ဘနွန်နိုင်ငံလောက် အရွယ်အစားရှိတာကြောင့် မိုးသစ်တောရဲ့ အနာဂတ်အခြေအနေနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းကို သတိပေးခေါင်းလောင်းမြည်စေခဲ့ပါတယ်။ ဒီကိစ္စက ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရာမှာလည်း အသက်တမျှ အရေးကြီးတဲ့ ကိစ္စတစ်ခုလိုမျိုး နားလည်သိမြင်လာစေခဲ့ပါတယ်။

> “ဘရာဇီးနိုင်ငံရဲ့ သစ်တောပြုန်းတီးမှု အခုလိုတစ်ဟုန်ထိုး မြင့်တက်လာတဲ့အခါမှာ မကြုံစဖူးတဲ့ မေးခွန်းသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ သမ္မတဂျားလ်ဘော် ဆိုနာရိုလက်ထက်မှာ ဘရာဇီးနိုင်ငံဟာ ကမ္ဘာ့အကြီးဆုံးမိုးသစ်တောကြီးထဲက ၎င်းပိုင်ဆိုင်တဲ့ခွဲတမ်းကို ဘယ်လိုကောင်းကောင်းကာကွယ်ထိန်းသိမ်းခဲ့သလဲဆိုတာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေဖြစ်”

**တပ်ဖွဲ့ဝင်တွေချထား**

သမ္မတဘောလ်ဆိုနာရိုက ယခုရက်သတ္တပတ်မှာ လာမယ့် မေ ၁၁ ရက်ကစပြီး တောမီးလောင်မှုတွေနဲ့ သစ်တောပြုန်းတီးမှုတွေကို တိုက်ဖျက်ဖို့အတွက် အမေဇုန်တောမှာ တပ်ဖွဲ့ဝင်တွေကို ချထားဖို့ အမိန့်ပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း သမ္မတက တပ်ဖွဲ့ဝင်တွေကို ချထားခဲ့ဖူးတာပါပဲ။

တောမီးလောင်မှုတွေအပေါ် လျှော့တွက်လွန်းတယ်ဆိုပြီး နိုင်ငံတကာက ၎င်းကို ပြင်းပြင်းထန်ထန် အပြစ်တင်ဝေဖန်လာပြီးနောက်မှာ အခုလိုတပ်ဖွဲ့ဝင်တွေချထားမှုကို စတင်လုပ်ဆောင်လာခဲ့တာပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သူ ပညာရှင်တွေကတော့ ဘရာဇီးနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး အစီအမံတွေကို အထောက်အကူပြုဖို့ ပိုကောင်းတဲ့အစီအစဉ်တစ်ရပ်ရေးဆွဲဖို့ လိုနေပြီလို့ အကြံပြုကြ ပါတယ်။

**ပုံမှန်မဟုတ်**

တကယ်တော့ နှစ်တစ်နှစ်ရဲ့အစပိုင်းဟာ သစ်တောပြုန်းတီးမှုတွေ ပုံမှန်လိုလိုဖြစ်ပွားရမယ့်အချိန် မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ မိုးရွာသွန်းတဲ့အချိန် ဖြစ်သလို ရွာသွန်းတဲ့ မိုးကလည်း များပြားတယ်လို့ အောက်စဖို့ဒ်နဲ့ လန်ကက်စတာ တက္ကသိုလ်တွေမှာ ဂေဟစနစ်ဆိုင်ရာ ဆက်စပ်မှုအခြေအနေတွေကို လေ့လာနေတဲ့ ကျွမ်းကျင်သူပညာရှင် အီရီကာ ဘာရန်ဂ္ဂါက သုံးသပ်ပြောကြားခဲ့ပါတယ်။

ကိုဗစ်-၁၉ ကျရောက်မှုက အမေဇုန်ဒေသအတွင်းမှာ ကြုံတွေ့နေရတဲ့အရာတွေကို ပိုပြီး အခြေအနေဆိုးရွားသွားစေခဲ့ပါတယ်။ အမေဇုန်သစ်တောရဲ့ ၆၀ ရာခိုင်နှုန်းကျော်လောက်ကို ပိုင်ဆိုင်ထားတဲ့ ဘရာဇီးနိုင်ငံဟာ လက်ရှိမှာဆိုရင် လက်တင်အမေရိကရဲ့ ကပ်ရောဂါကူးစက်မှု ဗဟိုချက်မသဖွယ်ဖြစ်နေပြီး မကြာသေးခင်ကပဲ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက် တစ်သောင်းနီးပါးအထိ ရှိခဲ့ပါပြီ။ ကြီးမားတဲ့ သစ်တောဧရိယာ လွှမ်းခြုံထားတဲ့ အမေဇုန်သစ်တောဟာလည်း ကပ်ရောဂါကြောင့် ထိခိုက်မှု အခံစားရဆုံးနေရာတစ်ခု ဖြစ်လျက်ရှိပါတယ်။

**ကာကွယ်နိုင်စွမ်း လျော့ကျနေ**

အထူးကြပ်မတ်ကုသဆောင်တစ်ခုတည်းသာရှိတဲ့ အဲဒီဒေသမှာ ကပ်ရောဂါကူးစက်ပျံ့နှံ့မှု ဆက်လက်ဖြစ်ပွားနေပါတယ်။ သမိုင်း အစဉ်အလာအရ ပြင်ပကဝင်လာတဲ့ ရောဂါတွေကို ခံနိုင်ရည်မရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအကြားမှာ ဆိုးဆိုးရွားရွားထိခိုက်မှုတွေ ဖြစ်လာနိုင်တဲ့အတွက်လည်း အကြီးအကျယ်စိုးရိမ်ပူပန်နေကြရတယ်လို့ သိရပါတယ်။

သဘာဝသယံဇာတ အရင်းအမြစ်တွေနဲ့ အသက်အိုးအိမ်တွေကို နုတ်ယူသွားတဲ့ ကိုဗစ်-၁၉ ကို အထူးသတိထား အာရုံစိုက်နေရချိန်မှာ အာဏာပိုင်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ စားကျက်မြေတွေမှာ သစ်တောကို ကာကွယ်နိုင်စွမ်းလျော့ကျနေတဲ့ အခြေအနေဟာ စိုးရိမ်ဖွယ်ရာ ဖြစ်လာခဲ့ပါတယ်။

**စိုးရိမ်ရမယ့်အခြေအနေဖြစ်**

ကျွန်ုပ်တို့အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ အသက်ရှူအထောက်အကူပြုကိရိယာတွေ၊ အကာအကွယ်ပစ္စည်းနဲ့ သစ်တောကို ကာကွယ်စောင့်ရှောက်နေသူတွေရဲ့ အသက်ကို ကယ်ဆယ်နိုင်တဲ့ ဘယ်အရာကိုမဆို လိုအပ်နေတယ်လို့ ဒေသအကြီးအကဲဖြစ်တဲ့ မြို့တော်ဝန်မာနေ့ဇ်အာသာ ဗာဂီလိုက ပြောကြားခဲ့ပါတယ်။ ကိုဗစ်-၁၉ ဟာ သစ်တောပြုန်းတီးမှုအပေါ် နောက်ဆက်တွဲသက်ရောက်မှုဖြစ်မဖြစ် တပ်အပ်ပြောလို့ မရသေးပေမယ့် ကပ်ရောဂါရင်ဆိုင်နေရတဲ့ကာလအတွင်း ဘရာဇီးမှာသစ်တောပြုန်းတီးမှု ပိုမြင့်တက်လာတဲ့ အခြေအနေကတော့ စိုးရိမ်ပူပန်ရမယ့် အခြေအနေတစ်ရပ်လို့ သုံးသပ်မိပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၀-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၀) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၅) ခု၊ စုစုပေါင်း (၂၀၅)ခု တွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြု လူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၀-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာ များတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case- 98,141,142,144) ရှိခဲ့သဖြင့် စုစုပေါင်း (၇၂)ဦး ရှိပြီး ၎င်းတို့အနက် (၅၅)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၉-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၀-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၈) ဦး ရှိပါသည်။

ဇယား - ၁

COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 179 | ၂၁ နှစ် | ကျား | အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -177) | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 180 | ၂၁ နှစ် | မ | မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -86) | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၀-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၀) ခု |
| (၁၀-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၈၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၇၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ် (၁၄)ရက် နေအိမ်တွင် သီးခြားနေထိုင်ရန် အကြံပြု တိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂)ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်း နိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့် ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း ကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ် ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦး အနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲ စစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာ ရောဂါပိုးဆက်လက် တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် သေချာမှုရှိစေရေး အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြား နေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



## ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေသည့် စစ်ဆေးရေးဂိတ်များသို့ ထောက်ပံ့ငွေ ပေးအပ်

**မယ်စဲ့ မေ ၁၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်၍ နေ့စဉ် အဝင်/အထွက် စစ်ဆေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့မှ စစ်ဆေးရေး ဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က သွားရောက် ထောက်ပံ့ ပေးအပ်ခဲ့သည်။

ကယားပြည်နယ် အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နမ့်မန်းစစ်ဆေးရေးဂိတ်နှင့် မယ်ဆည်နမ်စစ်ဆေးရေးဂိတ်တို့မှ တာဝန်ကျ ဝန်ထမ်းများအတွက် စစ်ဆေးရေးဂိတ် တစ်ဂိတ်လျှင် ၁၄ ရက်စာ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ခုနစ်ဦးအတွက် ငွေကျပ် ၁၄၇၀၀၀ စီကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီ ဝင်များက သွားရောက်ထောက်ပံ့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ဆေး ရေးလုပ်ငန်းများ စနစ်တကျ စိစစ် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြား ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မန္တလေးမြို့တွင် အသုံးပြုမည့် ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစမ်းသပ်စက် တပ်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁၀

**မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၆၄ လမ်းနှင့် ၆၆ လမ်းကြားရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ဆောင်ရွက်နေသည့် ကိုဗစ် – ၁၉ ရောဂါဓာတ်ခွဲအတည်ပြုစမ်းသပ်စက် (PCR) တပ်ဆင်ပြီးစီးမှုအခြေအနေများအား မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဒေါက်တာရဲလွင်တို့ သွားရောက်ကြည့်ရှုသည်။** (ယာပုံ)

ရှေးဦးစွာ ခေတ္တဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေဝင့်ဝါက ဓာတ်ခွဲအတည်ပြုစက် (PCR) စတင်အသုံးပြုနိုင်ရန် တပ်ဆင်ပြီးစီးနေမှုများနှင့် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

### လူ ၁၈၀ ခန့် စစ်ဆေးပေးနိုင်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က မန္တလေးမြို့တွင် တပ်ဆင်မည့် ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစက်အား ကိုင်တွယ်အသုံးပြုရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဓာတ်ခွဲပညာရှင်များ အဆင်သင့် ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း၊ အဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းများ ပြီးစီးပါက မေလနောက်ဆုံးပတ်အတွင်း ကိုဗစ်–၁၉ ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုလုပ်ငန်းကို မန္တလေးမြို့တွင် စတင် လုပ်ဆောင်နိုင်တော့မည်ဖြစ်ပြီး တစ်ရက်လျှင် လူဦးရေ ၁၈၀ ဝန်းကျင်ခန့်အထိ စစ်ဆေးပေးနိုင်ရန် စီစဉ်ထားရှိကြောင်း တင်ပြခဲ့သည်။

အဆိုပါရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ခေတ္တဝန်ကြီးချုပ်က ဓာတ်ခွဲအတည်ပြု စမ်းသပ်စစ်ဆေးစက် (PCR) တပ်ဆင်အသုံးပြုရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မန္တလေးမြို့တော်ဝန်နှင့် ညှိနှိုင်းပေါင်းစပ်ကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေး




အတွက် ဓာတ်ခွဲစစ်ဆေးမှု လုပ်ငန်းအား မန္တလေးမြို့တွင် အမြန်ဆုံးဆောင်ရွက်နိုင်ရန် ကြိုးစားလုပ်ဆောင် ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဓာတ်ခွဲစစ်ဆေးမှုအား ယခုထက် ပိုမို၍ ဆောင်ရွက်နိုင်ရန် ကိုဗစ် – ၁၉ ရောဂါရှာဖွေစစ်ဆေးနိုင်မည့် စက်အသစ်တစ်လုံး ထပ်မံတိုးချဲ့တပ်ဆင်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲစစ်ဆေးစက်(PCR) တပ်ဆင်ထားရှိမည့်နေရာနှင့် ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်မည့် အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

### မေလနောက်ဆုံးပတ်အသုံးပြုရန်

မန္တလေးမြို့တွင် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု စစ်ဆေးစက်(PCR)ကို မေလ နောက်ဆုံးအပတ်၌ စတင်အသုံးပြုနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အဆိုပါ စက်ဖြင့် စမ်းသပ်စစ်ဆေးမှု တစ်ကြိမ်လုပ်ဆောင်ရန် ၃ နာရီမှ ၅ နာရီအထိ ကြာမြင့်မည်ဖြစ်ပြီး တစ်နေ့လျှင် ဓာတ်ခွဲစမ်းသပ်မှု နှစ်ကြိမ်လုပ်ဆောင်ကာ တစ်ရက်လျှင် လူဦးရေ ၁၈၀ အား ဓာတ်ခွဲအတည်ပြု စစ်ဆေးပေးနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

### ထောက်ပံ့ကူညီလှူဒါန်း

အဆိုပါ ဓာတ်ခွဲစမ်းသပ်စက် (PCR) တပ်ဆင် အသုံးပြုနိုင်ရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မန္တလေးမြို့ရှိ ကိုဗစ်–၁၉ ရောဂါရန်ပုံငွေ ရှာဖွေရေးကော်မတီမှ ထောက်ပံ့ကူညီ လှူဒါန်းထားခြင်းဖြစ်ပြီး အဆိုပါ အလှူရှင်ကော်မတီမှ ထပ်မံ၍ ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်ရန် ငွေကျပ်သိန်း ၄၇၅၀ ကျော် တန်ဖိုးရှိ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲစစ်ဆေးစက်အသစ်တစ်စုံနှင့် လူဦးရေ ၃၅၀၀၀ ခန့်ကို စစ်ဆေးနိုင်မည့် Reagents များကို လှူဒါန်းရန် မှာယူထားပြီးဖြစ်ရာ အဆိုပါစက်ပစ္စည်းများမေလနောက်ဆုံးပတ်အတွင်း မန္တလေးမြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



# ကိုဗစ်–၁၉ ကာလအတွင်း ဒေသခံနှင့် တောင်သူများ ဟင်းသီးဟင်းရွက်ဖူလုံရေး မျိုးစေ့များ အခမဲ့ဖြန့်ဝေ

**သီပေါ မေ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ကိုဗစ် – ၁၉ ကာလအတွင်း ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တောင်သူများ ဟင်းသီးဟင်းရွက်ဖူလုံစွာ စားသုံးနိုင်ရေးအတွက် စိုက်ပျိုးရာသီအမီ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး ဦးဆောင်လျက် အိမ်ခြံသီးနှံမျိုးစေ့ ၁၅ မျိုး၏ မျိုးစေ့ထုပ်ပေါင်း ၈၂၅၀ ကို ခရိုင်အတွင်းရှိ ကျေးရွာအုပ်စု ၁၄၈ အုပ်စု၊ အိမ်ထောင်စုပေါင်း ၂၂၂၉ စုတို့ကို ဒေသခံများနှင့် တောင်သူများ လက်ဝယ်အရောက် ယမန်နေ့က သွားရောက်ပေးအပ်ကူညီခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ထိုသို့ ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များသို့ ဟင်းသီးဟင်းရွက်မျိုးစေ့များဖြန့်ဝေရာ၌ မေ ၁၀ ရက်က သီပေါမြို့နယ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အုပ်စု သုံးစုဖွဲ့စည်းကာ နောင်အန်၊ နမ့်ရမ်း၊ ဆောင်ကြဲ၊ ဆင်ကျော့စသည့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀၀ ကျော်၊ အိမ်ထောင်စု ၇၀၀ ကျော်တို့အား မျိုးစေ့ထုပ်ပေါင်း ၂၁၉၀ ကျော်နှင့် ရှမ်းဘာသာဖြင့် ပြန်ဆိုထားသော ပညာပေးလက်ကမ်းစာစောင်များကို ဒေသခံများ၊ တောင်သူများ လက်ဝယ်သို့ အရောက်ဖြန့်ဝေပေးခဲ့ကြသည်။

သီပေါမြို့နယ်၏ အနောက်ဘက်ခြမ်းဒေသ စံဖိတ်၊ မန်ဟဲ၊ ပေါ်ကြို၊ ကျင်သီ၊ လော်ခွန်နှင့် နမ့်အွန်ကျေးရွာအုပ်စုများသို့လည်း တောင်သူများ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**





# မိုင်းယန်းမြို့ နယ်စပ်ဂိတ်ယာအတွင်းသို့ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးအား နေရပ်သို့ပို့ဆောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**မိုင်းယန်း မေ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးအား NDAA (မိုင်းလား)ဒေသအထူး(၄) ဆီလူးဒေသအုပ်ချုပ်ရေးမှူး ဦးနန်ကျိုင်စံ ဦးဆောင်သောအဖွဲ့က မိုင်းယန်းမြို့ နယ်စပ်ဂိတ်ယာအတွင်းသို့ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်က လာရောက်ပို့ဆောင်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးမှာ NDAA (မိုင်းလား) ဒေသအထူး (၄) မိုင်းလားမြို့၌ ကိုဗစ် – ၁၉ ရောဂါစောင့်ကြည့်စစ်ဆေးမှု ၂၁ ရက်ပြည့်ပြီးဖြစ်၍ မိုင်းယန်းမြို့ နယ်စပ်ဂိတ်ယာအတွင်းသို့ မော်တော်ယာဉ် ၁၁ စီးဖြင့် လာရောက်ပို့ဆောင်ခဲ့ရာ မိုင်းယန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် တပ်ရင်းတပ်ဖွဲ့တို့ ပူးပေါင်းကာ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူဦးရေစိစစ်ခြင်းများ ဆောင်ရွက်၍ မော်တော်ယာဉ် ၁၁ စီးဖြင့် မိုင်းယန်းမြို့နယ်မှ ကျိုင်းတုံမြို့နယ်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထူး (ပြန်\ဆက်)**

# မြဝတီမြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂) တံတားမှ ယနေ့ မြန်မာလုပ်သား ၄၄ ဦး ဆက်လက်ဝင်ရောက်

မြဝတီ မေ ၁၀

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြဝတီမြို့ရှိ မြန်မာ – ထိုင်း ချစ်ကြည်ရေး အမှတ် (၂) တံတားမှ မေ ၁ ရက်ကစ၍ ပြန်လည်လက်ခံခဲ့ရာ ယနေ့တွင် ၄၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ မေ ၂ ရက်က ၅၄ ဦး၊ မေ ၃ ရက်က တစ်ဦး၊ မေ ၄ ရက်က ၄၄ ဦး၊ မေ ၅ ရက်က ၂၃ ဦး၊ မေ ၆ ရက်နှင့် မေ ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်က ၁၀၀၊ မေ ၉ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ယနေ့တွင် ၄၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ရာ စုစုပေါင်း ၃၂၆ ဦး ပြန်လည်ဝင်ရောက်ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကယားပြည်နယ်မှ တစ်ဦး၊ ကရင် ပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး စုစုပေါင်း ၄၄ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



# ပြည်မြို့ ယာယီပျံကျဈေးနှင့် ခေတ္တရာမြို့သစ် ဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို နှာခေါင်းစည်းများ တပ်ဆင်ရေး အသိပညာပေး၍ အခမဲ့ဖြန့်ဝေပေး

ပြည် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အထက (၁) လွှတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ ဖွင့်လှစ်ထားသော ယာယီပျံကျဈေးနှင့် ခေတ္တရာမြို့သစ် စည်ပင်သာယာဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကျန်းမာရေးအသိပညာပေး ရှင်းလင်းပြောကြားခြင်းနှင့် အဝတ်နှာခေါင်းစည်း ၁၄၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို မေ ၉ ရက် နံနက်ပိုင်းက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ (အောက်ပုံ)



ထိုသို့ ဆောင်ရွက်ခြင်းကို ပြည်ခရိုင်နှင့် မြို့နယ် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နံနက် ၇ နာရီခွဲမှ စတင်ကာ အဆိုပါဈေးများအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်များအား နှာခေါင်းစည်းများ တပ်ဆင်ခြင်း ရှိ/မရှိနှင့် နှာခေါင်းစည်းတပ်ဆင်ပြီး သတ်မှတ်အကွာအဝေးမှ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ခြင်း ရှိ/မရှိတို့ကို ကြပ်မတ်စစ်ဆေးခြင်း၊ နှာခေါင်းစည်း မတပ်ဆင်ထားသူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကာ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရန် သတိပေးပြောကြားခြင်း၊ ဈေးဆိုင်တိုင်းကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းစသည့် ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အလားတူ လူစည်ကားရာ မြို့တွင်းလမ်းမများတွင် သွားလာနေကြသူများကိုလည်း နှာခေါင်းစည်းများ တပ်ဆင်ထားခြင်း ရှိ/မရှိ ကြပ်မတ်စစ်ဆေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို နေ့စဉ်အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မျိုးကျော်ကြီး(ပြန်/ဆက်)




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တက်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# မြန်မာနိုင်ငံထုတ် ရောဂါကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးနှာခေါင်းစည်းများကို ဒိန်းမတ်နိုင်ငံက ဝယ်ယူအားပေးလှူဒါန်း

ရန်ကုန် မေ ၁၀

မြန်မာစက်ရုံထုတ် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် ဆေးရုံသုံးနှာခေါင်းစည်းများကို ဒိန်းမတ်နိုင်ငံက ငွေကျပ် သိန်း ၂၀၀၀ ဖိုးအထိ အထည်ချုပ်မှ ပြောင်းလဲထုတ်လုပ်လာသည့် စက်ရုံနှစ်ရုံမှ ဝယ်ယူအားပေးပြီး ပြည်တွင်းရှိ ကိုဗစ် – ၁၉ တုံ့ပြန်ရေးဆောင်ရွက်ရာနေရာများသို့ ပြန်လည်လှူဒါန်းသွားမည်ဟု သိရသည်။

"ရောဂါကာကွယ်တိုက်ဖျက်ဖို့အတွက် ရောဂါကာကွယ်ရေးဝတ်စုံကို ပြည်တွင်းမှာတင် ထုတ်လုပ်မှုကို အားပေးဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးရတော့မယ့် အဓိကအားဖြင့် အမျိုးသမီးအလုပ်သမားတွေ အလုပ်အကိုင်ဆက်ရှိဖို့ အရေးကြီးတယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး မစ္စတာ ဂျွန်နေ(လ်)ဆင် က ပြောကြားသည်။

ကိုဗစ် – ၁၉ ရောဂါအခြေအနေကြောင့် ၂၀၂၀ပြည့်နှစ် မတ်လမှစ၍ မြန်မာ စက်ရုံများမှ ထုတ်လုပ်သည့်အဝတ်အထည်များကို ဥရောပဈေးကွက်မှ ဝယ်ယူမှုမရှိသောကြောင့် စက်ရုံအများအပြား လည်ပတ်ခြင်းမရှိသဖြင့် မြန်မာစက်ရုံတချို့က အဝတ်အထည်များအစား တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် ဆေးရုံဆေးခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်းနှင့် ရောဂါကာကွယ်ရေးဝတ်စုံများကို စတင်ပြောင်းလဲ ချုပ်လုပ်ရန် ပြင်ဆင်လာကြရာ ဥရောပမှ ဒိန်းမတ်နိုင်ငံက ပထမအကြိမ် အားပေးသည့်အနေဖြင့် ဝယ်ယူကာ ပြည်တွင်းရှိ ကိုဗစ် – ၁၉ တုံ့ပြန်ရေး ဆောင်ရွက်ရာနေရာများမှ အသုံးလိုသည့်နေရာများတွင် ပြန်လည်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"ဒါ ပထမဆုံးအကြိမ် မြန်မာစက်ရုံနှစ်ရုံကနေ ဝယ်ယူအားပေးခြင်းဖြစ်ပါတယ်။ ဒီရောဂါကာကွယ်ရေးပစ္စည်းတွေကို ပြည်တွင်းမှာ ကိုဗစ် – ၁၉ ကာကွယ် တုံ့ပြန်ရေးလုပ်ဆောင်နေတဲ့အဖွဲ့တွေကို ပေးလှူသွားမှာပါ။ ဒါက ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုပါ။ ဒီလို ဝယ်ယူအားပေးခြင်းကတစ်ဆင့် ပြည်ပဈေးကွက်ကို ထိုးဖောက်လာနိုင်မယ်လို့ မျှော်လင့်စရာရှိလာပါတယ်။ ဒိန်းမတ်က အီးယူကပဲလေ။ အထည်ချုပ်ဝန်ထမ်းတွေကို ထောက်ပံ့ငွေပေးတဲ့ မြန်ကူအထောက်အပံ့နဲ့မတူပါဘူး။ ဒါက နောက်တစ်ခုပါ" ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

သန့်ဇင်ဝင်း

# ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေး စက်ရုံ၊ အလုပ်ရုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်တွင်းကြီး မေ ၁၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ မြို့နယ်စစ်ဆေးရေးအဖွဲ့မှ ယနေ့ နံနက် ၈နာရီက ကွင်းဆင်းစစ်ဆေးသည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကံလှသကြားစက်နှင့် ရန်ပယ်ပြောင်းဖူးစေ့စက်ရုံတို့တွင် ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများဖြစ်သည့် လုပ်ငန်းခွင်အတွင်း မဖြစ်မနေ နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်ရန်နှင့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး အချက်အလက်များကို အသံချဲ့စက်ငယ်များဖြင့် တစ်နေ့နှစ်ကြိမ်အသိပေးနှိုးဆော်ရန် ဆွေးနွေးခဲ့ပြီး စနစ်တကျလက်ဆေးမှုကို အထောက်အကူဖြစ်စေရန် ဆပ်ပြာ၊ ရေ၊ လက်သန့်ဆေးရည်အလုံအလောက် ရှိ/မရှိ၊ လက်ဆေးရာနေရာများတွင် စနစ်တကျလက်ဆေးနည်းပိုစတာများ ကပ်ပေးထားပြီး စနစ်တကျ လက်ဆေးမှု ရှိ/မရှိ၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ လုပ်ကိုင်ရန်နှင့် လူစုလူဝေးမဖြစ်စေရေး လိုက်နာဆောင်ရွက်မှု ရှိ/မရှိ၊ ဝန်ထမ်းများအတွက် ကာကွယ်ထားရှိပေးမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အေးမိုးမိုးမြင့်(ပြန်/ဆက်)

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## မြောက်ဥက္ကလာပဂိတ်များမှ ခရီးသည်တင်ပြေးဆွဲနေသော အငှားယာဉ်များအား ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးများဖျန်း

**ရန်ကုန် မေ ၁၀**

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားဆဲကာလ၌ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ခရီးသည်တင် အငှားယာဉ်များဖြင့် ခရီးသွားလာနေကြသော ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူဒီပါလူမှုကူညီရေးအသင်းမှ အသင်းဥက္ကဋ္ဌ ဦးဇော်ဇော်ဝင်းလှိုင်၊ ဒုဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်ကျော်တို့ ဦးဆောင်သော အသင်းဝင်များသည် ယနေ့ နံနက် ၈ နာရီက မြောက်ဥက္ကလာပ၊ ဝေဘာဂီ၊ ၉/ရပ်ကွက်နှင့် ဥက္ကလာလမ်းတို့ရှိ ဂိတ်များမှ ခရီးသည်တင်ပြေးဆွဲကြသော Driving Myanmar Group (DMG)/ NIOKA မှ ရန်ကုန်တစ်မြို့လုံး ခရီးသည်တင်ပြေးဆွဲနေသော အငှားယာဉ် ၃၅ စီးတို့ကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူဒီပါလူမှုကူညီရေးအသင်းသည် ပြည်သူများ လူနာတင်ယာဉ်လိုအပ်ပါက ဆေးရုံသို့အခမဲ့ပို့ဆောင်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အခမဲ့ဖျန်းပေးခြင်းတို့ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ လူမှုရေး၊ ကျန်းမာရေး၊ ကပ်ရောဂါဘေးများအတွက် အကူအညီလိုအပ်ပါက အသင်းဖုန်း ၀၉-၇၈၀၀၀၉၄၉၄၊ ၀၉-၇၇၅၈၁၃ ၈၁၂ နှင့် ၀၉-၇၉၆၇၆၇၁၈၈ တို့သို့ ဆက်သွယ်၍ အကူအညီများ တောင်းခံနိုင်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**




## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## တိုင်းဒေသကြီးအစိုးရအဖွဲ့က ကလေးမြို့နယ်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း




**ကလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကလေးမြို့နယ်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ကလေးခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းသည်။

ယင်းသို့လှူဒါန်းရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလားလ်ထောင်ထန်းတို့က ကျန်းမာရေး အထောက်အကူပြုပစ္စည်းများဖြစ်ကြသော ရောဂါကာကွယ်ရေးဝတ်စုံရိုးရိုး ၂၀၀၊ ခွဲခန်းသုံးရောဂါကာကွယ်ရေးဝတ်စုံ ၈၀၊ မျက်မှန် ၂၅ ခု၊ ပိုးသတ်ဆေးပုံးကြီးနှစ်ပုံး၊ နှာခေါင်းစည်း N- 95 အခု ၅၀၊ လက်အိတ် ၃၀၀၊ နှာခေါင်းစည်း ၂၀၀၀၊ ပိုးသတ်ဆေးပုံးသေးနှစ်ပုံးတို့ကို ခရိုင် ကိုဗစ် -၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၂၁၀၀ ပျိုးထောင်ထားရှိ

**ချောက် မေ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင်၂၀၂၀ ပြည့်နှစ် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပျိုးပင်အခမဲ့ရယူ စိုက်ပျိုးနိုင်ရန်အတွက် မင်းကန်ကျေးရွာ မင်းကန်ယာယီပျိုးဥယျာဉ်အတွင်း မြို့နယ်သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင်ပေါင်း ၄၂၁၀၀ စိုက်ပျိုးထားသည်။ **(အောက်ပုံ)**

" မိုးရာသီသစ်ပင်စိုက်ပျိုးရန်အတွက် ချောက်မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၄၂၁၀၀ ပင်မှ ရေတမာနှင့်တမာပင်များကို ၂၀၁၈ ခုနှစ် ဇွန်လကတည်းက ပျိုးထောင်၍ ကျန်အပင်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ပျိုးထောင်ထားရှိပါကြောင်း၊ ယခုပျိုးထောင်ထားရှိသည့် ပျိုးပင်များကို ၂၀၂၀ ပြည့်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် သတ်မှတ်ထားသည့် နေရာများမှာ စိုက်ပျိုးသွားမည်ဖြစ်ပြီး ပျိုးပင်များအခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက ပြောသည်။

**မချို(ပြန်/ဆက်)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား သတ်မှတ်အတိုးနှုန်း ဖြေလျှော့ပေးမည်

**ဂန့်ဂေါ မေ ၁၀**

ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၈၁ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာစီမံကိန်းအားလုံးကို ယခင်ကချေးငွေအတိုးနှုန်း ပြားငါးဆယ်မှ တစ်ကျပ်ပြားငါးဆယ်အထိ သတ်မှတ်ပေးခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ သက်သာစေရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ချေးငွေအတိုးနှုန်းများကို ဧပြီလမှစတင်၍ တစ်နှစ်တိတိ ပြားငါးဆယ်သာ ကောက်ခံပြီး တစ်ပြေးညီလည်ပတ်နိုင်ရန် ညွှန်ကြားချက်များ ထုတ်ထားသည့်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ဇော်မင်းဌေး**

## မြို့သစ်မြို့နယ် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေဂါလန် ၄၄၀၀ ဖြန့်ဝေပေး

**မြို့သစ် မေ ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်းစင်ကျေးရွာအုပ်စု တစ်ဝက်စမ်းတဲတိုက်နှင့် မြေနီအင်တိုင်းတဲတိုက်တို့တွင် နွေရာသီရေရှားပါး ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက သောက်သုံးရေဂါလန် ၄၄၀၀ ဖြန့်ဝေပေးသည်။

တစ်ဝက် စမ်းတဲတိုက်တွင် အိမ်ခြေ ၄၇၊ လူဦးရေ ၁၉၆ ဦးနှင့် မြေနီအင်တိုင်းတဲတိုက်တွင် အိမ်ခြေ ၂၃ အိမ်၊ လူဦးရေ ၁၀၁ ဦးရှိပြီး အဆိုပါတဲတိုက်များမှာ နွေရာသီကာလ အပူချိန်မြင့်တက်မှုကြောင့် စိမ့်စမ်းတွင်းနှင့် လက်တူးတွင်းများ ရေခန်းခြောက်လာသည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ရေသယ်ယာဉ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၄၄၀၀ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

"မြို့သစ်မြို့နယ် အတွင်းမှာ ကျေးရွာပေါင်း ၁၇၉ ရွာနဲ့ တဲတိုက် ၂၁ ခုရှိပြီး နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေဖို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းတွေက ကျေးရွာတွေရဲ့ လက်ရှိသောက်သုံးရေ သုံးစွဲနေမှုအခြေအနေတွေကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးနေပါတယ်။ ကျေးရွာတွေ သောက်သုံးရေရရှိဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ ကျေးရွာကိုးရွာမှာ စက်ရေတွင်း တူးဖော်ပေးနေပါတယ်။ ပြည်တွင်းပြည်ပ NGOs/ INGOs အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေနဲ့လည်း ပူးပေါင်းပြီး စက်ရေတွင်းတူးဖော်ပေးနေပါတယ်။ ကျေးရွာတွေ အနေနဲ့ ရေပြတ်လပ်မှု ရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးဖုန်းနံပါတ် ၀၆၃ ၅၃၁၉၅/ ၉၈ သို့လည်းကောင်း၊ အခြားဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့်လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးဦးသန်းဝင်းက ပြောသည်။



**သန်းလွင်(မကွေး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၇၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၈၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၀၀/၃၃၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၆၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၂၄ | ၂၂၅၈၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၉၈၈၅ | ၃၇၉၀၇၂၅၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၉ | ၇၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၁၆၄ | ၃၈၂၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈၉ | ၁၃၄၄၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ကိုဗစ်-၁၉ ဝေါဟာရအသစ်များ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးဆိုက်ရောက်တဲ့အချိန်ကစပြီး တစ်ကြိမ်တစ်ခါမှမကြားဖူးတဲ့၊ မသုံးခဲ့တဲ့ ဝေါဟာရအသစ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အခက်အခဲတွေကြားက အခုလို အသုံးအနှုန်းအသစ်တွေကြောင့် ဆန်းသစ်နေတယ်။ အခြေအနေတစ်ခုပေါ်မှာ မူတည်ပြီးအခုလိုဖြစ်ခဲ့တာ။**

ပထမဆုံးအသုံးအနှုန်းက ကိုဗစ် - ၁၉ ရောဂါ ပြန့်ပွားကူးစက်မှုကို တားဆီးနိုင်တဲ့ အနေအထိုင်အပြုအမူဖြစ်တယ်။ အင်္ဂလိပ်လို Social distancing လူတစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်မနေဘဲ အနည်းဆုံးခြောက်ပေခွာနေထိုင်လှုပ်ရှားဖို့။ လူမှုဆက်ဆံရေးအရ လူတွေဟာ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်နေတတ်ကြတယ်။ ထိတွေ့ဆက်ဆံကြတယ်။ အနောက်တိုင်းယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်တာ လူမှုရေးထုံးစံတစ်ရပ် တစ်ကမ္ဘာလုံးမှာ ကျင့်သုံးတဲ့ ရင်းနှီးမှုရဲ့ သင်္ကေတတစ်ရပ်ဖြစ်တယ်။ ကပ်ရောဂါကို ရင်ဆိုင်ဖို့ လူမှုရေးအရ ကင်းကွာအောင်နေရမယ်လို့ အကြံပြုခဲ့တယ်။ ဒါကို လိုက်နာနေကြတယ်။ ဒါကြောင့် အစည်းအဝေးတွေမှာ အရင်လို ပူးပူးကပ်ကပ်မထိုင်တော့ဘဲ ခြောက်ပေအကွာမှာထိုင်ကြပြီး လုပ်စရာရှိတာတွေ လုပ်နေကြတယ်။ ဘဏ်တွေ၊ ဆိုင်တွေမှာလည်း ဖောက်သည်တွေတန်းစီတဲ့အခါ အရင်လို နီးနီးကပ်ကပ်မနေဘဲ အနည်းဆုံးခြောက်ပေအကွာမှာ နေရမယ်လို့ သတ်မှတ်ခဲ့တယ်။ ဘာကြောင့် အခုလိုလုပ်ရသလဲဆိုတဲ့ အကြောင်းရင်းကို သုံးသပ်ရင် ရောဂါပိုးဟာ တစ်ယောက်ကနေ နောက်တစ်ယောက်ကို အလွယ်တကူ ကူးနိုင်တယ်။ အခုမကူးနိုင်အောင် တစ်ယောက်နဲ့တစ်ယောက် ခပ်ဝေးဝေးနေကြရမှာ။

### ခပ်ခွာခွာနေဖို့ဆိုတာ

ကျွန်တော်က စောဒကတက်ချင်တယ်။ Social distancing ဆိုတဲ့ ဝေါဟာရဟာမပြည့်စုံဘူး။ အမှန်တော့ Physical distancing ဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် မနေဖို့ဖြစ်တယ်။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှု၊ ယဉ်ကျေးမှုအတွယ်အတာတွေကိုတော့ မစွန့်လွှတ်သင့်ဘူး။ လူတွေဟာ လူမှုရေးသတ္တဝါတွေသာဖြစ်တယ်။ တစ်ဦးတစ်ယောက်တည်း အထီးကျန်တဲ့ဘဝမှာ ကာလရှည်မနေနိုင်ဘူး။

တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာမှာနေပြီး နေထိုင်လှုပ်ရှားကြပေမယ့် တစ်ဦးပေါ် တစ်ဦး သံယောဇဉ် တွယ်တာမှု၊ ရင်းနှီးမှုတွေကတော့ ရှင်သန်ဆဲဖြစ်ရမယ်။ Physical နဲ့ Social ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာဟာ မတူညီပါဘူး။ Social distancing ဟာ အပြောလွယ်သလောက် လက်တွေ့မှာခက်ခဲတယ်၊ ခဲယဉ်းတယ်။ အနှောင့်အယှက်တွေရှိတယ်။ အကောင်အထည်ဖော်ဖို့ ခက်ခဲတာကို သတင်းတွေမှာ တွေ့ရတယ်။ အခုချိန်အထိ အစည်းအဝေးတွေလုပ်နေကြတယ်။ အလှူအတန်း၊ အခမ်းအနားတွေ ကျင်းပလျက်ပဲ။ လူစုလူဝေးတားဆီးမှုတွေရှိပေမယ့် စုဝေးတုန်း။ တစ်လောက စင်ကာပူနိုင်ငံမှာ Social distancing ကျင့်သုံးမှုပျက်ကွက်သူတွေကို တားဆီးတဲ့ တာဝန်ရှိသူတွေကို မကျေနပ်ပြီး အနှောင့်အယှက်ပြုနေတာ ကြားရတယ်။ အိန္ဒိယနိုင်ငံမှာ အခုလိုပဲ မကျေနပ်ရုံမဟုတ်တော့ဘဲ အကြမ်းဖက်တဲ့အထိ တုံ့ပြန်ခဲ့တယ်။ Social distancing ကြောင့် လူတွေအထီးကျန်တဲ့ စိတ်တွေ တိုးပွားလာတယ်၊ စိုးရိမ်မှုတွေပွားများလာတယ်။ ဒါကြောင့်လည်း ကျွန်တော်တင်ပြချက်တစ်ခုကို လုပ်ခဲ့တယ်၊ ဖြန့်ဝေခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေတဲ့ အချိန်မှာ လူမှုရေးဆက်သွယ်မှုတွေ မပျောက်အောင် ဆင်ခြင်ရမယ့် အချက်ငါးချက်ကို တင်ပြခဲ့ပါတယ်။ အဲဒီအချက်တွေကို ဒီဆောင်းပါးက တစ်ဆင့်မျှဝေချင်ပါတယ်။

> **"ကျွန်တော်တို့တစ်တွေဟာ မထင်မှတ်ဘဲ၊ မရည်ရွယ်ဘဲ ပုံမှန်အသစ်ကို ရင်ဆိုင်နေကြရတယ်။ ကိုဗစ် – ၁၉ အလွန်ဆိုတာကို လူတိုင်းက မျှော်လင့်ချက်ကြီးကြီးနဲ့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာထက် ဖြစ်ချင်တာကိုပဲ ဦးစားပေးနေကြတယ်။ အရင်လိုပဲ ဆိုတာကတော့ မရှိနိုင်ဘူး။ လုံးဝမထင်မှတ်တဲ့ နေရာတစ်နေရာကို ရောက်သွားမှာ။ ဒီအနေအထားအသစ်မှာ ရှင်သန်အောင် လှုပ်ရှားကြဖို့ လိုအပ်တယ်"**

### အရေးကြီးနဲ့ အရေးပေါ်

ပထမဆုံးတစ်ယောက်နဲ့တစ်ယောက်လေးနက်တဲ့ တန်ဖိုးရှိတဲ့၊ ဆက်သွယ်ဆက်ဆံမှုတွေကို ဆောင်ရွက်ဖို့။ လူတိုင်းဟာ ကိုဗစ်-၁၉ ရဲ့ သတင်းတွေကို စောင့်မျှော်ပြီး ကြောင့်ကြနေကြတယ်။ စိတ်သောကဖိစီးမှုတွေနဲ့ မွန်းကျပ်နေကြတယ်။ ဒီလိုအချိန်မျိုးမှာ အရေးကြီးတဲ့အရာနဲ့ အရေးပေါ်တဲ့အရာကို ခွဲခြားတတ်ဖို့လိုအပ်တယ်။ အရေးကြီးတာက မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်၊ သူတို့နဲ့ နွေးနွေးထွေးထွေးနေဖို့က အရေးကြီးတဲ့အရာ၊ ခေတ်မီနည်းပညာတွေနဲ့ ဆက်သွယ်နိုင်ပြီး လုပ်ကြဖို့ တိုက်တွန်းချင်တယ်။ အနည်းဆုံးတစ်နေ့တစ်ကြိမ် အတူတူ အင်တာနက်ကတစ်ဆင့် လက်ဖက်ရည်သောက်လို့ရတယ်။ နေ့လယ်စာ၊ ညစာ စားလို့ရတယ်။ ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အသိပညာတွေမျှဝေနိုင်တယ်။ ကိုယ်နှစ်သက်တဲ့စာအုပ်တွေကို မျှဝေနိုင်တယ်။ ပုံစံအမျိုးမျိုးဆောင်ရွက်နိုင်မယ်။

ဒုတိယအချက်ကတော့ ခေတ်မီနည်းပညာတွေကို သုံးရမယ်။ Zoomရဲ့ အကူအညီနဲ့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ဆက်ဆံနိုင်တဲ့ ပုံစံ အသစ်တွေက မျိုးစုံ၊ လူတွေဝေးနေပေမယ့် စိတ်တွေက ကင်းစရာမလိုဘူး။ တတိယအချက်ကတော့ ကင်းကွာမှုကို ဖြေလျှော့ဖို့ အိမ်မှာနေရပေမယ့် ရုံးမှာလှုပ်ရှားနေသလို ကြိုးစားရမှာ။ တစ်ယောက်နဲ့ တစ်ယောက်အားပေးရမယ်၊ ကိုယ်ချင်းစာရမယ်။ စတုတ္ထအချက်အနေနဲ့ကတော့ ကျွန်တော်နှစ်သက်လှတဲ့ EQ ပဲဖြစ်တယ်။ တစ်ဦးပေါ် တစ်ဦးကိုယ်ချင်းစာစိတ်တွေ တိုးပွားအောင်မေးရမယ်။ အထူးသဖြင့် နားထောင်နိုင်တဲ့သတ္တိ၊ တစ်ဖက်သားရဲ့ ခံစားမှုတွေ၊ ကြောင့်ကြမှုတွေ၊ အကြောက်တရားတွေကို နားလည်အောင် ကြိုးစားရမှာဖြစ်တယ်။ အခုလို ဆောင်ရွက်ရာမှာ အရေးကြီးဆုံးကတော့ ကိုယ့်အကြောင်းကိုယ်သိဖို့လိုတယ်။ ကိုယ့်အကြောင်းကိုယ်သိပြီး ကိုယ့်ကိုယ်ကိုယ်စီမံရမယ်။ ဒါမှ တစ်ပါးသူရဲ့စိတ်ခံစားမှုတွေ နားလည်နိုင်မှာဖြစ်တယ်။ နောက်ဆုံးအချက်ကတော့ အကောင်းမြင်တတ်တဲ့ စိတ်ရှိဖို့ပဲ၊ အကောင်းမြင်ရင် ကောင်းတာပဲ ပြောမှာ၊ ကောင်းတာပဲလုပ်မှာ။

### အိမ်မှာနေရင်း အလုပ်လုပ်ခြင်း

ဒုတိယဝေါဟာရကတော့ Working from home အိမ်မှာနေပြီး အလုပ်လုပ်ခြင်း။ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းတွေမှာ ဝန်ထမ်းတွေက အိမ်မှာပဲနေပြီး အလုပ်လုပ်တဲ့အစီအစဉ်တွေကို ကျင့်သုံးကြတယ်။ ကျွန်တော့်သမီးက မတ်လအလယ်လောက်ကတည်းက အိမ်ကနေ အလုပ်လုပ်နေပြီ။ အသုံးအနှုန်းဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ကို ဂဃနဏမသိဘဲ ခပ်လွယ်လွယ်သုံးနေတာတွေ့ရတယ်။ အိမ်မှာနေပြီးအလုပ်လုပ်တယ်လို့ပြောရင် အလုပ်လုပ်ရမယ်ဆိုတာကို သိဖို့လိုအပ်တယ်။ အိမ်မှာနေကြတာကို လူတိုင်းနှစ်သက်ကြတယ်။ ကြိုဆိုကြတာ၊ ရုံးတက်စရာမလိုတာကို ကြိုက်နေကြတယ်။ ဒါပေမယ့် အမှန်တော့ တစ်ဖက်ကအိမ်မှာနေသလို တစ်ဖက်က အလုပ်လုပ်ရမယ်ဆိုတာကို သဘောပေါက်ရမယ်။ ကိုယ့်ရဲ့ အထက်လူကြီး၊ ကြီးကြပ်သူတွေမရှိတော့ လွတ်ပြီကျွတ်ပြီလို့ သဘောထားလို့မရဘူး။ သတ်မှတ်ထားတဲ့အလုပ်တာဝန်တွေကို သတ်မှတ်ထားတဲ့အချိန်အတွင်း ပြီးအောင်လုပ်ရမယ်။ ကြီးကြပ်သူမရှိတာမို့ ပေါ့ပေါ့တန်တန်တာဝန်မဲ့လို့မဖြစ်ဘူး။

ဒီနေရာမှာ Working from home အိမ်မှာ အလုပ်လုပ်တာနဲ့ Staying at home အိမ်မှာနေတာကိုလည်း ကွဲကွဲပြားပြားသိရမယ်။ အိမ်မှာနေတယ်လို့ ပြောတာက အချို့လုပ်ငန်းအဖွဲ့အစည်းတွေမှာ တစ်ပတ်ရုံးတက်၊ တစ်ပတ်အိမ်မှာနေဆိုတဲ့ အစီအစဉ်တွေကျင့်သုံးနေတယ်။ အိမ်မှာနေတဲ့တစ်ပတ်မှာတော့ ရုံးတာဝန်၊ အလုပ်တာဝန် မရှိဘူး။ အိမ်မှာပဲ မိသားစုနဲ့အချိန်ပြည့် နေထိုင်တာဖြစ်တယ်။ ဒီဝေါဟာရအသုံးအနှုန်းနှစ်ခုကို ရောလို့မရဘူး။ ဝန်ထမ်းတွေက သဘောမပေါက်ကြသလို စီမံခန့်ခွဲသူတွေကလည်း ရောထွေးနေတာ။ အိမ်ကနေအလုပ်လုပ်ရမှာ။ ကျွန်တော်အမြဲပြောခဲ့တဲ့ Work life balance (အလုပ်နဲ့ဘဝမျှတအောင် နေထိုင်မှု)ဟာ အရေးကြီးတယ်။ အိမ်ကနေအလုပ်လုပ်တာဟာ ထင်သလောက်မလွယ်လှဘူး။ မိသားစုနဲ့အတူ နေထိုင်လှုပ်ရှားရတာမို့ အနှောင့်အယှက်တွေရှိနိုင်တယ်။ ရုံးကပုံစံထိတွေ့ဆက်ဆံမှုမျိုးမရှိတာကလည်း စိန်ခေါ်မှုတစ်ရပ်။ ကျွန်တော်က အသုံးများတဲ့ ဝေါဟာရနှစ်ရပ်ကို တင်ပြခဲ့တာ။ တလောက ဆောင်းပါးတစ်ပုဒ်မှာ ပုံမှန်အသစ် (New Normal) ဆိုတဲ့ အကြောင်းကိုလည်း တင်ပြခဲ့တယ်။

### အနေအထားသစ်မှာ ရှင်သန်နိုင်ဖို့

ကျွန်တော်တို့တစ်တွေဟာ မထင်မှတ်ဘဲ၊ မရည်ရွယ်ဘဲ ပုံမှန်အသစ်ကို ရင်ဆိုင်နေကြရတယ်။ ကိုဗစ်-၁၉ အလွန်ဆိုတာကို လူတိုင်းက မျှော်လင့်ချက်ကြီးကြီးနဲ့ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာထက် ဖြစ်ချင်တာကိုပဲ ဦးစားပေးနေကြတယ်။ အရင်လိုပဲ ဆိုတာကတော့ မရှိနိုင်ဘူး။ လုံးဝမထင်မှတ်တဲ့နေရာတစ်နေရာကို ရောက်သွားမှာ။ ဒီအနေအထားအသစ်မှာ ရှင်သန်အောင် လှုပ်ရှားကြဖို့လိုအပ်တယ်။

အိမ်ကနေ အလုပ်လုပ်တဲ့ အတွေ့အကြုံတွေကြောင့် ကိုဗစ်-၁၉ အလွန်ကာလမှာ အဖွဲ့အစည်းတွေ၊ ရုံးတွေ၊ ကုမ္ပဏီတွေရဲ့ စီးပွားရေးပုံစံတွေဟာ ပြောင်းလဲမှာဖြစ်သလို ဝန်ထမ်းတွေရဲ့ စိတ်ထားတွေ၊ နေထိုင်လှုပ်ရှားတဲ့ အပြုအမူတွေကလည်း ပြောင်းလဲရမှာသာ ဖြစ်ပါတယ်။ ။

---

# မိတ္ထီလာမြို့နယ်၌ သွားလာမှုကန့်သတ်ထားရှိသည့်နေရာများ ပိုးသတ်ဆေးဖျန်း

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ သွားလာမှုကန့်သတ်ထားရှိသည့်နေရာများအား ယနေ့နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ကင်းဝေးစေရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းတို့မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများမှ မိမိတို့နေရပ်သို့ ပြန်လာသူများကိုလည်း အသွားအလာကန့်သတ်ထားသည့် နေရာများထားရှိပြီး ယင်းစင်တာများတွင် ၂၁ ရက် အသွားအလာကန့်သတ်၍ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ်တွင် သွားလာမှုကန့်သတ်ထား ရှိသည့်နေရာ ၁၂၃ ခုရှိပြီး ယင်းနေရာများတွင် ကိုဗစ်-၁၉ ကင်းဝေးစေရန် မီးသတ်ဦးစီးဌာနမှ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)




အသွားအလာကန့်သတ်နေရာများအား ပိုးသတ်ဆေးဖျန်းပေးစဉ်။

---

# ညောင်ဦးမြို့ ပြည်တွင်းအခွန်ရုံး၌ ပိုးသတ်ဆေးများ ပက်ဖျန်း

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးကို ကိုဗစ်-၁၉ ကင်းဝေးစေရန်အတွက် ပိုးသတ်ဆေးပက်ဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ဦးဆောင်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်နိုင်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အဆောက်အအုံအတွင်း လူဝင်လူထွက်များသည့် ဝင်ပေါက်၊ ထွက်ပေါက်များ၊ ရုံးအတွင်းရှိ ကြမ်းပြင်နှင့် စားပွဲများ ၊ ကုလားထိုင်များ ၊ ဝန်ထမ်းနေအိမ် လိုင်းခန်းများ၊ ဝန်ထမ်းနားနေဆောင်များ၊ ရေအိမ်သာများနှင့် ရုံးခြံဝင်းတံခါး လက်ရန်းများမကျန် နေရာအနှံ့ ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# မိုင်းရှူးမြို့၌ နမ့်ပန်ချောင်းကူးတံတားသစ်စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးတော့မည်

**မိုင်းရှူး မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်-မိုင်းရှူးမြို့သို့ သွားသည့် လမ်းပေါ်ရှိ နမ့်ပန်ချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသော နမ့်ပန်ချောင်းကူးတံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၂) မှ ဒုတိယညွှန်ကြားရေးမှူးဦးသန့်ဇင် (မြို့ပြ) နှင့် တံတားတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ယခင်ကြိုးတံတားအဟောင်းနှင့် ကပ်လျက် ဆောက်လုပ်လျက်ရှိသည်။

ယခုချိန်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ကျန်ရှိသည့်လုပ်ငန်းများကို စက်တင်ဘာလမတိုင်မီ ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးကြီးကြပ်သူ အင်ဂျင်နီယာဦးစန်းမြင့်အောင်ထံမှ သိရ သည်။

နမ့်ပန်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၏ ခန့်မှန်းတန်ဖိုးမှာ (ချဉ်းကပ်လမ်းအပါအဝင်) ငွေကျပ်သန်း ၃၃၀၀ ဒသမ ၀၀၀ ကုန်ကျခံဆောက်လုပ်ခြင်းဖြစ်ကြောင်းသိရပြီး တံတားသစ်၏အရှည်မှာ ၁၃၀ မီတာ၊ ယာဉ်သွားလမ်း အကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် ၁ ဒသမ ၀ မီတာရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ကာ ၇၅ တန် (ယာဉ်တစ်စီးချင်း)ဖြတ်သန်းနိုင်မည်ဖြစ်သည်။

လက်ရှိအသုံးပြုသည့် နမ့်ပန်ချောင်းတံတား(မိုင်းရှူးကြိုးတံတား) သည် နှစ်ကာလကြာမြင့်လာသည်နှင့် အမှုရာသီဥတုဒဏ်များကြောင့် ရေရှည်တွင် ကုန်စည် စီးဆင်းမှုများ နှောင့်နှေးမှုများဖြစ်လာနိုင်သဖြင့် တံတားသစ်တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိန်လှိုင်(ပြန်/ဆက်)



မိုင်းရှူးမြို့ နမ့်ပန်ချောင်းကူးတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

## ကွမ်းခြံကုန်းမြို့နယ်၌ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များပူးပေါင်း၍ သောက်သုံးရေလှူဒါန်း



**ကွမ်းခြံကုန်း မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မုဒိတာလူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ရေအခက်အခဲဖြစ်ပေါ်နေသော မေတ္တာကျေးရွာသို့ ယမန်နေ့က သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုတွင် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးမြတ်သူထိုက် ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မုဒိတာလူမှုကူညီရေးအသင်းသားများက ရေဂါလန် ၃၄၀၀ သွားရောက်လှူဒါန်းပေးခဲ့ပြီး ရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပံ့ပိုးကူညီပေးသည်။ မြို့နယ် မီးသတ်ဦးစီးဌာနမှ မေ ၄ ရက်က ပထမအကြိမ်ဂါလန် ၈၀၀ သွားရောက် လှူဒါန်းခဲ့ပြီး ယခုအကြိမ်သည် ဒုတိယမြောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းစိုး(ပြန်/ဆက်)

## ဖာပွန်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိနေရာများသို့ ရေလှူဒါန်း

**ဖာပွန် မေ ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေအခက်အခဲရှိသောနေရာများသို့ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ယမန်နေ့က မဲသလွတ်ကျေးရွာသို့ သွားရောက်လှူဒါန်းသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်အောင်နှင့် တပ်ဖွဲ့ဝင်များက ဖာပွန်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဧပြီလမှစတင်ကာ သောက်သုံးရေအခက်အခဲရှိသည့်နေရာများသို့ လှူဒါန်းပေးလျက်ရှိကြောင်းနှင့် လိုအပ်ချက်ရှိနေရာများသို့လည်း ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

စိုင်းကျော်ဝဏ္ဏ၊တိုးဝေဇင်(ပြန်/ဆက်)

## ဟိုပုံးမြို့၌ ချည်သား ပိတ်စဖြင့် ချုပ်လုပ်ထားသော နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေ

**ဟိုပုံး မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ရေးကာလအတွင်း ဒေသခံများအတွက် အခမဲ့ဖြန့်ဝေရန် ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တန်ဖိုးနည်း နှာခေါင်းစည်းများ ချုပ်လုပ်ပြီး ယနေ့ နံနက်ပိုင်းတွင် ဟိုပုံးမြို့ယာယီဈေးတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါနှာခေါင်းစည်းများကို ချည်သား ပိတ်စဖြင့် စနစ်တကျ ချုပ်လုပ်ထားပြီး ဒေသတွင်း အခြေခံလူတန်းစားများ၊ ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ရန်နှင့် လက်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကို ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်က ပြောသည်။

နေမင်းထွန်း(ဟိုပုံး)

## ငဖဲမြို့နယ်၌ ကော်ဖီနှင့် အခြားပျိုးပင်ပေါင်း ခြောက်သောင်းကျော်ပျိုးထောင်ထားရှိ

**ငဖဲ မေ ၁၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံသည် တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့်ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးရန်အတွက် ကော်ဖီခြံပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်းခြောက်သောင်းကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါပျိုးဥယျာဉ်တွင် ကော်ဖီပင် ၃၀၀၀၀ ၊ မျောက်ငိုပင် ၃၀၀၀၀၊ ထောပတ်ပင် ၅၀၀၀ နှင့် အရိပ်ရခါတော်မီပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားရှိပြီး တောင်ပေါ်ဒေသ တောင်သူများ မိုးရာသီအမီ စိုက်ပျိုးနိုင်ရေးဖြန့်ဝေပေးမည်ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းထံမှ သိရသည်။

မယု(ငဖဲ)

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

**နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း**

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပုသိမ်မြို့၌ စပါးနှင့်ဆန် အရောင်းအဝယ် အနည်းငယ်လျော့နည်း

**ပုသိမ် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီးတစ်ခုဟု တင်စားခေါ်ဝေါ်ကြပြီး ဆန်စပါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြသူလည်း များပြားကြသည်။ ယခုအခါ ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ ယနေ့အချိန်အထိ စပါးနှင့် ဆန်စက်လုပ်ငန်း လုပ်ကိုင်နေသူများက စပါးနှင့် ဆန်ရောင်းဝယ်မှုမှာ သင်္ကြန်မတိုင်မီကာလတွင် ရောင်းဝယ်မှု အားကောင်းကြောင်းနှင့် သင်္ကြန်ပြီးကာလမှစ၍ အရောင်းအဝယ်အားနည်းပြီး ဈေးနှုန်းများလည်း ကျဆင်းကြောင်း သိရသည်။

ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းရှိ စိန်သရဖူ ဆန်စက်လုပ်ငန်းရှင် ဦးစံအောင်က သင်္ကြန်မတိုင်မီ စပါးနှင့်ဆန်မှာ အရောင်းအဝယ်ကောင်းကြောင်း၊ သင်္ကြန်ပြီးကာလတွင် အရောင်းအဝယ်အတော်အေးသလို ဈေးနှုန်းများလည်း ကျဆင်းသွားကြောင်း၊ သင်္ကြန်မတိုင်မီကာလမှာ ကိုဗစ်-၁၉ ကို စိုးရိမ်တကြီးဖြစ်၍ ဝယ်ယူစုဆောင်းမှုကြောင့်ဟုထင်ကြောင်း ပြောသည်။

ထို့အပြင် ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ ဦးချိုဆန် စက်လုပ်ငန်းရှင် ဦးမျိုးဝေက သင်္ကြန်ပြီးကာလ အရောင်းအဝယ်အေးရခြင်းမှာ အစိုးရအဖွဲ့များနှင့် အလှူရှင်များက မြို့နယ်များရှိ အခြေခံလူတန်းစားများအား ဆန် နှင့် စားသောက်ကုန်များ လှူဒါန်းမှုသည်လည်း တစ်ခုပါဝင်ကြောင်း၊ ဧပြီ ၃၀ ရက်တွင် မြို့နယ်မှ စက်ရုံစစ်ဆေးရေးအဖွဲ့များ စစ်ဆေးခဲ့ပြီးနောက် စက်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီး အလုပ်သမား ၇၀ ခန့်ဖြင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း ပြောသည်။



ပုသိမ်မြို့ရှိ ဆန်စက်တစ်ခုကို တွေ့ရစဉ်။

ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များသို့ ဆန်အများဆုံးတင်ပို့လျက်ရှိပြီး ယခုလက်ရှိ ဆန်တစ်အိတ်လျှင် ပုသိမ် ဧရာဝတီပေါ်ဆန်းမွေး ငွေကျပ် ၄၀၀၀၀၊ ပုသိမ်ပေါ်ဆန်းရင် ငွေကျပ် ၃၆၀၀၀ ၊ သီးထပ်ရင် ငွေကျပ် ၂၃၀၀၀၊ မနောသုခ ငွေကျပ် ၂၈၀၀၀၊ ရက် ၉၀ ဆန် ငွေကျပ် ၂၄၅၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

# မြေအောက်ရေဖြင့် နွေစပါးအစားထိုး နွေနှမ်းများ စိုက်ပျိုး

**ဒီပဲယင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်သည် သဖန်းဆိပ်ဆည်ရေနည်းပါးမှုကြောင့် နွေစပါးစိုက်ပျိုးရေပေးဝေမှုမရှိသဖြင့် နွေစပါးအစား နွေနှမ်းများကို မြေအောက်ရေဖြင့် စိုက်ပျိုးကြသည်။

တောင်သူများက နွေနှမ်းစိုက်ပျိုးခြင်းသည် နွေစပါးတစ်ဧက စိုက်ပျိုးကုန်ကျမှုထက် နွေနှမ်းစိုက်ပျိုးကုန်ကျစရိတ်သည် တစ်ဝက်သက်သာပြီး ရာသီဥတုနှင့် အဆင်ပြေကိုက်ညီမှုရှိပါက အထွက်နှုန်းတစ်ဧက ၁၀ တင်းနှင့် ၁၂ တင်းကြား ထွက်ရှိမည်ဖြစ်၍ နှမ်းနက်တစ်တင်း ငွေကျပ် ၇၀၀၀၀ ရောင်းရမည်ဖြစ်သောကြောင့် စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း ခွန်တောင်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးသာဌေးက ပြောသည်။

ဒီပဲယင်းမြို့နယ်သည် ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးပင်များ အနှံထွက်ချိန် ဖြုတ်ညိုပိုးများ



ကျရောက်ခဲ့၍ စပါးအထွက်နှုန်းသိသိသာသာ လျော့ကျကာ တောင်သူများ အရှုံးပေါ်ခဲ့သော်လည်း တောင်သူများက ယခုနှစ်နွေနှမ်း စိုက်ပျိုးခြင်းဖြင့် စီးပွားရေးအဆင်ပြေမှုများ ရှိလာနိုင်ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

# ပြင်လွှင်ဦးမြို့နယ် ပြင်ကြီးရွာရှိ သရက်စိုက်တောင်သူများ ဈေးကောင်းရချိန်ကို မျှော်လင့်

**ပြင်ဦးလွင် မေ ၁၀**

ပြင်ဦးလွင်မြို့နယ် ပြင်ကြီးကျေးရွာ၌ သရက်စိုက်တောင်သူ အများအပြားရှိနေရာ ယခုနှစ် သရက်သီးရာသီတွင် ဈေးကောင်းရချိန်ကို မျှော်လင့်နေကြကြောင်း တောင်သူဦးမောင်ဦးက ပြောသည်။

"ပြင်ကြီးရွာက သရက်တွေက မန္တလေး၊ ကျောက်ဆည်၊ မြစ်သား၊ ရပ်စောက်၊ ပင်းတယစတဲ့ မြို့တွေထက် အထွက်နောက်ကျတယ်။ ကျန်တဲ့မြို့တွေအားလုံးမှာ အသီးကုန်ပြီး နောက်ဆုံးမှထွက်တဲ့ သဘောပေါ့။ အခုချိန်ထွက်နေတဲ့ သရက်တွေက ကိုဗစ်-၁၉ ကြောင့် သယ်ယူတင်ပို့ရောင်းချနေရတာတွေမှာ အခက်အခဲဖြစ်ပြီး ဈေးကောင်းမရဘူးလို့လည်း ကြားနေရတယ်။ ဒီရွာမှာ စိုက်ပျိုးနေတဲ့ သရက်တွေက ဝါဆို၊ ဝါခေါင်လတွေမှာ လှိုင်လှိုင်ထွက်ကြတာကြောင့် အဲဒီအချိန်မှာ ကိုဗစ် -၁၉ ကာလလည်း ပြီးဆုံးလောက်ပြီလို့ထင်ရပြီး ဈေးကောင်းရကြလိမ့်မယ်လို့ မျှော်လင့်နေပါတယ်" ဟု ၎င်းက ပြောသည်။

ပြင်ကြီးကျေးရွာသည် ပြင်ဦးလွင်မြို့နှင့် မိုင် ၂၀ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးဝေးကွာလွန်းခြင်းကြောင့် ယခင်ကတည်းက မုန်ညင်း၊ မုန်လာ၊ ပန်းစသည့် ဒေသထွက်ရာသီပေါ် သီးနှံများကို စိုက်ပျိုး ထုတ်လုပ်ခြင်းမရှိကြဘဲ နေကြာ၊ ပြောင်း၊ စပါးသီးနှံတို့ကိုသာ အဓိကထား စိုက်ပျိုးလျက်ရှိရာမှ ယခုအခါ သရက်ကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။

"ရွာမှာအိမ်ခြေ ၃၀၀ ကျော်ရှိတဲ့အထဲမှာ အိမ် ခြေ ၂၀၀ ကျော်က သရက်ကို စိုက်ပျိုးနေကြပါပြီ။ လေးဧက၊ ငါးဧကကနေ ဧကဆယ်ချီ၊ ရာချီစိုက်ပျိုးနေကြပြီး သရက်ပင်တွေကလည်း အိမ်တစ်အိမ်ကို ရာဂဏန်း၊ ထောင်ဂဏန်းအထိ ပိုင်ဆိုင်နေကြတယ်။ သရက်သီးတွေကို တရုတ်နိုင်ငံအထိ တင်ပို့ရောင်းချတာကိုတော့ ၂၀၁၆ ခုနှစ်မှာ စတင်လုပ်ကိုင်နိုင်ခဲ့ကြတယ်။ အခု ရွာမှာ သရက်လုပ်ငန်းက အဓိက စီးပွားရေးလုပ်ငန်းတစ်ခုလို ဖြစ်လာတဲ့အပြင် သရက်ပင်တွေနဲ့ရောပြီး အရင်စိုက်ပျိုးနေကျ ပြောင်းပင်တွေကို စိုက်ပျိုးနိုင်ကြလို့ ပိုပြီးအဆင်ပြေနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ပြင်ကြီးရွာ၌ စိုက်ပျိုးနေကြသည့် သရက်ပျိုးပင်များကို ကျောက်ဆည်၊ မြစ်သား စသည့်မြို့များမှ သယ်ယူစိုက်ပျိုးကြပြီး စိန်တလုံးသရက်မျိုးတစ်ခုတည်းကိုသာ ရွေးချယ်စိုက်ပျိုးနေကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လယ်ယာမြေ ၂၃၂၅ ဧကကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်းတည်ဆောက်

**ထီးချိုင့် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပျဉ်းစုကျေးရွာရှိ လယ်ယာမြေဧက ၂၃၂၅ ဧကကျော်မှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းလွယ်ကူလျင်မြန်စွာ ရောက်ရှိရန် ရည်ရွယ်၍ ကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်း တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါအရှည် ၁ မိုင် ၄ ဖာလုံ/အကျယ် ၁၂ ပေကုန်ထုတ်လမ်း၊ (အကျယ် ၁၈ x အနံ ၁၀)ပေ လမ်းဖြတ်တံတားတစ်စင်းနှင့် ကွန်ကရစ်တံတား တစ်စင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၅ သန်းဖြင့် ဆန်းတင့်တယ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နော်အေးထူးက ပြောသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# မွန်မြတ်တဲ့ လစာ

သိုက်စိုးထွန်း (နတ်ရွာ)

" ခင်ဗျားတို့က ကျုပ်တို့ပြည်သူတွေပေးတဲ့လစာကို စားနေတဲ့သူတွေ၊ ဒါကြောင့် ကျုပ်တို့ခိုင်းတာ လုပ်ကြ" ဆိုတဲ့စကားမျိုးကို မကြာမကြာ ကြားခဲ့ရဖူးပါတယ်။ ဒီစကားက မမှန်ဘူးလို့ ငြင်းချက်ထုတ်လို့ မရနိုင်တဲ့ စကားလုံးဖြစ်ပေမယ့် ဒီအပြောအဆိုမျိုးကျတော့လည်း မှန်ကန်ရဲ့လားဆိုတာကို ပြန်လည်သုံးသပ်ရမယ့်အနေအထားမျိုးတော့ ရှိလိမ့်မယ်လို့ ထင်နေမိပါတယ်။ ပြီးတော့ ဒီစကားကြားရတိုင်း လခစားဝန်ထမ်းတစ်ယောက်ဆိုတာ အများသူငါထက်တစ်ဆင့်နိမ့်တဲ့ နေရာမှာများရောက်နေလေရော့သလားဆိုတဲ့ အတွေးမျိုးလည်း ဝင်နေခဲ့မိပါတယ်။ နောက်ပြီးတော့ ဒီလိုတွေ မကြာမကြာပြောနေခြင်းအားဖြင့် နားလည်မှုလွဲမှားနိုင်တဲ့တချို့လူတွေမှာ ပြည်သူ့ဝန်ထမ်းတွေအပေါ် ဖိနှိပ်ချုပ်ချယ်ချင်စိတ်ရှိလာစရာ လက်နက်တစ်ခု ရထားသလိုများ ဖြစ်နေလေမလားလို့လည်း တွေးမိပါတယ်။

ပြည်သူတွေပေးဆောင်လိုက်တဲ့အခွန်အခတွေထဲက တချို့တစ်ဝက်ကို ပြည်သူ့ဝန်ထမ်းလစာ ပေးချေတဲ့နေရာမှာသုံးစွဲတာဖြစ်တဲ့အတွက် အထက်ကစကားလုံးတွေက အမှန်စကားတွေလို့သာပြောရမှာပါ။ ပြည်သူ့ဝန်ထမ်းတွေက ဒီလစာကို လစဉ်ပုံမှန်ယူနေလိုက်ကြတာတော့မှန်ပါရဲ့။ ဒါပေမယ့် သူတို့က ဒီလစာတွေကို မတန်မရာယူနေကြတယ်လို့များ ထင်နေသူတွေရှိနေပြီလား၊ ဒါမှမဟုတ် တကယ်ရောမတန်မရာ အခြေအနေကို ရောက်နေပြီလားဆိုတာကိုလည်း တွေးဆဆင်ခြင်စရာရှိလာပါတယ်။


### ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ဆိုတာ

တကယ်တော့ ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ပြည်သူ့ဝန်ထမ်းတွေထဲက နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားရပ်ကိုပဲ ထုတ်ကြည့်လိုက်မယ်ဆိုပါစို့။ ဝန်ထမ်းတွေထဲမှာ အခြားအဆင့် ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့တောင်မှ အနည်းဆုံးတော့ အခြေခံပညာအလယ်တန်း၊ အထက်တန်းလောက် သင်ယူခဲ့ဖူးမှဖြစ်မှာပါ။ အငယ်တန်းစာရေးလောက်ဖြစ်ဖို့ဆိုရင် ဘွဲ့တစ်ခုခုရှိဖို့ လိုလာပါပြီ။

ဘွဲ့တစ်ခုရလို့ဆိုပြီး ဝန်ထမ်းတစ်နေရာကို အလွယ်တကူရသွားရောလားဆိုတော့ မဟုတ်သေးပြန်ပါဘူး။ ဘယ်ဌာနကအလုပ်ခေါ်နေသလဲဆိုတာကို စုံစမ်းရတယ်။ လျှောက်လွှာတွေတင်ရတယ်။ ထောက်ခံချက်တွေယူရတယ်။ ရေးဖြေတွေ၊ လူတွေ့နှုတ်ဖြေတွေဖြေရတယ်၊ ကျွမ်းကျင်မှုအရည်အချင်းတွေ လက်တွေ့စစ်ဆေးတဲ့အခါ အစစ်ဆေးခံရတယ်။ ဒါတွေကိုအဆင့်ဆင့်ဖြတ်သန်းပြီးမှ နေရာလေးတစ်ခု၊ ကုလားထိုင်ခုံအသေးလေးတစ်ခုမှာ ထိုင်ခွင့်ရကြတာပါ။ တချို့များ ကံအကြောင်းမတိုက်ဆိုင်တဲ့အခါ ဒီဌာနကခေါ်တယ်ဆို သွားဖြေလိုက်၊ နောက်တစ်ဌာနကခေါ်တယ်ဆို သွားဖြေလိုက်နဲ့ တစ်ခါဖြေလည်း မအောင်၊ နှစ်ခါဖြေလည်းမရနဲ့ ကြာလာတော့ စိတ်ဓာတ်တွေများတောင် ကျကျလာတတ်သေးတာပါ။

တစ်ခါတုန်းက သန့်ရှင်းရေးရာထူးအတွက် အလုပ်လျှောက်လွှာခေါ်လိုက်တာ မဟာဘွဲ့ရတစ်ယောက်က လာလျှောက်နေလို့ မနည်းချော့မော့ပြီးပြန်လွှတ်လိုက်ရဖူးပါတယ်။ သူ့အပြောကတော့ "တခြားအလုပ်မရသေးတာနဲ့စာရင် ဒီအလုပ်ကလေးရထားတာလည်း မဆိုးဘူးလို့တွေးမိလို့ပါ၊ ပြီးမှ နောက်တစ်ဆင့်လှမ်းမှာပါ။ ပြီးတော့ ဝန်ထမ်းလုပ်ဖို့အတွက် အသက်ကလည်းကျော်တော့မှာမို့"တဲ့။ သူ့အကြောင်းပြချက်နဲ့ သူတော့ ကျိုးကြောင်းဆီလျော်ပါတယ်။ ဒါပေမယ့် သူ့လျှောက်လွှာကို ပြန်ရုပ်သိမ်းသွားပါတယ်။ ယာယီပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် မဟာဘွဲ့ရတစ်ယောက်အတွက် သူရမယ့်ရာထူးနဲ့ မသင့်လျော်ဘူးလို့ ယူဆသွားလို့ထင်ပါရဲ့။ ပြောချင်တာကတော့ ဝန်ထမ်းတစ်နေရာလောက်ရဖို့ဆိုတာ သိပ်တော့ မလွယ်ဘူးဆိုတဲ့အကြောင်းပါ။

အရာထမ်းရာထူးတစ်ခုရဖို့ဆိုရင် ပိုပြီးတော့တောင် မလွယ်သေးတာပါ။ စာရေးဝန်ထမ်းကနေ အဆင့်ဆင့်ရာထူးတက်ပြီးမှ အရာထမ်းဖြစ်သွားသူတွေရှိသလို ပြည်ထောင်စုရာထူးဝန်အဖွဲ့က လျှောက်လွှာခေါ်ယူတဲ့



"ဝန်ထမ်းတစ်ယောက်ဖြစ်လာဖို့ လွယ်တာမဟုတ်သလို ရပ်တည်ဖို့လည်း လွယ်တာမဟုတ်ပါဘူး။ ပြီးတော့ ဒီလစာတွေကိုလည်း ဘာမှမလုပ်ဘဲ အခန့်သား ထိုင်ထုတ်၊ ထိုင်စားနေကြရတာမျိုး မဟုတ်ပါဘူး။ ထိုက်သင့်တဲ့အရည်အချင်း တစ်ခုကြောင့်သာ ရခဲ့ကြသလို လျော်ကန်တဲ့ ကြိုးစားအားထုတ်မှုတစ်ခုကြောင့်သာ နေရာလေးတစ်ခုမှာ တည်မြဲနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်က ချီးမြှင့်ထားတဲ့ လစာတို့၊ ရိက္ခာတို့ဆိုတာတွေကိုလည်း ထိုက်သင့်တဲ့အတိုင်းသာ ချီးမြှင့်နေတာဖြစ်"

အခါ ဝင်ရောက်ဖြေဆိုပြီး ပြန်တမ်းဝင်အရာရှိ တန်းဖြစ်သွားသူတွေလည်း ရှိပါတယ်။ သေချာတာကတော့ ဒီနှစ်မျိုးစလုံးက အလွယ်တကူနဲ့ရနိုင်တာမျိုးမဟုတ်တာပါပဲ။ အဆင့်ဆင့်တက်ရသူတွေမှာ တချို့ရာထူးတွေအတွက် အနည်းဆုံး နှစ်နှစ်၊ တချို့ရာထူးတွေအတွက် အနည်းဆုံးသုံးနှစ်လောက် အလုပ်လုပ်ပြီးမှ နောက်ထပ်တစ်ဆင့်ကို တက်လှမ်း နိုင်ကြတာပါ။ တစ်ဆင့်နဲ့တစ်ဆင့် ဆိုတာကလည်း ဓာတ်လှေကားနဲ့တက်ရသလို ဝေါခနဲတက်သွားလို့ရတာမျိုး မဟုတ်ပါဘူး။ သာမန်လှေကားထစ်တွေကနေ တစ်ဆင့်ပြီးမှ တစ်ဆင့်၊ ဖြည်းဖြည်းချင်းတက်သွားကြရတာမျိုးပါ။ ဒါတောင်မှ တချို့ဌာနတွေကျတော့ အမှုထမ်း၊ အရာထမ်းကို ဝင်ပေါက်ခွဲထားသေးတာပါ။

ဝင်ပေါက်ခွဲတယ်ဆိုတာက အမှုထမ်းက လုပ်သက်တွေဘယ်လောက်ပဲများများ ဌာနခွဲစာရေးရာထူးလောက်ရောက်ရင် ရပ်သွားတာမျိုး၊ ရှေ့ဆက်ပြီး အရာထမ်းဖြစ်ဖို့ မလွယ်တော့တာမျိုးပါ။ တချို့ဌာနတွေကျတော့ အငယ်တန်းစာရေးပြီး အကြီးတန်းစာရေး၊ အကြီးတန်းစာရေးပြီး ဒုတိယဦးစီးမှူး၊ ဒုတိယဦးစီးမှူးပြီးရင် ဦးစီးအရာရှိ စသည်အားဖြင့် အမှုထမ်းအဆင့်ကနေ အရာထမ်းအဆင့်အထိ တဖြည်းဖြည်း မြင့်တက်သွားနိုင်ခွင့်ရှိပါတယ်။ တချို့ ဌာနတွေကျတော့ ဒီလိုမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်တစ်ဆင့်ကနေ တစ်ဆင့်ကူးတယ်ဆိုရာမှာလည်း ပြန်လည် စစ်ဆေးမှုတွေ သတ်မှတ်ချက်နဲ့အညီဆောင်ရွက်ပြီးမှ အများနဲ့ ပြန်လည်ယှဉ်ပြိုင်ဖြေဆိုပြီးမှ တစ်ဆင့်တက်ခွင့်ရတာမျိုးပါ။ တစ်ဆင့်တက်ဖို့ ဘယ်လောက်ခက်သလဲ ဆိုတာကိုလည်း ဖြေဆိုဖူးတဲ့သူတွေ ပိုသိနိုင်ပါတယ်။ ဖွဲ့စည်းပုံသဘောတရားကိုက ပိရမစ်ပုံဖြစ်တဲ့အတွက်လူတစ်ယောက်ဟာ ဘယ်လောက်ကြာရင် ရာထူးတက်သွားနိုင်တယ်ဆိုတာကို ပုံသေမှန်းလို့ မရနိုင်ပါဘူး။ ရာထူးမြင့် လာလေ လေ၊ ခန့်ထားနိုင်တဲ့အရေအတွက် နည်းသွားလေလေ ဖြစ်တဲ့အတွက် အရည်အချင်းမျိုးစုံ သာလွန်သူတွေကသာ စစ်ဆေးအကဲဖြတ်မှုတွေကို ကျော်လွှားနိုင်ပြီး တစ်ဆင့်ပြီး တစ်ဆင့် မှန်မှန်တက်သွားနိုင်ကြတာပါ။ တကယ့်ကို ထူးခြားပြောင်မြောက်တဲ့ အရည်အချင်းမျိုး ပိုင်ဆိုင်သူတွေမှသာ ရာထူးတစ်ဆင့်ကိုခုန်ကျော်ပြီး တက်နိုင်ကြတာပါ။ ဝန်ထမ်းတစ်ယောက်က ရာထူးတိုးပေးဖို့ သတ်မှတ်အရည် အချင်းတွေပြည့်စုံနေရင်တောင်မှ အခြေအနေကိုးမျိုးထဲက တစ်မျိုးမျိုးနဲ့ ငြိစွန်းနေရင် တိုးပေးလို့ မရသေးပါဘူးတဲ့။ ဒါတွေက နိုင်ငံ့ဝန်ထမ်းဥပဒေမှာ အလွယ်တကူ လေ့လာဖတ်ရှုလို့ ရနိုင်ပါတယ်။

### နိုင်ငံ့ဝန်ထမ်းဥပဒေအောက်မှာနေထိုင်

အမှုထမ်းကနေ အရာထမ်းအထိ အဆင့်ဆင့်ကူးရတာ မလွယ်သလို အရာထမ်းရာထူးကို တန်းရဖို့ ဆိုတဲ့ကိစ္စကလည်း တကယ်ကိုမလွယ်ပါဘူး။ ရာထူးတစ်မျိုး အတွက် လျှောက်လွှာခေါ်ယူလိုက်ပြီဆိုတာနဲ့ သတ်မှတ်ချက်မှုဘောင်နဲ့ကိုက်ညီသူတွေက အများကြီးပါ။ အားလုံးအတွက် တံခါးဖွင့်ပြီး စိတ်ကြိုက်ရွေးချယ်ခန့်ထားမှာဖြစ်တဲ့အတွက် လျှောက်ထားသူတွေကလည်း အများကြီးမှ တကယ့်ကို အများကြီးပါ။ လျှောက်လွှာတွေအလုအယက်တင်ကြ၊ ပဏာမစစ်ဆေးမှုတွေ ဖြေလိုက်ကြ၊ ရေးဖြေတွေ ဖြေလိုက်ကြ၊ ကျန်းမာရေးတွေစစ်လိုက်ကြ၊ ကိုယ်လက်ကြံ့ခိုင်ရေးတွေ စစ်လိုက်ကြ၊ စိတ်အခြေအနေတွေ စစ်လိုက်ကြ၊ လူတွေ့နှုတ်ဖြေအင်တာဗျူးတွေ စစ်လိုက်ကြနဲ့ ဆန်ခါအထပ်ထပ်ချပြီးမှ နောက်ဆုံးကျန်တဲ့ စပါးကောင်း၊ ပဲကောင်းရသလို လျှောက်လွှာတင်လာသူတွေ ထောင်သောင်းထဲကမှ အထူးချွန်ဆုံး၊ အသင့်လျော်ဆုံးလို့ယူဆရတဲ့သူတွေကို သေသေချာချာ စစ်စစ်ပေါက်ပေါက် စိစစ်ရွေးချယ်ပြီးတော့မှ ရာထူးတစ်နေရာရတာပါ။ ဒါတောင်မှ အလုပ်တန်းခန့်တာ၊ လစာတန်းပေးတာ မဟုတ်သေးပါဘူး။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ သုံးလခွဲလောက် သင်တန်းတွေ ပေးပြီးမှ၊ ဒီသင်တန်းကာလအတွင်းမှာ သတ်မှတ်စည်းကမ်းတွေဖောက်ဖျက်လို့ အိမ်ပြန်အပို့မခံရဘူးဆိုမှ ရာထူးလေးတစ်နေရာ ရကြတာမျိုးပါ။

နေရာရဖို့ကသာ ခက်ခဲနေတာပါ။ ဒီနေရာလေးကနေ ပျောက်သွားဖို့အတွက်ကတော့ လွယ်သလားမမေးပါနဲ့တော့။ လွယ်မှလွယ်။ စည်းကမ်းလေးတစ်ချက်ဖောက်လိုက်တာနဲ့ အရေးယူခံရဖို့အနေအထားပါ။ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို မဖောက်ဖျက်ဘဲ နေနိုင်ပါမှ ဆက်ပြီးမြဲနေနိုင်တာပါ။

ဘာပဲပြောပြော ဝန်ထမ်းတစ်ယောက် သူ့ရာထူးမှာ တည်မြဲနေဖို့ကတော့ စောင့်ထိန်းလိုက်နာရတဲ့ အချက်တွေ အများကြီးရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပါပြဋ္ဌာန်းချက်တွေကို အလေးထားလိုက်နာရတဲ့အပြင် တခြားတည်ဆဲ ဥပဒေတွေကိုလည်း လိုက်နာရပါတယ်။ အပြောမှားလို့ မရဘူး၊ အလုပ်မှားလို့မရဘူး၊ ဘာမှမှားလို့မရဘူး။ မှားပြီဆိုတာနဲ့ အရေးယူခံရပြီသာမှတ်။ ဆူးကြားက ဘူးသီးတဲ့။ လေတိုက်လို့မလှုပ်လိုက်နဲ့၊ တုပ်တုပ်မျှမလှုပ်လိုက်နဲ့။ လှုပ်တာနဲ့ စူးခနဲတစ်ချက်နာပြီးသားလို့ သာမှတ်။ အတိမ်းအစောင်းအမှားအယွင်းမခံဘူး။ မတိမ်းမစောင်း ဗိန်းဗောင်းနဲ့ကြွရတာ သူတို့ပေါ့။ မှားမှာကြောက်လို့ မမှားအောင်ဆိုပြီး မလုပ်၊ မရှုပ်လုပ်နေလို့လည်း မရပြန်ဘူး။ ဒါဝန်ထမ်းဘဝပါပဲ။

ဝန်ထမ်းဘဝမှာ ရိုးရိုးကုပ်ကုပ်နေထိုင်လုပ်ကိုင်စားသောက်ကြမယ်။ အချိန်တန်တော့ အငြိမ်းစားယူကြမယ်။ တစ်နေရာရာမှာ အခြေချနေထိုင်ကြမယ်။ ကလေးတွေကို ကိုယ့်ထက်မြင့်မားတဲ့အခြေအနေရောက်အောင် တတ်နိုင်သမျှပျိုးထောင်ကြမယ်။ ဒါက ဝန်ထမ်းအများစု ရဲ့ ရိုးရှင်းတဲ့ဘဝအိပ်မက်ကလေးတွေ ဖြစ်ပါတယ်။ လုပ်သက်နှစ်ပေါင်းသုံးဆယ်ဝန်းကျင်လောက်မှ ထိုက်သင့်တဲ့ လစာတွေရကြတယ်။ အငြိမ်းစားယူတော့လည်း အငြိမ်းစားလစာနည်းနည်းရကြတယ်။ ဒါပါပဲ။ ဒီလောက်ပါပဲ။ လစာနှုန်းထားတွေ ဆိုတာကတော့ နှစ်သိန်းမပြည့်တဲ့အဆင့်ကနေ ချီးမြှင့်ငွေရောပေါင်းမှ ခုနစ်သိန်းအထိရတဲ့သူတွေ ရှိပါတယ်။ ဒါကိုများတယ်၊ နည်းတယ်လို့ ဝေဖန်ရမယ့်အချိန်အခါတော့လည်း မဟုတ်သေးပါဘူး။ အခြေအနေ အချိန်အခါနဲ့လိုက်လျောညီထွေဖြစ်တဲ့ လုပ်ခလစာနှုန်းထား ဖြစ်တယ်လို့သာ ပြောရမှာဖြစ်ပါတယ်။

ဖောက်ထွက်ဖြာခွဲပြီး ရိုးသားသူတွေအကြောင်း၊ မရိုးသားသူတွေအကြောင်း တစေ့တစောင်း ပြောနေရင်လည်း ပြောစရာတွေကတော့ အများကြီးရှိမှာပါပဲ။ ချီးမြှင့်မြှောက်စားထိုက်လို့ အဆောင်အယောင်တွေ၊ ရာထူးတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ ချီးမြှင့်မြှောက်စားနေရသူတွေရှိသလို မကြာခဏမှားယွင်းတိမ်းစောင်းနေလို့ အရေးယူ အပြစ်ပေးနေရသူတွေလည်း အများကြီးပါပဲ။ အဆိုးအကောင်း အကျိုးအကြောင်းကတော့သူ့အကြောင်းနဲ့ သူရှိကြပါတယ်။ အားလုံးကောင်းတယ်လို့ မဆိုဝံ့သလို အားလုံးဆိုးတယ်လို့လည်း မဆိုသင့်ပါဘူး။

### ထိုက်သင့်တဲ့လုပ်ခလစာ

ဒီနေရာမှာ အဓိကတင်ပြလိုတာကတော့ "ခင်ဗျားတို့က ကျုပ်တို့ပြည်သူတွေပေးတဲ့လစာကို စားနေတဲ့သူတွေ၊ ဒါ့ကြောင့် ကျုပ်တို့ခိုင်းတာလုပ်ကြ"ဆိုတဲ့ စကားမျိုးတွေနဲ့ပတ်သက်တဲ့ကိစ္စပါ။

ပြောခဲ့ပြီးပါပြီ။ ဝန်ထမ်းတစ်ယောက်ဖြစ်လာဖို့ လွယ်တာမဟုတ်သလို ရပ်တည်ဖို့လည်း လွယ်တာမဟုတ်ပါဘူး။ ပြီးတော့ ဒီလစာတွေကိုလည်း ဘာမှမလုပ်ဘဲ အခန့်သားထိုင်ထုတ်၊ ထိုင်စားနေကြရတာမျိုး မဟုတ်ပါဘူး။ ထိုက်သင့်တဲ့အရည်အချင်းတစ်ခုကြောင့်သာ ရခဲ့ကြသလို လျော်ကန်တဲ့ ကြိုးစားအားထုတ်မှုတစ်ခုကြောင့်သာ နေရာလေးတစ်ခုမှာ တည်မြဲနေတာဖြစ်ပါတယ်။ နိုင်ငံတော်က ချီးမြှင့်ထားတဲ့ လစာတို့၊ ရိက္ခာတို့ ဆိုတာတွေကိုလည်း ထိုက်သင့်တဲ့အတိုင်းသာ ချီးမြှင့်နေတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ မတန်မရာ ဒီအတိုင်းရနေကြတာမျိုး မဟုတ်ပါဘူး။

ဝန်ထမ်းတစ်ယောက်အနေနဲ့ စဉ်းစားစရာတွေလည်း ရှိပါတယ်။ ရရှိတဲ့လစာနဲ့လျော်ညီတဲ့ ကြိုးစားအားထုတ်မှုတွေ၊ ဝန်ဆောင်မှုတွေ ကိုယ့်ဘက်က တာဝန်ကျေပွန်အောင် ပေးနေဖြစ်ရဲ့လားပေါ့။ ရာထူးဝင်ပေါက်ကိုတိုးခဲ့တုန်းက ကျွမ်းကျင်မှုနဲ့ ပညာအရည်အချင်းတွေကို မမှန်မကန် ဖြည့်စွက်ရေးသားပြီး ဖော်ပြခဲ့သလားပေါ့။ စာရွက်စာတမ်းအထောက်အထားတွေကို အတုပြုလုပ်ပြီး ယှဉ်ပြိုင်ခဲ့သလားပေါ့။ ဒါတွေ ကိုယ့်ကိုယ်ကိုယ်သေချာမေးပြီးလို့ ကိုယ့်ဘက်ကလည်း မှန်မှန်ကန်ကန်နဲ့ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့တယ်၊ ဒီကနေ့ဒီအချိန်အထိ ကိုယ်နဲ့သက်ဆိုင်တဲ့လုပ်ငန်းဆောင်တာတွေကို တာဝန်ကျေအောင် ဆောင်ရွက်နေဖြစ်တယ်ဆိုရင်တော့ လုပ်ခလစာကို လိပ်ပြာလုံလုံနဲ့ ထုတ်ယူသုံးစွဲနိုင်ပြီလို့ ဆိုရမှာပါ။ ပြီးတော့ အရေးအကြီးဆုံးက ဒီအလုပ်၊ ဒီတာဝန်ကို လေးစားမြတ်နိုး တန်ဖိုးထားတဲ့စိတ်နဲ့ လုပ်ကိုင်

စာမျက်နှာ ၂၄ သို့

# ချင်းတွင်းမြစ်အတွင်း မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းများ အများဆုံးလုပ်ကိုင်နေ

**မုံရွာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းများကို ချင်းတွင်းမြစ်အတွင်းမှအများဆုံး ထုတ်ယူ လုပ်ကိုင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက ပြောသည်။



"မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းကို တစ်နှစ်တစ်ကြိမ် ခွင့်ပြုပေးတယ်။ မြစ်သဲကျောက်ထုတ်လုပ်မယ့် ဧရိယာတွေက ရေလမ်းကြောင်းထိခိုက်မှု ရှိမရှိကျွန်တော်တို့ဌာနက ကွင်းဆင်းစစ်ဆေးတယ်။ ရေလမ်းကြောင်းနဲ့ လွတ်ကင်းတယ်ဆိုရင် ကျွန်တော်တို့က ထောက်ခံပေးရတယ်။ လုပ်ကိုင်ခွင့်ကိုတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးက ထုတ်ပေးတယ်။ ချင်းတွင်းမြစ်ထဲမှာ မြစ်သဲကျောက်ထုတ်ယူမှုက အများဆုံးဖြစ်တယ်။ မြို့နယ်အနေနဲ့ဆိုရင် မုံရွာဧရိယာအတွင်းမှာ အများဆုံး လုပ်ကိုင်ကြတယ်။ လုပ်ငန်းရှင် ၇၀ လောက် ရှိတယ်။ ကျွန်တော်တို့ဌာနအနေနဲ့က ရေလမ်းကြောင်းပျက်စီးမှုလည်းမရှိရအောင် စနစ်တကျနဲ့ ထုတ်လုပ်နိုင်အောင် ကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ဆောင်ပြီး ဧရိယာသတ်မှတ်ပေးတဲ့ နေရာတွေမှာပဲ ထုတ်လုပ်ကြဖို့ ပြောပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြောသည်။

မြစ်သဲကျောက် ထုတ်ယူနေမှုအနေဖြင့် ချင်းတွင်းမြစ်အတွင်း ရှစ်နေရာ၌ လည်းကောင်း၊ မူးမြစ်အတွင်းသုံးနေရာနှင့် ယင်းမြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများအတွင်းမှ ခုနစ်နေရာတို့တွင် မြစ်သဲကျောက် ထုတ်ယူသုံးစွဲခြင်းများကို လုပ်ကိုင်ခွင့်များလျှောက်ထားပြီး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကျောက်ဆည်မြို့၌ စက်ရုံအလုပ်ရုံများ လိုက်လံစစ်ဆေး

**ကျောက်ဆည် မေ ၁၀**

ကျောက်ဆည်မြို့ စက်မှုဇုန်နယ်မြေအတွင်းရှိ စက်ရုံများတွင် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့် တိုင်းဒေသကြီး ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ စံသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများစနစ်တကျလည်ပတ်လုပ်ကိုင်နိုင်ရန် စိစစ်ရေးအဖွဲ့ဝင်များ ကြည့်ရှုခဲ့သည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးရာတွင် အလုပ်များလည်ပတ်လျက်ရှိသည့် ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ၊ အယ်လ်ဖာ ဘိလပ်မြေစက်ရုံ၊ ကီးချိန်အထည်ချုပ်စက်ရုံ၊ စိန်ရွှေအောင်မြင် စွပ်ကျယ်စက်ရုံနှင့် အလုပ်လည်ပတ်မှုမရှိသေးသည့်မုန့်စက်ရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အလုပ်ရှင်အလုပ်သမားများ ထမင်းစားသည့်နေရာနှင့် ထမင်းစားမှုစနစ်များ၊ လုပ်ငန်းခွင်တွင် အလုပ်လုပ်နေမှုများ၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ကျန်းမာရေးဝန်ဆောင်မှု ပေးထားသည်များ စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# သန်လျင်အထွေထွေရောဂါကုဆေးရုံ၌ စေတနာလုပ်အားရှင်များအား ကျန်းမာရေးအထောက်အကူပြုသင်တန်းပို့ချ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်- ၁၉ ကာလအတွင်း ပြင်ပဆေးခန်းများ ပိတ်ထားရချိန်တွင် သာမန်ဖျားနာပြည်သူများအား ဆေးကုသပေးနိုင်ရန်အတွက် Fever Clinic ဆေးခန်းကို သန်လျင်အထွေထွေရောဂါကုဆေးရုံ ပြင်ပလူနာဌာန ဆေးကုသဆောင်အနီး၌ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဖျားနာကုသဆေးခန်းတွင် ပါဝင်ကူညီပေးကြမည့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ စေတနာလုပ်အားရှင်များအား ကျန်းမာရေးအထောက်အကူပြုသင်တန်းကို ယမန်နေ့က အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဖျားနာကုသဆေးခန်း၌ ပါဝင်ကူညီကြမည့်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးတာဝန်ရှိသူများက ဆေးကုသမှုခံယူကြမည့်သူများနှင့် ထိတွေ့ရာတွင် ရှောင်ရန်၊ ဆောင်ရန်များ၊ ရောဂါကာကွယ်ရေးဝတ်စုံကို စနစ်တကျအဆင့်ဆင့်ဝတ်ဆင်နည်းနှင့် အန္တရာယ်ကင်းစွာပြန်လည်ချွတ်နည်းများကို လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ ဆေးခန်းဖွင့်လှစ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသောညွှန်ကြားချက်များနှင့် အညီ သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




သန်လျင်မြို့နယ်သည် ဝန်ထမ်းအများစုနေထိုင်ရာမြို့ဖြစ်သည်နှင့်အညီ ပြည်သူများ အလွယ်တကူဆေးကုနိုင်ရေးအတွက် Fever Clinic ဆေးခန်းကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးထားကာ ဖျားနာ၊ ချောင်းဆိုး၊ အာသီးရောင် လူနာများအတွက် မည်သူမဆို လာရောက်ပြသဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘင်အစည်းအရုံးနာယကများအား အိမ်တိုင်ရာရောက်ကန်တော့

**မန္တလေး မေ ၁၀**

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် CB Bank ဥက္ကဋ္ဌနှင့် ဦးခင်မောင်အေးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း သဘင်အစည်းအရုံးအဖွဲ့ဝင်များအား ကူညီထောက်ပံ့လျက်ရှိရာ ယမန်နေ့က မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နာယက မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသောနာယက ငါးဦးဖြစ်သည့် ဒေါက်တာ ရွှေနန်းတင်၊ ဦးသန်းအောင် (မန်းပန်တျာအကနည်းပြငြိမ်း)၊ ဒါရိုက်တာ အကယ်ဒမီ မောင်ယဉ်အောင်၊ ထပ်ဆင့်အကယ်ဒမီ စိန်မွတ္တာ၊ ဒေါ်မမနိုင် (ရုပ်သေးပညာရှင်)တို့အား အိမ်တိုင်ရာရောက်ကန်တော့ကြသည်။

ထိုသို့ ကန်တော့ရာတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ဦးနေဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနောင်၊ စည်းရုံးရေးမှူး ဒေါ်နန်းခင်မွေး၊ အလုပ်အမှုဆောင် ဒေါ်မြတ်နိုးသွေး၊ မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌနှင့် သဘင်လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့များက နာယကကြီးငါးဦးအား တစ်ဦးလျှင်ငွေကျပ်တစ်သိန်း၊ ဆီငါးပိဿာ၊ ဆန်တစ်အိတ်လှူဒါန်းကန်တော့ကြသည်။ ရန်ကုန်မြို့တွင် နေထိုင်ကြသော သဘင်အစည်းအရုံးနာယကများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဖိုးချစ်ဦးဆောင်သောအဖွဲ့က အိမ်တိုင်ရာရောက်ဆက်လက်ကန်တော့ကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

*စာမျက်နှာ ၂၃ မှ*

ဆောင်ရွက်ဖြစ်နေရဲ့လားဆိုတာကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး စိတ်ကျေနပ်လောက်တဲ့အဖြေတစ်ခု ရတယ်ဆိုရင်တော့ ဘယ်ခရီးကိုပဲနှင်နှင်၊ ဘယ်ရင်ပြင်ကိုပဲ လျှောက်လျှောက် ခေါင်းမော့ရင်ကော့ပြီးတော့ လျှောက်နိုင်ပါတယ်။ ဖနောင့်တော့ ကြွဖို့မသင့်ပါဘူး။

ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့သိမ်ငယ်စိတ်တွေနဲ့ ခပ်ငုံ့ငုံ့၊ ခပ်ကုပ်ကုပ်နေတာမကောင်းသလို ဆောင့်ကြွားကြွားနိုင်တာလည်းမကောင်းပါဘူး။ ကိုယ်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ထားသင့်သလို တစ်ပါးသူတွေလည်း သူတို့ကိုယ်သူတို့ ယုံကြည်မှုအပြည့် ရှိနေကြသင့်ပါတယ်။ ဝန်ထမ်းကလည်း သူ့ဝန်သူထမ်း၊ သူ့လစာသူခံစားနေသလို ပြည်သူကလည်း သူ့ဝမ်းသူ ရိုးရိုးသားသားကျောင်းပြီး ပေးဆောင်ရမယ့်အခွန်အခတွေကို ပြည့်ပြည့်ဝဝဆောင်နေကြတာပဲဖြစ်ပါတယ်။ ပြည်သူအားလုံးထဲက ဘယ်တစ်ဦးတစ်ယောက်ကိုမျှ ရှက်ရွံ့အားငယ်သွားအောင်၊ သိမ်ငယ်သွားအောင်ပြောဆိုဖို့ မသင့်သလို ဘယ်သူကဘယ်သူ့ထက်သာလို့ ဘယ်လိုခယတုပ်ကွနေကြစေ၊ ဘယ်သူကဘယ်သူ့ထက်နိမ့်လို့ ချိုးချိုးနှိမ်နှိမ်လုပ်ကြစေလို့တော့ လုပ်ဖို့မသင့်ပါဘူး။

အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ချစ်ခင်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတွေက လူ့လောကကို အလှဆင်သွားမှာဖြစ်ပါတယ်။ လူတန်းစားတစ်ရပ်ကိုမြင်လိုက်တာနဲ့ ဒါကရှုတ်ချရမယ့်လူတန်းစားပဲ၊ ဒါကမြှောက်ပင့်ရမယ့်လူတန်းစားပဲလို့ ဝါးလုံးသိမ်းခြုံငုံသတ်မှတ်လိုက်တာမျိုးထက် ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်အဖွဲ့အစည်းကမဆို ကောင်းသည်ဆိုးသည် ထိုနှစ်လီကို အလီလီ ပိုင်ဆိုင်နေကြသူတွေ ရှိနေကြတယ်ဆိုတဲ့အချက်ကို နှလုံးမူထားကြရမှာဖြစ်ပါတယ်။ အသက်မွေးမှုအရ အလုပ်တစ်ခုကိုလုပ်ကြတဲ့သူတွေ ရှိသလို အသက်မွေးမှုချည်းသက်သက်ကြောင့်သာမဟုတ်ဘဲ ကောင်းမြတ်တဲ့ရည်ရွယ်ချက်တွေကြောင့် အလုပ်အပေါ်မှာ ချစ်ခင်လေးစားတန်ဖိုးထားတဲ့စိတ်နဲ့ လုပ်ကိုင်နေကြသူတွေလည်း ရှိကြပါတယ်။

အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့။ ဂုဏ်မရှိတဲ့အလုပ်ဆိုတာတွေ ရှိကောင်းရှိနိုင်မှာဖြစ်ပေမယ့် ဂုဏ်ရှိတဲ့အလုပ်တွေထဲမှာတော့ ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အလုပ်လည်း ပါဝင်နေမှာဖြစ်ပါတယ်။ ဒါတော့သေချာပါတယ်။ သူ့ဂုဏ်သူ့သိက္ခာနဲ့သူနေနိုင်တဲ့ အခွင့်အရေးတွေ ဝန်ထမ်းတွေမှာလည်းရှိသလို ကမ္ဘာ့လူသားအားလုံးမှာလည်း ရှိပါတယ်။ တစ်ဦးတစ်ယောက်မကျန်ပေါ့။

**ကိုယ်စိုက်တဲ့အပင်ကအသီး ကိုယ်စားရ**

ကမ္ဘာမှာရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါအားလုံး ကိုယ်စိုက်တဲ့အပင်ကအသီးကို ကိုယ်စားနေကြရတာ ဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့အလုပ်အတွက် ထိုက်သင့်တဲ့ လုပ်ခလစာတွေရရှိနေကြတာဖြစ်ပါတယ်။ မင်း၊ သူဌေး၊ ကုန်သည်၊ လယ်ပိုင်ရှင်၊ လယ်သမား၊ ဆင်းရဲသားမကျန်ပေဆိုတဲ့ အလင်္ကာကျော်စွာရွှေမန်း ဦးတင်မောင်ရဲ့ အောင်ပါစေမေတ္တာပို့သီချင်းထဲကလို လူတန်းစားအားလုံး ကိုယ့်အပင်ကအသီး ကိုယ်ဆွတ်ခူးစားသုံးနေကြတာဖြစ်ပါတယ်။ ရိုးသားမှုနဲ့ရှင်သန်ဖြတ်သန်းနေသရွေ့ နေ့ရက်တိုင်းဟာ မင်္ဂလာတွေဖြစ်နေသလို ထုတ်ယူခဲ့တဲ့ လုပ်ခလစာအားလုံးဟာလည်း မွန်မြတ်တဲ့လစာတွေသာ ဖြစ်ပါတယ်။ ပေးသူနှင့်ယူသူဆိုတာထက် ကိုယ်ပေးသလောက် ကိုယ်ရ ကြတယ်လို့သာ သဘောပိုက်ရမှာ ဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းအားလုံး၊ နိုင်ငံ့ဝန်ထမ်းအားလုံး၊ ခန္ဓာ့ဝန်ထမ်းအားလုံး၊ သာသနာ့ဝန်ထမ်းအားလုံးမွန်မြတ်တဲ့ လစာတွေကိုသာ ထုတ်ယူခံစားနိုင်သူတွေ ဖြစ်ကြပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနိုင်သူတွေ ဖြစ်ကြပါစေ။ ။

# သီရိမင်္ဂလာဈေးရှိ လက်လုပ်လက်စားများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေရှိ သီရိမင်္ဂလာဈေးသစ်အတွင်း လက်လုပ်လက်စား၊ ပျံကျ၊ ခေါင်းရွက်ဗျပ်ထိုး၊ အလုပ်ကြမ်းကုန်ထမ်းလုပ်သား ၅၀၀ အား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း စားဝတ်နေရေးတစ်ဖက်တစ်လမ်းမှအဆင်ပြေချောမွေ့စေရန် ယမန်နေ့က မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်ညီညွတ်ရေးလမ်း၌ အခြေပြုလျက် ဦးသောင်းစိန် ဥက္ကဋ္ဌအဖြစ် ဦးစီးတည်ထောင်ထားသော ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့မှ လူတစ်ဦးလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်ထုပ်၊ အချိုမှုန့်တန်ဖိုးငွေကျပ် ၄၀၀၀ နီးပါးခန့်ရှိ မီးဖိုချောင်သုံးများ ထောက်ပံ့ခဲ့သည်။

"ကပ်ဆိုးကြီးက လွတ်နိုင်ဖို့အထောက်အပံ့ ဖြစ်မယ်ဆိုရင်လည်း အပတ်တိုင်းဆက်လှူမယ့် အစီအစဉ်ရှိပါတယ်" ဟု ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မီးဘေးသင့်အိမ်ထောင်စုများအား ဆန်နှင့်အလှူငွေများ ထောက်ပံ့

ရွှေဘို မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ယနေ့နံနက်ပိုင်းက ဆန်နှင့်အလှူငွေများ ထောက်ပံ့လှူဒါန်းသည်။

ယမန်နေ့က ဘုန်းဘွဲ့ကျေးရွာရှိ ဦးအောင်မြင့်ကျော်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင် လောင်ခဲ့ပြီး ဦးကျော်ဌေးအိမ်သို့ ကူးစက်လောင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံးမီးလောင်ခဲ့ကာ အိမ်ထောင်စုသုံးစု မီးဘေးသင့်ခဲ့ပြီး မီးလောင်ရာတွင် အိပ်ပျော်နေသည့် ဦးအောင်မြင့်ကျော် မီးလောင်သေဆုံးခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်စဉ်။

အဆိုပါ မီးဘေးသင့် အိမ်ထောင်စုသုံးစုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်အားပေးစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးဘေးသင့် အိမ်ထောင်စုတစ်စုကို ဆန်တစ်အိတ်နှင့် အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့ကာ မီးလောင်သေဆုံးခဲ့သည့် ဦးအောင်မြင့်ကျော် နာရေးအတွက် အလှူငွေကျပ် နှစ်သိန်းတို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထွန်းမြင့်အောင်(ရွှေဘို)

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ ဘုန်းကြီးကျောင်းများသို့ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

မြင်းခြံ မေ ၁၀

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများက ဘုန်းကြီးကျောင်းများသို့ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို မြင်းခြံမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၊ ရတနာရာမကျောင်းတိုက်၊ ချောင်းဒေါင်းကျောင်းတိုက်နှင့် ဓမ္မဒီပကျောင်းတိုက်များ၌ ယနေ့နံနက်က ပြုလုပ်သည်။

မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကြည်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့သည် ဆုတောင်းပြည့်ကျောင်းတိုက်၊ ရတနာရာမကျောင်းတိုက်၊ ချောင်းဒေါင်းကျောင်းတိုက်များတွင် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ကြသည်။ ထို့နောက် ဓမ္မဒီပကျောင်းတိုက်သို့ ရောက်ရှိပြီး ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချလှူဒါန်းခဲ့သည်။

ဆက်လက်၍ ဓမ္မဒီပကျောင်းတိုက်အတွင်းရှိ အာယုဘောဇနအသင်းအား ဆွမ်း၊ ကွမ်းအတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များ ဆွမ်း၊ ကွမ်းကိစ္စခက်ခဲမှုမရှိစေရေးနှင့် ကျန်းမာရေးကိစ္စ ကောင်းမွန်စေရေးတို့ကို လျှောက်ထားခဲ့ကြသည်။

ကျော်စွာ(မြင်းခြံ)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သံတွဲမြို့နယ် ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

သံတွဲ မေ ၁၀

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့သည် မေ ၈ ရက်က သံတွဲမြို့ ဒွါရာဝတီခန်းမ၌ မြို့နယ် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲသို့တက်ရောက်သည်။**

ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ကိုဗစ်–၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအတွင်း ရောဂါပျံ့နှံ့နေမှုများနှင့် မိမိတို့မြို့နယ်အတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်/မြို့နယ် ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်းပြီး ဆောင်ရွက်ရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိရေး အဆက်မပြတ်လှုံ့ဆော်ခြင်းများ စနစ်တကျ ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းကျော်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက မြို့နယ်အတွင်း ကိုဗစ် – ၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် မြို့နယ်အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မြို့နယ်ကော်မတီသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၁၅၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ၅၅ ဘူး၊ ၆၀ မီလီ ၃၃ ဘူး၊ ဆေးရုံသုံး တစ်ခါသုံးဦးထုပ် ၂၀၀၀၊ နှာခေါင်းစည်း ၄၆၀၀ ၊ အပူချိန်တိုင်းကိရိယာငါးခု၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် စုစုပေါင်းတန်ဖိုး ငွေကျပ်ခြောက်သိန်းခြောက်သောင်းတန်ဖိုးရှိ နှာခေါင်းစည်း ၁၀၀၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ငါးဘူး၊ လက်သန့်ဆေးရည် ၂၀ လီတာ သုံးပုံး ၊ အရက်ပြန် ၁၀၀ မီလီ ဘူး ၈၀၊ ကာပေါ်လစ်ဆပ်ပြာအတောင့် ၂၀၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ Portable Speaker နှစ်ခု၊ ပိုးသတ်ဆေးရည် တစ်လီတာနှစ်ဘူး၊ လက်ကမ်းစာစောင် ၃၅၀တို့ ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

သန့်ဇင်(ပြန်/ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးစဉ်။



# ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး ပန္နက်တင်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်လျက်ရှိသည့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးလျက်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံး အသစ်ထပ်မံ တည်ဆောက်ရေးအတွက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါ ဆေးရုံဝင်းအတွင်း ကျင်းပသည်။



ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးအတွက် ပုံစံငယ်ကို ရှင်းလင်းတင်ပြစဉ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းတို့က မင်္ဂလာပန္နက်တိုင်ကို ရိုက်သွင်းပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ ထို့နောက် ရွှေနှင်းပွင့်ကုမ္ပဏီမှ တာဝန်ရှိများက ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်မည့် ပုံစံငယ်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုတည်ဆောက်မည့် အာစီ ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ငွေကျပ်သန်း ၅၅၇ ဒသမ ၇၆၀ ဖြင့် ရွှေနှင်းပွင့်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ပြည်ပသို့ သစ်ခွဲသားများနှင့် သစ်အချောထည်များ တင်ပို့ရာတွင် အခွန်လျှော့ပေါ့ပေးရန် သစ်လုပ်ငန်းရှင်များ တောင်းဆို

ရန်ကုန် မေ ၁၀

**ပြည်ပသို့ သစ်ခွဲသားများနှင့် သစ်အချောထည်များ တင်ပို့ရာတွင် အခွန်လျှော့ပေါ့ပေးရန် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်းက တောင်းဆိုလိုက်သည်။**

သစ်လုပ်ငန်းရှင်များက ပြည်ပသို့ သစ်ခွဲသားများနှင့် သစ်အချောထည်များ တင်ပို့ရာတွင် အထူးကုန်စည်ခွန် ၁၀ ရာခိုင်နှုန်းနှင့် ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်း ပေးဆောင်နေရကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်း၏ အတွင်းရေးမှူးဖြစ်သူ၊ Royal River Trading ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးမင်းကျော်က ပြောသည်။

"အခွန်တော့ နည်းနည်းများတာပေါ့။ သူက အထူးကုန်စည်ခွန်ထဲမှာပါတယ်။ အထူးကုန်စည်ခွန် ၁၀ ရာခိုင်နှုန်း ဆောင်ရတယ်။ ကျန်တဲ့ဟာတွေက အကုန်အဆင်ပြေပါတယ်။ နောက် ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းကတော့ အခုလောလောဆယ် ကိုဗစ် - ၁၉ ကြောင့် ခဏနားထားတယ်။ နားထားတော့ ၂ ရာခိုင်နှုန်းက ဆောင်စရာမလိုတော့ဘူးပေါ့၊ အထူးကုန်စည်ခွန် ၁၀ ရာခိုင်နှုန်းကို နည်းနည်းပါးပါး ထပ်လျှော့ပေးရင်တော့ အဆင်ပြေတာပေါ့" ဟု ၎င်းက ပြောသည်။

လက်ရှိ သစ်ခွဲသားများနှင့် သစ်အချောထည်များကို EU၊ USA နှင့် Asia တို့က အဓိက ဝယ်ယူကြောင်း၊ ဝယ်ယူရာတွင်လည်း လိုအပ်သည့် စာရွက်စာတမ်းများ ထုတ်ပေးရန်အတွက် ယခင်က အခက်အခဲရှိသော်လည်း နောက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း (MTE) က ထုတ်ပေးသည့်အပြင် ကြားခံ Third Party များဖြင့် ဆောင်ရွက်လာသောကြောင့် အဆင်ပြေလာကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်းမှ သိရသည်။



"နိုင်ငံခြားကလည်း ကျွန်းသစ်ကို စိတ်ဝင်စားကြတယ်။ EU ကလည်း ဒီကကျွန်းသစ်က ဆားငန်ရေ အထိခံတယ်။ ဆားငန်ရေ အထိခံတော့ ဒီဘက်က သစ်ကိုပဲ စိတ်ဝင်စားတယ်။ ဒါကြောင့် ကျွန်တော်တို့ ပို့နေတာ။ သူတို့ လိုအပ်တဲ့ စာရွက်စာတမ်းကိုလည်း ကျွန်တော်တို့က ပထမတုန်းကတော့ စာရွက်စာတမ်းအခက်အခဲရှိတယ်။ နောက်ပိုင်းကျတော့ မြန်မာ့သစ်လုပ်ငန်းက လိုအပ်တဲ့ စာရွက်စာတမ်းတွေ ထုတ်ပေးတယ်။ နောက်ပြီးကျတော့ Third Party ဆိုတာ တစ်ခုရှိတယ်။ Third Party ကြားခံထားတယ်။ Third Party က ထောက်ခံချက်ကို ထုတ်ပေးလိုက်တယ်။ ထုတ်ပေးလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဆင်ပြေသွားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ဧပြီလဆန်းမှစ၍ သစ်လုံးတင်ပို့မှုကို ရပ်ဆိုင်းထားပြီး အစိုးရက သစ်လုံးများကို ပြည်တွင်း၌ပင် တင်ဒါစနစ်ဖြင့် ရောင်းချကြောင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ ခွဲစိတ်ပြီး ခွဲသားများကို နိုင်ငံခြားသို့ တင်ပို့ကြကြောင်း၊ သို့ဖြစ်၍ သစ်ခွဲစက်ရုံများ လည်ပတ်နိုင်ပြီး ပြည်တွင်းလုပ်သားများအတွက်လည်း အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း Royal River Trading ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာက ပြောသည်။

"သစ်လုံးတင်ပို့မှု ရပ်မှ အဆင်ပြေမှာ၊ မဟုတ်ရင် အလုံးက အများကြီး ထွက်သွားမှာ၊ ထွက်သွားရင် ဒီမှာ အလုပ်အကိုင်အခွင့်အလမ်း နည်းသွားမှာ။ အခုကျတော့ ကျွန်တော်တို့လည်း အလုပ်လုပ်ရတာ ပိုအဆင်ပြေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ်များကို နိုင်ငံခြားသို့ အများဆုံးတင်ပို့ပြီး လက်ရှိ သစ်ခွဲသားများနှင့် သစ်အချောထည်များကို ပြည်ပအဝယ်ရှိသည့်အပြင် ပြည်တွင်း၌လည်း ပါကေး၊ တံခါး၊ ကျည်းပေါင် စသည့်ဈေးကွက်များလည်း ပြန်လည်အသက်ဝင်လာကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်းမှ သိရသည်။ **ငြိမ်းငြိမ်း**

# တောင်တွင်းကြီးမြို့နယ် အရေးပေါ်ကာလ စားနပ်ရိက္ခာကူညီထောက်ပံ့ရေး စင်တာမှ အခြေခံစားနပ်ရိက္ခာများ ဖြန့်ဝေပေးမည်

တောင်တွင်းကြီး မေ ၁၀

ကိုဗစ်-၁၉ ကြောင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အရေးပေါ် အခြေအနေပေါ်ပေါက်လာပါက နွမ်းပါးသော ပြည်သူများအား အခြေခံစားနပ်ရိက္ခာနှင့် အခြေခံဆေးဝါးများ ထောက်ပံ့ကူညီနိုင်ရေးအတွက် သီရိမင်္ဂလာတိုက်သစ် စာသင်တိုက်ဆရာတော် ဦးပညာဝုဒ္ဓ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ကူညီထောက်ပံ့ရေးစင်တာကို ဧပြီ ၄ ရက်မှ စတင်ထူထောင်ခဲ့ရာ မေ ၉ ရက်အထိ အလှူရှင်များက အလှူငွေများအပြင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးပိ စသည့် အခြေခံစားသောက်ကုန်များကို လာရောက်လှူဒါန်းလျက်ရှိသည်။

"ပြည်သူတွေ စားဝတ်နေရေးခက်ခဲနေချိန်မှာ တောင်တွင်းကြီး မြို့နယ်အတွင်းရှိ ပြည်သူတွေကို စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးနိုင်ဖို့ စားနပ်ရိက္ခာကူညီထောက်ပံ့ရေးစင်တာကို ဖွဲ့စည်းဖွင့်လှစ်တာ ဖြစ်ပါတယ်။ အရေးပေါ်ကာလအခြေအနေ ပေါ်ပေါက်လာခဲ့ရင် မြို့နယ်အတွက် အရန်ရိက္ခာ စုဆောင်းထားတာလည်း ဖြစ်ပါတယ်။ ငွေကြေးပြည့်စုံသူတွေက ငွေကြေးချို့တဲ့သူတွေကို ဝေမျှကျွေးမွေးတဲ့စနစ် ကျင့်သုံးတာ ဖြစ်ပါတယ်။ အခုလတ်တလော အလှူငွေကျပ်သိန်း ၁၅၀ နီးနီးရနေပါပြီ။ ဆက်ပြီးလည်း စုဆောင်းနေဆဲဖြစ်ပါတယ်။ အိမ်ထောင်စု ၅၀၀၀ အတွက် ဆန်၊ ဆီ ပြည့်စုံနေပါပြီ။ ကျန်တဲ့ အခြေခံစားသောက်ကုန်တွေကိုလည်း စုဆောင်းနေဆဲဖြစ်ပါတယ်။ လှူဒါန်းကြတဲ့အလှူရှင်တွေကလည်း သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ရပ်ထားတဲ့ကြားက သူတို့စားမယ့်အထဲကနေ ခွဲဝေလှူဒါန်းကြတာ ဖြစ်ပါတယ်" ဟု စန္ဒာသူရိယကျန်းမာ-ပညာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဆွေက ပြောသည်။

တောင်တွင်းကြီးမြို့ အရေးပေါ်ကာလ စားနပ်ရိက္ခာကူညီထောက်ပံ့ရေးစင်တာမှ အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၃၀ ကျပ်သားနှင့် ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ပဲကြော်၊ ပဲလှော် စသည့် အခြေခံစားသောက်ကုန်များကို ဝေငှပေးမည်ဖြစ်ကြောင်း သိရသည်။ **အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# မင်းလျင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စလင်း မေ ၁၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလျင်ကျေးရွာတွင် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။


မင်းလျင်ကျေးရွာ သောက်သုံးရေ ရရှိရေးအတွက် အနက်ပေ ၄၆၀ ရှိ ၄ လက်မ စက်ရေတွင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သော မြင့်မိုရ်စံထား ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါလုပ်ငန်း ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၀၃ အိမ်နှင့် လူဦးရေ ၄၉၅ ဦးအပြင် ကျွဲ၊ နွား တိရစ္ဆာန်များပါ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးက ပြောသည်။

**သူရိန်(မင်းဘူး)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး**

ကိုယ်ရေးကိုယ်တာ
အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏
ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏
သဘောတူညီချက်မရှိဘဲ တစ်ဆင့်ပြန်လည်
ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။



## ရွှေသန်လျင်နာရေးကူညီမှုအသင်းသို့ နှာခေါင်းစည်း အခုရေ ၁၀၀၀ ပေးအပ်လှူဒါန်း

**သန်လျင် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဖွဲ့စည်းဖွင့်လှစ်ထားသည့် ရွှေသန်လျင် နာရေးကူညီမှုအသင်းနှင့် ခိုနားရာ ဘိုးဘွားရိပ်သာ၏ ဦးဆောင်နာယက ဦးသန်းနိုင် (သိန်းကျော်သူ အိမ်ဆောက်ပစ္စည်းဆိုင်) မိသားစုက သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခုရေ ၁၀၀၀ ကို ရွှေသန်လျင် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းထံ မေ ၁၀ ရက်က လှူဒါန်းခဲ့သည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ဂန့်ဂေါမြို့ ယာယီပျံကျဈေး၌ ဈေးရောင်းသူဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ဂန့်ဂေါ မေ ၁၀**

ဂန့်ဂေါမြို့နယ် ယာယီပျံကျဈေး၌ ရောင်းချနေသော ဈေးသည်နှင့် ဈေးဝယ်လာသူများထံသို့ နှာခေါင်းစည်းများကို ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးနှင့် အသင်းဝင်များက မေ ၁၀ ရက်တွင် အခမဲ့ ဖြန့်ဝေပေးသည်။

ဂန့်ဂေါမြို့နယ် ယာယီပျံကျဈေး၌ ဈေးရောင်းချသူ ၁၂၅ ဦးရှိပြီး ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ဈေးသည်နှင့် ဈေးဝယ်လာသူများထံသို့ နှာခေါင်းစည်း အခုရေ ၂၀၀ ကျော်ကို အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း ဈေးများတွင် ဈေးရောင်းသူ၊ ဈေးဝယ်လာသူများအတွက် လိုအပ်သော နှာခေါင်းစည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**



## အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်အတွင်း ကိုဗစ်-၁၉ ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ရပ်ကွက်များအတွင်း ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် ပိန္နဲကုန်းရပ်ကွက်အတွင်း၌ ပိုးသတ်ဆေးများ ဖျန်းခဲ့သည်။

အင်းစိန်မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးလင်းအောင်ဟိန်း(ခ) ဦးလှိုင်မင်း ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ လူ့ဘဝခရီး လူမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ပိန္နဲကုန်းရပ်ကွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် လုံခြုံရေး(ယာယီ)ပရဟိတအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး ပိုးသတ်ဆေးများ ဖျန်းခဲ့ခြင်းဖြစ်ကာ အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး ကော်မတီက ဦးဆောင်၍ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ဇလွန်မြို့မဈေး၌ ဈေးရောင်းဈေးဝယ်များ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး

**ဇလွန် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်အတွင်း ဈေးရောင်းသူများနှင့် ဈေးဝယ်လာသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ပြီးမှသာ ဈေးအတွင်းဝင်၍ အရောင်းအဝယ် ပြုလုပ်ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသိပညာပေးမှုများ ပြုလုပ်ခဲ့သည်။

နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ ရောင်းချနေသည့် ဈေးသည်များအား နှာခေါင်းစည်းများတပ်ဆင်ရန် အသိပညာပေး ပြောကြား၍ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးခဲ့သလို ဈေးအတွင်းသို့ ဝင်ရောက်မည့်သူများအနေဖြင့်လည်း ဈေးအဝင်၌ လက်ဆေးဘေစင်များ ထားရှိပေးထားသည့်နေရာတွင် လက်ဆေးပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ရန်အတွက်လည်း အသိပညာပေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## မင်းလှမြို့နယ် ဈေးကြီးကျေးရွာ၌ မီးလောင်မှုဖြစ်ပွား နေအိမ်လိုင်းခန်း ၁၀ လုံး မီးလောင်ဆုံးရှုံး

**အထက်မင်းလှ မေ ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့သစ်ကျေးရွာအုပ်စု ဈေးကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော ဆရာ ဆရာမများ နေအိမ်လိုင်းခန်း၌ ယမန်နေ့က မီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်လိုင်းခန်း ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



ဈေးကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ဆရာဆရာမများအသုံးပြုရန်အတွက် နှစ်လုံးတွဲအိမ်သာ ဆောက်လုပ်ရန် နေထိုင်သော ပန်းရံအလုပ်သမားများအဖွဲ့မှ ထမင်းဟင်းချက်ပြုတ်သုံးစွဲသည့် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် ဆရာ ဆရာမများ နေအိမ်လိုင်းခန်း ၁၀ လုံး မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ လက်ပံတံခါး မီးသတ်နယ်မြေစခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ အသုံးပြုသူ ဇင်မင်းထက် (၂၀နှစ်) အား လက်ပံတံခါးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## စဉ့်ကူးမြို့နယ် ပင်လယ်ကြီးကျေးရွာတွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

**စဉ့်ကူး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု ပင်လယ်ကြီးကျေးရွာတွင် မေ ၉ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်နှင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကျေးရွာလူထုနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၅နာရီ ခွဲခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှု ဖြစ်စဉ်မှာ မီးဖိုမီးကြွင်းမီးကျန်မှ အနီးရှိထရံသို့ မီးကူးစက်ရာမှတစ်ဆင့် ဒေါ်မိုးမိုးထွန်း၏ နေအိမ် တစ်လုံး၊ ဦးမျိုးမြင့်၏ နေအိမ်တစ်လုံး၊ ဦးတင်မောင်ဝင်း၏ နေအိမ်တစ်လုံးသို့ မီးကူးစက်လောင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်းနှင့် မီးပေါ့ဆသူ ဒေါ်မိုးမိုးထွန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**



## ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးကာလ တရုတ်ဆီးသီး ရောင်းဝယ်သူများ အမြတ်နည်း

**ဝန်းသို မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရထားလမ်းနှင့် ကားလမ်းများကို ပိတ်ထားခြင်းကြောင့် ဒေသခံ တရုတ်ဆီးသီး ဝယ်ယူရောင်းချသူများအနေဖြင့် အရောင်းအဝယ်များမကောင်းတော့ဘဲ အဆင်မပြေဖြစ်နေကြကြောင်း ဝန်းသိုမြို့ခံ သီးနှံရောင်းဝယ်ရေး ပြုလုပ်နေသူအချို့ထံမှ သိရသည်။



ရောင်းချရန် ဆီးသီးတွဲများပြင်ဆင်နေသော ဝန်းသိုမြို့ခံတစ်ဦး

"ကျွန်မတို့က နှစ်စဉ်နှစ်တိုင်း တရုတ်ဆီးသီး ရောင်းဝယ်ရေးကို လုပ်ပါတယ်။ မနှစ်ကဆို အလုံး ၂၀ တစ်တွဲကို ကျပ် ၄၀၀ ရောင်းရတယ်။ ဒီနှစ်တော့ ၃၀၀ ပဲ ရောင်းရတယ်၊ အမြတ်နည်းတယ်၊ ရောင်းရေးဝယ်ရေးမှာလည်း မနှစ်ကလောက် အဆင်မပြေဘူး။ ကိုဗစ်-၁၉ ရောဂါကြောင့် ရထားတွေ၊ ကားတွေ ပိတ်ထားတော့ တင်ပို့ရောင်းချဖို့ရာလည်း အဆင်မပြေဘူးပေါ့"ဟု တရုတ်ဆီးသီး အရောင်းအဝယ် လုပ်ကိုင်သူ ဒေါ်ညွန့်တင်က ပြောသည်။

ဝန်းသိုမြို့ပေါ် စော်ဘွားကြီးရပ်ကွက်၊ ဥယျာဉ်တော်ရပ်နှင့် နန္ဒာဝန်ရပ်များတွင် ဘိုးစဉ်ဘောင်ဆက်လူကြီးများက မရန်းသီး၊ တရုတ်ဆီးသီး၊ သရက်သီး၊ ကြက်မောက်သီး၊ နှင်းသီးစသည့် သီးနှံပင်များကို မိမိတို့ အိမ်ခြံမြေများအတွင်း စိုက်ပျိုးထားရှိခဲ့ကြရာ ဒေသခံများမှာ အဆိုပါသီးနှံများကို ရာသီအလိုက် ရောင်းချ၍ အပိုဝင်ငွေများ ရရှိကြပြီး ယခုအချိန်မှာ တရုတ်ဆီးသီးများ ပေါ်သည့်အချိန်ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင်(ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ**

# ကျောက်ကြီးမြို့၌ ဆေးခန်းအချို့ ပိတ်ထားသောကြောင့် အခမဲ့ ဖျားနာဆေးကုခန်း ဖွင့်လှစ်ပေး

**ကျောက်ကြီး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အချို့ဆေးခန်းများ ပိတ်ထားသောကြောင့် ပြည်သူများ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရာတွင် အဆင်ပြေစေရန် အခမဲ့ ဖျားနာဆေးကုသခန်းကို ကျောက်ကြီးမြို့ ဆားတန်းရပ်ကွက်ရှိ အေးငြိမ်းချမ်းသာဓမ္မာရုံ၌ မေ ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်းနှင့် အဆိုပါ ဆေးခန်းကို နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ကျောက်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်စိုးမင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆေးခန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောက်ကြီးမြို့ရှိ အချို့သော ကိုယ်ပိုင်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးခန်းများ ပိတ်သိမ်းထားချိန်တွင် လူနာများ ဆေးကုသရန် အခက်အခဲများရှိနေပြီး ဆေးဆိုင်များတွင် သင့်လျော်ရာ သောက်ဆေးများကိုသာ ဝယ်ယူသုံးစွဲနေကြရသည်ကို တွေ့ရှိရသဖြင့် မလိုလားအပ်သော ဆိုးကျိုးများ ရှိလာနိုင်သောကြောင့် ဆေးခန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးခန်းတွင် လူနာများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို စနစ်တကျ ပြသ၍ ကုသမှုခံယူနိုင်ရန်အတွက် တပ်မတော်မှ ဆရာဝန်၊ သူနာပြုနှင့် သူနာပြုအကူများက ဆေးခန်းထိုင်၍ လူနာများအား နေ့စဉ် အခမဲ့ ကြည့်ရှုကုသပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သုခိတ ပရဟိတ အဖွဲ့ဝင်များကလည်း ပူးပေါင်းကူညီ၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ကျောက်ကြီးမြို့ ဖျားနာ အခမဲ့ ဆေးကုခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။

ကျောက်ကြီးမြို့နယ်တွင် ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် အစိုးရဆေးရုံများဖြစ်သော ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၊ မုန်း တိုက်နယ်ဆေးရုံနှင့် နတ်သံကွင်းတိုက်နယ်ဆေးရုံတို့ရှိပြီး အဆိုပါဆေးရုံများ၏ ပြင်ပလူနာဌာနများ၌ Community Fever Clinic အသွင်ဖြင့် ပူးတွဲဖွင့်လှစ် ကုသပေးမှုများလည်းရှိကြောင်း သိရသည်။

ထို့အပြင် ပုဂ္ဂလိက ဆေးခန်းများဖြစ်သော မေတ္တာရပ်ကွက် ဗိုလ်ရွှဲလမ်းရှိ သရေဒွေါဖ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆေးခန်း၊ ပဲခူးရပ်ကွက် အနော်ရထာလမ်းရှိ ချမ်းမြေ့ရိပ်ဆေးခန်း၊ မုန်း(၂)ရပ်ကွက် အေးသာယာလမ်းရှိ အိုအေစစ်ဆေးခန်းတို့မှာ နေ့စဉ် ဖွင့်လှစ်လျက်ရှိသဖြင့် အဆိုပါ ဆေးခန်းများကို ဆက်လက်၍ ပုံမှန်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ဆေးခန်းများတွင် Fever clinic ကိုပါ ပူးတွဲဆောင်ရွက်နိုင်ရန် ကျန်းမာရေးဌာနက Community Fever Clinic Guideline စာအုပ်နှင့် အခြားနည်းပညာများ ပံ့ပိုးထားကြောင်း၊ အဆိုပါဆေးခန်းများတွင် လာရောက်ပြသသော လူနာများထဲမှ ကိုဗစ်-၁၉ သံသယဖြစ်ဖွယ်လူနာများ တွေ့ရှိပါက ကျန်းမာရေးဌာနနှင့် ညှိနှိုင်းတိုင်ပင်လျက် ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း ညှိနှိုင်းထားရှိပြီး ဖြစ်ကြောင်း ကျောက်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားထားသည်။ **ကိုသားကြီး (ကျောက်ကြီး)**

# မူဆယ်မြို့ရှိ တရုတ်နိုင်ငံမှပြန်လာသူ ၄၀၀ ကျော်အတွက် စားနပ်ရိက္ခာများလှူဒါန်း

**မူဆယ် မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး မူဆယ်မြို့ရှိ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ထားသည့် Fever Clinic ဆေးခန်းသို့ PPE ဝတ်စုံ ၂၀ နှင့် စားနပ်ရိက္ခာများကို မေ ၁၀ ရက်က သွားရောက်လှူဒါန်းသည်။

"အမျိုးသမီးတွေအချင်းချင်း လုပ်ငန်းအတူတူ လုပ်ကိုင်ကြတဲ့အပေါ်မှာ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီးတော့ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး အခုလို လှူဒါန်းနိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က ပြောသည်။

ထို့နောက် မူဆယ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ယာယီ အသွားအလာကန့်သတ်၍ စောင့်ကြည့်နေသော နေရာများဖြစ်သည့် မူဆယ်မြို့ အထက(၃)ကျောင်းနှင့် တရုတ်စာသင်ကျောင်းတို့ရှိ တရုတ်နိုင်ငံမှ နေရပ်ပြန် စုစုပေါင်း ၃၀၀ ကျော်အတွက် စားနပ်ရိက္ခာများကို သွားရောက်လှူဒါန်းပြီး ၎င်းတို့၏ လူမှုရေးအခက်အခဲများနှင့်ပတ်သက်၍ အားပေးနှစ်သိမ့်စကားများ ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ဌာနဆိုင်ရာများ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ပြည်ပမှ ပြန်လာသူများအား ကြက်ဆီထမင်း၊ အချိုရည်ဘူး၊ ရေသန့်ဘူး၊ နှာခေါင်းစည်းများနှင့် တစ်ရှူးထုပ်များကို ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့သည်။



မူဆယ်မြို့၌ ပြည်ပမှ ပြန်ဝင်လာသူများအား Fever Clinic ဆောင်၌ လူဦးရေ ၁၀၀ ကျော်နှင့် အထက(၃)ကျောင်းနှင့် တရုတ်စာသင်ကျောင်းတို့၌ လူဦးရေ ၃၀၀ ကျော်တို့ကို ထားရှိပြီး အသွားအလာကန့်သတ်၍ ကျန်းမာရေး အခြေအနေ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# မီးဘေးသင့်ပြည်သူများထံ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**မြင်းမူ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာ၌ မေ ၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၄၅ လုံးပျက်စီး၍ အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၁၈၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သဖြင့် အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် လတ်တလောလိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ယမန်နေ့က လာရောက်ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး စဝီလီဖရန့်၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက လာရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မီးဘေးသင့်ပြည်သူများအား ယင်းကျေးရွာရှိ မူလတန်းကျောင်း၌ ယာယီမီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကာ အများပြည်သူ စေတနာရှင်များ၏ လာရောက်လှူဒါန်းမှုများကို စနစ်တကျ လက်ခံရယူလျက် မီးဘေးသင့်အိမ်ထောင်စုများထံ ဝေခြမ်းပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခေါင်းဆောင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



# လှိုင်သာယာ၌ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာရေး ဒုတိယအကြိမ် အသိပညာပေး

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအနေဖြင့် နှာခေါင်းစည်း တပ်ဆင်သွားလာကြရန် အသိပညာပေးမှုများကို လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီက ဦးဆောင်၍ ပင်လုံဈေး(ပျံကျဈေး)၌ မေ ၉ ရက်က ဒုတိယအကြိမ် ဆောင်ရွက်ခဲ့သည်။

လှိုင်သာယာမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းအောင်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့ဝင်များ ပူးပေါင်း၍ ပင်လုံဈေးအတွင်း ဈေးရောင်းသူများနှင့် ဈေးဝယ်လာရောက်သူများအား နှာခေါင်းစည်း တပ်ဆင်ရန်၊ ဈေးဝယ်လာပါက တစ်အိမ်လျှင် လူတစ်ဦးသာ လာရောက်ရန်၊ လက်ကို စက္ကန့် ၂၀ ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် အသိပညာပေးမှုများ ဆောင်ရွက်ကာ ဈေးရောင်းသူများနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်း အခု ၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြသန္တာဝင်း(ပြန်/ဆက်)**



# သန်လျင်မြို့နယ် စာရေးဆရာအသင်းဝင်များထဲမှ ငွေကြေးချို့တဲ့သူများအား ကူညီထောက်ပံ့

**သန်လျင် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါကြောင့် စာပေတိုက်များ ခေတ္တ လုပ်ငန်းရပ်နားထားရသည့် အခြေအနေ၌ စာရေးဆရာများလည်း စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိရာ သန်လျင်မြို့နယ် စာရေးဆရာအသင်းဝင်များအနက် အမှန်တကယ် ငွေကြေးချို့တဲ့သူ ၅၀ အား အသင်းဥက္ကဋ္ဌ ဦးစောဝင်း(ဖိုးစော-သန်လျင်) က ယနေ့နံနက်ပိုင်းမှစ၍ ထောက်ပံ့ငွေများ လှူဒါန်းလျက်ရှိသည်။

ထောက်ပံ့ငွေကို သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်းရှိ သန်လျင် စာပေလေထန်ကုန်း လက်ဖက်ရည်ဆိုင်၌ လှူဒါန်းလျက်ရှိပြီး အမှန်တကယ်လိုအပ်သည့် အသင်းဝင်များအနေဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ကျန်းမာရေးချို့တဲ့သူများမှအပ ကျန်သူများသည် ကိုယ်တိုင် လာရောက်ထုတ်ယူရန် အသင်းဥက္ကဋ္ဌက မေတ္တာရပ်ခံထားကြောင်း သိရသည်။ **မြင့်မြတ်အောင်မြင်**

# တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ တွေ့ဆုံအားပေး



**ချင်းရွှေဟော် မေ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား လက်ခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၉ ရက်က နေရပ်ပြန်ပြည်သူ ၃၀၈ ဦး ပြန်လာခဲ့ပြီး ၎င်းတို့အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ လောက်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်တို့က တွေ့ဆုံအားပေးခဲ့သည်။

မေ ၉ ရက်က တရုတ်နိုင်ငံမှ ပြန်ဝင်လာသော ပြည်သူများမှာ အမျိုးသား ၁၈၁ ဦးနှင့် အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၃၀၈ ဦးဖြစ်ကာ ပဲခူးတိုင်းဒေသကြီးမှ ၁၁၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၁ ဦး၊ ရှမ်းပြည်နယ်မှ ၇၈ ဦး၊ ကရင်ပြည်နယ်မှ နှစ်ဦးနှင့် နေပြည်တော်မှ ၃၁ ဦးဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ခေတ္တထားရှိသည့် တည်းခိုနေရာများသို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီးနောက် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို စစ်ဆေးကြည့်ရှုသည်။

ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားများအား ဧပြီ ၃၀ မှစတင်ကာ ကြိုဆိုလက်ခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ရာ ယခု မေ ၉ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၁၃၉၉ ဦးနှင့် အမျိုးသမီး ၉၇၂ ဦး စုစုပေါင်း ၂၃၇၁ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ဂန့်ဂေါမြို့၌ သဘင်အစည်းအရုံးဝင်များအား အခြေခံစားကုန်များ ထောက်ပံ့

**ဂန့်ဂေါ မေ ၁၀**

ဂန့်ဂေါမြို့နယ်အတွင်းရှိ သဘင်အစည်းအရုံးဝင်များအတွက် အခြေခံစားကုန်များကို မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့ ပူးပေါင်း၍ မေ ၉ ရက် ညနေ ၆ နာရီက ဂန့်ဂေါမြို့ သဘင်ခြံ၌ ထောက်ပံ့ပေးအပ်သည်။

ဂန့်ဂေါခရိုင် သဘင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက "သဘင်အစည်းအရုံးဝင် တစ်ဦးစီအတွက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးနဲ့ CB-KMA Foundation တို့ ပူးပေါင်းပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီ စတဲ့ အခြေခံစားကုန်ငါးမျိုးကို ထောက်ပံ့ပေးတာပါ၊ ပြီးတော့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အမှူးပြုတဲ့ သံဃာတော်များရဲ့ ထောက်ပံ့လှူဒါန်းငွေနဲ့ ဒေသခံပြည်သူများရဲ့ ထောက်ပံ့လှူဒါန်းငွေက စုစုပေါင်း ကျပ် ၁၃ သိန်းကျော် ရရှိပြီး စားကုန်များဝယ်ယူထောက်ပံ့ပါတယ်၊ ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်နေတဲ့အချိန်ဖြစ်လို့ လူစုလူဝေးမဖြစ်အောင် မြို့ပေါ်နဲ့ ပတ်ဝန်းကျင်က အစည်းအရုံးဝင် အနည်းငယ်ကိုပဲ အကျဉ်းမျှဖိတ်ကြားပြီး ကျန်တဲ့ အစည်းအရုံးဝင်များအတွက်တော့ ကျေးရွာများအထိ အိမ်တိုင်ရာရောက် ပို့ဆောင်ထောက်ပံ့ပါတယ်" ဟု ပြောသည်။

ဂန့်ဂေါမြို့နယ်တွင် သဘင်အစည်းအရုံးဝင် ၁၆၀ ရှိကြောင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့ ပူးပေါင်း၍ တစ်နိုင်ငံလုံးရှိ သဘင်အစည်းအရုံးဝင်များအား ထောက်ပံ့ပေးသည့် တစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲနီလေး ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သားနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ပေးအပ်သည့်အပြင် ဒေသခံအလှူရှင်များ၏ ထောက်ပံ့ငွေဖြင့် အစည်းအရုံးဝင် တစ်ဦးစီအတွက် ပဲတစ်ပြည်၊ အာလူး တစ်ပိဿာ၊ ဆား ၅၀ ကျပ်သား၊ ဆီတစ်ဘူးတို့ကို ဖြည့်စွက်ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဆိုင်းတည်ထောင်သူ အစည်းအရုံးဝင် တစ်ဦးလျှင် ဆီငါးပိဿာနှုန်းဖြင့် ကိုးဦးအတွက်လည်း ထပ်မံထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (၁၄၄)

## ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာအလုပ်သမားများအား နမ့်မန်း စစ်ဆေးရေးဂိတ်တွင် ကြိုဆိုလက်ခံ

**မယ်စဲ့ မေ ၁၀**

ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာအလုပ်သမား ခုနစ်ဦးအား ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် နမ့်မန်းစစ်ဆေးရေးဂိတ်၌ မယ်စဲ့မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးမှူး ဦးကျော်ခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက မေ ၉ ရက်တွင် သွားရောက်ကြိုဆိုလက်ခံခဲ့ကြသည်။



မြန်မာအလုပ်သမားများအား ကြိုဆိုရာတွင် နမ့်မန်း စစ်ဆေးရေးဂိတ်၌ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နေရပ်လိပ်စာနှင့် လူဦးရေစာရင်းကောက်ယူခြင်းတို့ကို စိစစ်ဆောင်ရွက်ပြီး အသွားအလာကန့်သတ် စောင့်ကြည့်မည့် အထက(မယ်စဲ့)သို့ မြို့နယ် ကျန်းမာရေးဦးစီးဌာန မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့နယ် ဆန်ပတိန်းကျေးရွာတွင် တရုတ် ကြို့သီးခွာခြင်းလုပ်ငန်း သွားရောက်လုပ်ကိုင်ကြသူများဖြစ်ပြီး ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် အခြေအနေအရ ပြန်လည်စေလွှတ်မှုကြောင့် မိမိတို့နေရပ်သို့ ပြန်လာရခြင်းဖြစ်ကြောင်း နေရပ်ပြန်တစ်ဦးက ပြောကြားသည်။

နေရပ်ပြန် မြန်မာအလုပ်သမား ခုနစ်ဦးအား ၂၁ ရက်ကြာ အသွားအအလာကန့်သတ် စောင့်ကြည့်ထားစဉ်အတွင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက နေထိုင်စားသောက်ရေးကို စီစဉ်ပေးပြီး စေတနာ့ဝန်ထမ်း အဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ချီဖွေမြို့နယ်အတွင်း ချည်သားပိတ်စဖြင့်ချုပ်ထားသည့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

**ချီဖွေ မေ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ချည်သားပိတ်စဖြင့် ချုပ်လုပ်ထားသည့် နှာခေါင်းစည်း အခု ၁၀၀ ကို မေ ၉ ရက်မှစ၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ညွှန်ကြားမှုအရ ချီဖွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျန်းမာရေးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ချည်သားပိတ်စများနဲ့ စနစ်တကျ ချုပ်လုပ်ပြီးတဲ့ နှာခေါင်းစည်း အခု ၁၀၀ ကို ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးကာလအတွင်း ဒေသခံပြည်သူများအတွက် အထောက်အကူဖြစ်စေဖို့ အခမဲ့ ဖြန့်ဝေပေးတာဖြစ်ပါတယ်"ဟု ချီဖွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝါအောင်က ပြောကြားသည်။

အဆိုပါ နှာခေါင်းစည်းများကို ချီဖွေမြို့ပေါ် ရပ်ကွက်များအတွင်းရှိ ဈေးဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေသူများ၊ စည်ပင်သာယာဈေးရှိ ဈေးဆိုင်များနှင့် လမ်းသွားလမ်းလာ ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့သလို မြို့အဝင် ကျန်းမာရေး စစ်ဆေးရေးဂိတ်ရှိ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် နှာခေါင်းစည်းနှင့် စားသောက်ဖွယ်ရာများကိုလည်း ချီဖွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်မာဝင်း (ပြန်/ဆက်)



## ရမည်းသင်းခရိုင် လူငယ်ရေးရာကော်မတီက ပျော်ဘွယ်မြို့ရှိ ဈေးများ၌ Mask Campaign ပြုလုပ်

**ပျော်ဘွယ် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရမည်းသင်းခရိုင် လူငယ်ရေးကော်မတီက ဦးဆောင်ကာ Mask Campaign ကို မေ ၁၀ ရက်က ပျော်ဘွယ်မြို့ ပြည်သူ့ဈေးနှင့် ယာယီဖွင့်လှစ်ထားသည့် လွတ်လပ်ရေးကျောက်တိုင်ကွင်းရှိ ကုန်စိမ်းဈေးတို့၌ ပြုလုပ်ခဲ့ပြီး ဈေးသည် ဈေးဝယ်များအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ကိုအောင်သူကျော်က "ပြည်သူတွေအနေနဲ့ နှာခေါင်းစည်းတပ်ဆင်မှသာ ကိုဗစ်-၁၉ ရောဂါကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို နှာခေါင်းစည်းဝေတာ မဟုတ်ပါဘူး။ နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်သွားလာရေး အသိပညာပေးခြင်းဖြစ်ပါတယ်။ ယနေ့မှာတော့ အပြင်ထွက်လာသူတွေထဲက နှာခေါင်းစည်းမပါတဲ့သူတွေကို မျှဝေပေးခဲ့ပြီး နှာခေါင်းစည်းပါလျက်နဲ့ စနစ်တကျ မတပ်ဆင်သူတွေကိုတော့ အသိပညာပေးခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

နှာခေါင်းစည်းမပါသူများအား ဖြန့်ဝေပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ထောက်ပံ့မှုနှင့် ရမည်းသင်းခရိုင် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေပြီး စုစုပေါင်း နှာခေါင်းစည်း ၁၀၀၀ ကျော်ဖြင့် နှာခေါင်းစည်းလှုပ်ရှားမှုကို ရမည်းသင်းမြို့ ပြည်သူ့ဈေးနှင့် သိမ်ကုန်းစံပြကျေးရွာဈေး၊ ပျော်ဘွယ်မြို့နယ်ရှိ ပြည်သူ့ဈေးနှင့် ယင်းတော်ကျေးရွာဈေးတို့၌ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## မင်းတပ်မြို့နယ် ဘော(၁)ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မင်းတပ် မေ ၁၀**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ဘော(၁)ကျေးရွာအုပ်စု ဘော(၁)ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် ချင်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက မေ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါဘော(၁)ကျေးရွာသောက်သုံးရေရရှိရေးလုပ်ငန်းကို ချင်းပြည်နယ်အစိုးရ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၉ ဒသမ ၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဝကောက် ကုမ္ပဏီက ဇန်နဝါရီ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်လက်မ ရေပိုက်လိုင်း အရှည်လေးမိုင် သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက လာရောက်စစ်ဆေးခြင်းဖြစ်ပြီး ရေပေးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်း မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။ **စိုးမိုးကျော်**

## ဒေါက်တာဦးမောင်ကို
### ရောဂါဗေဒဆရာဝန်ကြီး(ငြိမ်း)
### ကျန်းမာရေးဝန်ကြီးဌာန
### အသက်(၉၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နေ (ဦးမောင်-ဒေါ်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်(၁၂၊ B)နေ(ဒေါက်တာဒေါ်စောသာ)၏ခင်ပွန်း၊ ဒေါ်ခင်နွယ်ဦး၊ ဦးညွန့်ရွှေ(Petronas)-ဒေါ်ခင်နွယ်သန်း၊ ဦးအောင်နိုင်ကို(Chief Engineer)-ဒေါ်ချောသီရိတို့၏ဖခင်၊ ဒေါက်တာမီသူကို၏ အဘိုးသည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၀၀:၄၂နာရီတွင် အင်းလျားလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၂၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းငွေကြည်(ခ)ဒေါ်နန်းငင်းဆိုင်(ပင်လုံ)
### ဆင်ခြောက်ကောင်ဆေးတိုက်
### အသက်(၆၈)နှစ်

ပင်လုံမြို့နေ ဦးနန်းလုံ-ဒေါ်စန်းစိန်တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးအေး)၏ချစ်လှစွာသောဇနီး၊ ကိုကျော်ကျော်၊ ကိုညီညီ-မနန်းအောင်၊ ကိုသိန်းတိုး-မခင်မြင့်မြင့်၊ (မနန်းလှလှဝင်း)၊ စိုင်းမြတ်စိုးအေး၊ ကိုဇာနည်စိုး-မနန်းဖြူဖြူအေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၄၃/၄၅)နေ ဆင်ခြောက်ကောင်ဆေးတိုက်၏ မိခင်ကြီး ဒေါ်နန်းငွေကြည်သည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅: ၂၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးခင်မော်
### (ကန်တော်လေး)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကန်ရှေ့၊ (၉၁)လမ်း၊ အမှတ်(၁၁၇)နေ(ဦးတင်မောင်-ဒေါ်ရင်ကြည်)တို့၏သား၊ ကော့မှူးမြို့နေ ဦးအောင်မြင့်- ဒေါ်တင်ရီ၊ (မတင်စန်း)၊ မလှမြင့်တို့၏မောင်၊ ဦးခင်ဇော်၏ညီ၊ ဦးလှထွန်း(MOB၊ ပုသိမ်)၊ ဒေါ်မြင့်မြင့်ချို(ဘဏ်ခွဲ-၆)တို့၏အစ်ကို၊ တူ၊ တူမလေးယောက်တို့၏ဦးလေး၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၉-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာမြတ်ထွန်းလင်း
### မေ့ဆေးအထူးကုဆရာဝန်(မောင်တောပြည်သူ့ဆေးရုံ)
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း(အလယ်)၊ အမှတ်(၁၁၇/၁၂၇၊ F.3) နေဦးထွန်းလှအောင်-ဒေါ်အေးချိုတို့၏သား၊ မနန္ဒာမြလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ သက်ထားမြတ်သွယ်(ခ) အသဲလေး၏ဖခင်၊ ဒေါက်တာဝင်းထွန်းလင်း(သွားတုဆေးပညာအထူးကု)၊ ဒေါက်တာထွန်းထွန်းလင်း(မေ့ဆေးပညာအထူးကု)-မပြည့်ဖြိုးလှိုင်၊ ဒေါက်တာခိုင်ထွန်းလင်း(စိတ်ကျန်းမာရေးအထူးကု)တို့၏ အစ်ကို၊ မအေးဆောင်းလင်း၊ မောင်သီလင်း(ခ)သွင်ထွန်းလင်းတို့၏ဦးကြီးသည် ၉-၅-၂၀၂၀ရက် မွန်းလွဲ ၂:၁၅နာရီတွင် မောင်တောပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက်တွင် မောင်တောသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)ပါ အထူးဝမ်းနည်းကြေကွဲခြင်းကြော်ငြာမှ ဒုတိယဗိုလ်မှူးကြီးတင်မောင်သန်း(ငြိမ်း) အစား ဒုတိယဗိုလ်မှူးကြီးတင်မောင်မောင်သန်း(ငြိမ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## သတိပေး နိူးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နိူးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နိူးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနိူးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမောင်ကို အသက်(၉၁)နှစ်
### ရောဂါဗေဒဆရာဝန်ကြီး(ငြိမ်း)
### ကျန်းမာရေးဝန်ကြီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နေ (ဦးမောင်-ဒေါ်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၁၂၊ ဘီ)နေ(ဒေါက်တာဒေါ်စောသာ)၏ခင်ပွန်း၊ ဒေါ်ခင်နွယ်ဦး၊ ဦးညွန့်ရွှေ(Petronas)-ဒေါ်ခင်နွယ်သန်း (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)၊ ဦးအောင်နိုင်ကို(Chief Engineer)-ဒေါ်ချောသီရိတို့၏ဖခင်၊ ဒေါက်တာမီသူကို၏ အဘိုးသည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၀၀:၄၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၈၈ ရသုံးသူငယ်ချင်းများ**

---

## ဒု-ဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း)
### ကြည်း(၈၂၇)
### ဗိုလ်သင်တန်း အမှတ်စဉ်(၂၈)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးအေး-ဒေါ်အေးဘော်)တို့၏သား၊ (ဒေါ်ခင်ထွေးရီ)၊ ဒေါ်မြင့်မြင့်မော်တို့၏ခင်ပွန်း၊ (ဦးလှသွင်-ဒေါ်လှကြည်)တို့၏ညီမောင်၊ (ဒု-ဗိုလ်မှူးကြီး မင်းသွင်)(လေ-ငြိမ်း)၊ ဒေါ်မြမြမိ၊ ဦးညွန့်တင်(မွန်ပြည်နယ်တရားသူကြီး-ငြိမ်း)-ဒေါ်မြင့်မြင့်စိန်၊ [ဗိုလ်ကြီးအောင်မင်း(ငြိမ်း)-ဒေါ်ခင်ငြိမ်းအေး]၊ (ဗိုလ်မှူးကြည်မြင့်)-ဒေါ်ခင်စိုးမြင့်၊ (ဒေါက်တာချမ်းအေး)-ဒေါ်ခင်သိန်းအေးတို့၏ အစ်ကိုသည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၅နာရီတွင်ပြည်မြို့၊ မြို့သစ်ရွှေတံခါးရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၂၂၀)နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးစောဂလက်စတုံး
### ပစ္စည်းထိန်းချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား
### အသက်(၈၆)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၏ ဖခင် ဦးစောဂလက်စတုံးသည် ၉-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ကုန်သွယ်ရေးဦးစီးဌာန**

---

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီအဗ္ဗဒွလ်ရရှီးဒ်(ခ)ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း)
### D.S.A-7
### ဥက္ကဋ္ဌ၊ မြန်မာမွတ်စလင်မ်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ-ဌာနချုပ်)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄၄/၅၆)၊ ကမ်းနားလမ်း၊ M.M.G Tower နေ ဒေါ်လဲ့လဲ့နိုင်(ခ)ဒေါ်လီအောင် ၏ခင်ပွန်း၊ ဒေါ်စန္ဒာဝင်း၊ ဦးရန်နိုင်ဝင်း၊ (ဒေါ်နီလာဝင်း)၊ ဒေါ်သူဇာဝင်းတို့၏ဖခင်၊ မမေစန္ဒီဝင်း(U.S.A)-မောင်ဉာဏ်လင်းထွန်း (U.S.A)၊ မယမင်းရွှေရည်(Qatar)၊ မောင်ဖြိုးမောင်မောင်၊ မောင်မင်းထက်မောင်မောင်-မဖြူဝင်းစံ၊ မောင်မျိုးဆက်စည်သူတို့၏အဘိုးသည် ၉-၅-၂၀၂၀ရက် မွန်းလွဲ ၁:၃၅နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် အစွရ်ဆွလာသ်အပြီး ရေဝေးမွတ်စလင်ကဗရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌ အိပ်ပျော်သွားခြင်း

## ဦးအင်ပါဆောင်းလျန်း(မတူပီ)
### တပ်ကြပ်ကြီး(စာရေး/ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းအုပ်စု၊ မြောက်ချောကုန်းကျေးရွာ၊ သီရိသုခရပ်ကွက်နေ ဒေါ်နိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ (Salai Ral Thang), (U Thang Lian -ဒုအရာခံဗိုလ်)-Daw Mary, Salai Bawi Thang (ခေတ္တ U.S.A), Daw Thida Lian-Saya Nyun Khua Zam, U Van Lian Thang - Mercy Van Hlei တို့၏ချစ်လှစွာသော ဖခင်၊ Silas Bawi Lian Thang, Tim othy Cung Lian Bik, Bethia Ngun Nai Par, Koseph Ngun Lian Sang, Egther Lian, Ruth Lian တို့၏ အဘိုးသည် ၉-၄-၂၀၂၀ ရက် (ကြာသပတေးနေ့) ည ၁၀:၄၈နာရီတွင် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီတွင် မြောက်ချောကုန်း၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဇော်တင့်
### ဦးစီးအရာရှိ(ပုံနှိပ်)
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ (ဦးလှအုန်း-ဒေါ်မြတင်)တို့၏မြေး၊ ဒဂုံမြို့(တောင်ပိုင်း)မြို့နယ်နေ (ဦးမောင်ဝင်း)-ဒေါ်သန်းအေးတို့၏သား၊ (ဦးဇော်မြင့်)၏ညီ၊ (ဦးရဲထွဋ်-ဒေါ်သောင်းကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၂၁၂/၄)၊ (ပုံနှိပ်ဝန်ထမ်းအိမ်ရာ)နေ ဒေါ်မူမူဝင်း(စာပေဗိမာန်ပုံနှိပ်စက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မရွှန်းလဲ့ဝေသော်၏ ဖခင်သည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇:၁၈နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်စောတင်(ကညွတ်ကွင်း)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မဟော်သဓာလမ်း၊ အမှတ်(၇၉၆)နေ (သခင်စိန်လွင်-မော်ကွန်းဝင် ပထမဆင့်)၏ဇနီး၊ ဒေါ်တင်တင်နွဲ့-(ဦးစိုးတင့်)၊ ဒေါ်ခင်သန်းနွဲ့-(ဦးကျော်ညွန့်)၊ ဒေါ်တင်တင်မာ-(ဦးထွန်းမြင့်)၊ ဒေါ်ခင်စောလွင်-ဦးမင်းသိမ်း၊ (ဦးခင်မောင်လွင်)၊ ဦးကျော်ဇေယျ-ဒေါ်သန်းသန်းဆွေတို့၏မိခင်၊ မြေး၁၀ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Rev.ဦးကျော်ရင် အသက်(၉၃)နှစ်
### မင်္ဂလာမက်သဒစ်အသင်းတော်(ငြိမ်း)
### စက်-စိုက်-သက် ဦးစီးဌာန ဌာနခွဲမှူး(ငြိမ်း)

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၁၂၊ B-၈)နေ (ဒေါ်နှင်းရီ)(အမက-၅၊ ဒဂုံ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ကြီး-ဒေါ်သာ)တို့၏သား၊ (ဦးရွှေတင်-ဒေါ်ညွန့်ရီ)၊ (ဦးထွန်းတင့်-ဒေါ်သင်းမေ)၊ (ဦးသာဒင်-ဒေါ်နော်တေးမ)၊ (ဦးအေးဖေ-ဒေါ်လင်းမေ)၊ (ဦးထွန်းဇင်-ဒေါ်ညွန့်ဝေ)၊ (ဦးစိန်သွင်)-ဒေါ်ဝင်းမေတို့၏အစ်ကို၊ မောင်၊ ညီ၊ ဦးအေးထွဋ်-ဒေါ်သန်းသန်းဝင်း၊ (ဦးကျော်ဝင်း)-ဒေါ်စန်းစန်းဝင်း၊ဒေါ်အေးအေးဝင်း၊ (ဦးဝင်းထွဋ်)၊ ဦးအောင်ဇေယျာ-ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မောင်သီဟန်-မဆူဇန်၊ မောင်ငယ်ဟန်-မဂျူအန်း၊ တေဇာကျော်ဝင်း-မချိုဇင်ဝေ၊ ချမ်းမြေ့ကျော်ဝင်း၊ ဟိန်းထက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၅-၂၀၂၀ရက် ညနေ ၅:၁၅နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီးဖြစ်ပါ၍ ၁၀-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ကျင်ကြွီ(ပုသိမ်-ရေကျော်)
### အငြိမ်းစားဆရာမကြီး
### အသက်(၈၈)နှစ်

(ဦးခင်မြင့်)၏ဇနီး၊ ဦးစိုးနိုင်-ဒေါ်ရင်ရင်မြင့်၊ ဦးနေလင်း-ဒေါက်တာဒေါ်ခိုင်ခိုင်ဆွေ(U.S.A)၊ ဦးသိန်းထွဋ်-ဒေါ်လှိုင်လှိုင်မြင့်၊ ဦးထွန်းလင်းမြင့်-ဒေါ်ခင်နှင်းဦးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးစောဂလက်စတုံး
### ပစ္စည်းထိန်းချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား
### အသက်(၈၆)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၏ ဖခင် ဦးစောဂလက်စတုံးသည် ၉-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖြိုးကိုကိုနိုင်၊ ဒေါက်တာမင်းကိုကိုနိုင်၊ ဦးသက်ဦး**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုအောင်
### ညွှန်ကြားရေးမှူး(မြို့ပြ)
### ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### EMPA (18)th Batch, Nay Pyi Taw
### အသက်(၄၉)နှစ်

ဦးကိုကိုအောင် (ညွှန်ကြားရေးမှူး၊ မြို့ပြ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)သည် ၈-၅-၂၀၂၀ရက်တွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြတ်ထွန်းလင်း
### မေ့ဆေးအထူးကု
### အသက်(၄၃)နှစ်

မောင်တောမြို့၊ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ဒေါက်တာမြတ်ထွန်းလင်း(မေ့ဆေးအထူးကု)သည် ၉-၅-၂၀၂၀ရက် မွန်းလွဲ ၂:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လပြည့်ဝန်းဆေးခန်းမိသားစု၊ မောင်တောမြို့**

---

## မောင်အောင်ကောင်းဖြိုး(လော်ပန်)
### အသက်(၁၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊ အမှတ်(၆၂၂)နေ ဦးသန်းလှိုင်(သတင်းနှင့်စာနယ်ဇင်း-ငြိမ်း)-ဒေါ်စန်းမြင့်(ခ)ဒေါ်တူး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွံတန်းလမ်းနေ ဦးတင့်လွင်-ဒေါ်ခင်လှတို့၏မြေး၊ ဦးနေဝင်းထွန်း(မြန်မာ့အလင်းသတင်းစာ)-ဒေါ်တင်တင်ရီတို့၏သား၊ (ဦးမြင့်သိန်း)-ဒေါ်ဖြူဖြူလွင်၊ ဦးကိုကိုလွင်-Kanomata Yoshie၊ ဦးကျော်သန့်လွင်-Wang Xia၊ ဦးဖန်တိတ်ချွန်-ဒေါ်စန်းယုလွင်၊ ဦးသိန်းစိုး-ဒေါ်ဥမ္မာခိုင်တို့၏တူ၊ ကိုသူရထွန်း၊ ကိုမိုးမြင့်ထွန်း-မြင့်မြင့်စန်း၊ မထွန်းနီလာရှိန်(Megabucks Decoration Co.,Ltd)၊ မသဲနုစိုး(Samsung Customer Service)၊ မအိန္ဒြာထက်(Kaung ဗီနိုင်း)တို့၏ညီ/မောင်သည် ၉-၅-၂၀၂၀ရက် (စနေနေ့) ည ၉:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းနေ**

စာမျက်နှာ - ၁၀

……………….

**မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း ကားခိုးမှု နှစ်မှု ကျူးလွန်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၁၁

……………….

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာမျက်နှာ - ၁၅

# အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ပြန်ရောက်လာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၀**

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတွင် လုပ်ငန်းများ ရပ်တန့်သဖြင့် အခက်အခဲများ ကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် ဒူဘိုင်းဆိပ်ကမ်းသို့ ရောက်ရှိနေသည့် မြန်မာသင်္ဘောသားများအပါအဝင် မြန်မာနိုင်ငံသား ၁၄၈ ဦးအား Fly Dubai Airlines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား

စာမျက်နှာ ၅ ကော်လံ ၁ ❖

# ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အပူချိန်တိုင်းကိရိယာနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ကော့သောင်း မေ ၁၀**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားနေသဖြင့် ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အပူချိန်တိုင်းကိရိယာနှင့် နှာခေါင်းစည်းများကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ Southern Costline Group မှ တာဝန်ရှိသူများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❍




**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ**

ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။


**ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်**

**နေပြည်တော် မေ ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် နောက် ၇၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ဂိုးသမား ဒီဂီယာ၏နေရာ အစားထိုးရန် မန်ယူအသင်း ပြင်ဆင်



မန်ယူအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက အသက် ၂၉ နှစ်အရွယ်ရှိ စပိန်ဂိုးသမား ဒေးဗစ် ဒီဂီယာကို လေးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သော်လည်း အဆိုပါဂိုးသမား၏နေရာကို အစားထိုးရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒီဂီယာသည် ၂၀၁၁ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်း၏ နံပါတ်တစ် ဂိုးသမားနေရာကို ရယူထားသူဖြစ်သည်။

သတင်းများတွင် ကိုးနှစ်ကြာ မန်ယူအသင်းနှင့် ဖြတ်သန်းပြီးနောက် အိုးထရက်ဖို့ဒ်၌ ၎င်းအနာဂတ်အဆုံးသတ်ရန် နီးစပ်လာပြီဖြစ်ကြောင်း ဖော်ပြထားသည်။ မန်ယူအသင်းသည် ဒီဂီယာ၏ စွမ်းဆောင်ရည်ကို သံသယဖြစ်လာပြီးနောက် ယခုလို အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်စက်တင်ဘာလတွင် တစ်ပတ် ပေါင် ၃၇၅၀၀၀ ဖြင့် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

ဒီဂီယာသည် မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုပြီးကတည်းက ပုံမှန်လက်စွမ်းပျောက်ဆုံးနေခဲ့သူဖြစ်ပြီး အသင်းပြောင်းရွှေ့မည်ဆိုသည့် ကောလာဟလများကလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသူဖြစ်သည်။ အသင်းမှ ဒီဂီယာအနေဖြင့် အကောင်းဆုံးလက်စွမ်းပြသရန် ရုန်းကန်နေရချိန်တွင် ရက်ဖီးအသင်း၌ အငှားကစားနေသော ဒိန်းဟန်ဒါဆင်က လက်စွမ်းပြသနေချိန်နှင့် တိုက်ဆိုင်နေသည်။ အချို့သတင်းများတွင် လာမည့်ရာသီတွင် ဒီဂီယာ၏ နေရာကို ဟန်ဒါဆင်ဖြင့် အစားထိုးဖွယ်

စာမျက်နှာ ၅ ကော်လံ ၅ ❒

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း

တနင်္လာ၊ မေ ၁၁၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး

### တွေ့ဆုံမေးမြန်း – သီသီမင်း၊ ဓာတ်ပုံ – နေလင်း



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်။

“၂၀၁၉ - ၂၀၂၀ မှာ အဓိကတံတားကြီး သုံးစင်းဖြစ်တဲ့ သမုတ်-လွတ်လွတ်တံတား၊ တနင်္သာရီတံတားနဲ့ ပုလုံးတုံတုံးတံတားတွေ အသစ်ပြန်လည် တည်ဆောက်နေတာ ရှိပါတယ်။ ဒီတံတားကြီးတွေ ပြီးသွားပြီဆိုရင် အချိန်တိုအတွင်း ထားဝယ်ကနေ မြိတ်နဲ့ ကော့သောင်းတို့ကို သွားလာနိုင်မှာ ဖြစ်ပါတယ်

ရေ၊ မြေ၊ တောတောင် သဘာဝအလှအပများ၊ အဖိုးတန်သယံဇာတအရင်းအမြစ်များ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ တောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထ(၁)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ထိုသို့ ဒေသဖွံ့ဖြိုးရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်သူများအတွက် ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်–

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အဓိကဆောင်ရွက်နေတဲ့အပိုင်းကို သိပါရစေရှင့်။**

ဖြေ။ ။ တနင်္သာရီတိုင်းဒေသကြီးအတွင်း အဓိက ပြုပြင်ပြောင်းလဲမှုအနေနဲ့ လမ်းပန်းဆက်သွယ်ရေးအပိုင်း ရှိပါတယ်။ နောက်တစ်ခုက စီမံခန့်ခွဲမှုအပိုင်းတွေ ရှိပါတယ်။ ဒါတွေကို အဓိကထားပြီး ပြုပြင်ပြောင်းလဲနေပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး အဓိက ပြည်ထောင်စုလမ်းမကြီးကို အဆင်ပြေချောမွေ့အောင် အဆင့်မြှင့်တင်တဲ့အပိုင်းတွေ ရှိပါတယ်။ ဒါ့ပြင် ကျေးလက်ဒေသရှိလမ်းတွေနဲ့ ကျေးရွာချင်းဆက်လမ်းတွေကို အဓိကဆောင်ရွက်နေပါတယ်။ ပြီးရင် ပြည်ထောင်စုလမ်းနဲ့ ကျေးရွာတွေနဲ့ ဆက်သွယ်ထားတဲ့လမ်းတွေကို အဓိကထား ဆောင်ရွက်နေပါတယ်။ အဓိကရည်ရွယ်ချက်က ဒီလိုမျိုး ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နဲ့ မြို့ပြကွာဟမှု လျော့နည်းစေဖို့ ဖြစ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်စီးပွား ဒါတွေကို ပိုပြီးတိုးတက် မြင့်မားလာအောင် ရည်မှန်းပြီး ဆောင်ရွက်တဲ့အပိုင်းတွေ ရှိပါတယ်။

လမ်းတံတားနဲ့ပတ်သက်ပြီး အထူးမြှင့်တင် ဆောင်ရွက်နေတာရှိပါတယ်။ လမ်းဦးစီးဌာနက ဘတ်ဂျက်တွေလျာထားပေးတဲ့အထဲမှာ တိုင်းဒေသကြီး ခွင့်ပြုဘတ်ဂျက်ငွေကို အများကြီး မြှင့်တင်လျာထားပေးခဲ့ပါတယ်။ ခွင့်ပြုဘတ်ဂျက်ရဲ့ ၂၅ နဲ့ ၂၆ ရာခိုင်နှုန်းလောက်ကို ကျေးလက်လမ်းအပိုင်းမှာ အသုံးပြုနေပါတယ်။ ဒီလိုမျိုးဆောင်ရွက်ပေးရတဲ့ ရည်ရွယ်ချက်တွေက လမ်းပန်းဆက်သွယ်ရေးကောင်းပြီဆိုရင် နောက်ဆက်တွဲအနေနဲ့ ဒေသဖွံ့ဖြိုးရေးတွေ တွဲပြီးပါလာအောင် ပညာရေး၊ ကျန်းမာရေးတွေ ပိုပြီးအဆင်ပြေအောင် ရည်ရွယ်ပြီး ဘတ်ဂျက်ကို တိုးမြှင့်လျာထားသုံးစွဲခြင်းဖြစ်ပါတယ်။

*အချပ်ပို (၁) သို့*



၂၀၁၉–၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တည်ဆောက်လျက်ရှိသည့် သမုတ်–လွတ်လွတ်တံတားကို တွေ့ရစဉ်။




၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) က တည်ဆောက်လျက်ရှိသည့် ဗောဓိကမ်းတံတားကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီး အတွင်း အဓိကကျတဲ့ တံတားကြီးတွေ တည်ဆောက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ တံတားနဲ့ ပတ်သက်ပြီး ၂၀၁၉ - ၂၀၂၀ မှာ အဓိကတံတားကြီး သုံးစင်းဖြစ်တဲ့ သမုတ် -လွတ်လွတ်တံတား၊ တနင်္သာရီတံတားနဲ့ ပုလုံးတုံတုံးတံတားတွေ အသစ် ပြန်လည်တည်ဆောက်နေတာ ရှိပါတယ်။ ဒီတံတားကြီးတွေ ပြီးသွားပြီဆိုရင် အချိန်တိုအတွင်း ထားဝယ်ကနေ မြိတ်နဲ့ ကော့သောင်းတို့ကို သွားလာနိုင်မှာ ဖြစ်ပါတယ်။ ပုလုံးတုံတုံးတံတားက ကော့သောင်းဒေသရဲ့ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေနိုင်မယ့် (Tourism Attraction) အတွက် ဆွဲဆောင်မှုရှိတဲ့ တံတားတစ်ခုနဲ့ ကော့သောင်းဒေသရဲ့ Landmark အဖြစ် ရည်ရွယ်ပြီး တည်ဆောက်နေခြင်းဖြစ်ပါတယ်။ ဒီတံတားကြီး သုံးစင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးမှာဖြစ်ပါတယ်။ ကျန်တဲ့တံတားတွေက ဗောဓိကမ်းတံတား၊ မင်သန်းမောင်းလှော်တံတား၊ ဘုတ်ပြင်းမှာရှိတဲ့ အုန်းတောကမ်းတံတား ဒါတွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ထားဝယ် အထူးစီးပွားရေးဇုန်ကို ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အထူးစီးပွားရေးဇုန်များရဲ့ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပါအဝင် ဗဟိုကော်မတီဝင်တွေက တွန်းတွန်းတိုက်တိုက် ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး အစိုးရကလည်း ပါဝင်ရမယ့် ကိစ္စတွေမှာ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ ဒီအထူးစီးပွားရေးဇုန်ရဲ့ အဓိက အားနည်းချက်က သီလဝါအထူးစီးပွားရေးဇုန်နဲ့မတူတဲ့ဟာက Infrastructure တွေ မပြည့်စုံပါဘူး။ ဥပမာ လမ်းနဲ့ လျှပ်စစ်မီး အပိုင်းမှာ အခက်အခဲရှိပါတယ်။ မပြည့်စုံဘူး။ လမ်းဆိုရင် ယခင်ကြားကာလတွေမှာ ဖောက်လုပ်ခဲ့တဲ့ ထီးခီးလမ်းနဲ့ ထားဝယ်

**“ အဓိက ကိုယ့်ဒေသမှာ သန့်ရှင်းသပ်ရပ်မှုတွေ ရှိနေရမယ်။ Tourism နဲ့ ပတ်သက်တာဆိုရင် Sustainable Tourism ကို ဦးတည်ပြီးသွားတဲ့အတွက် ခဏလေးနဲ့ အများကြီးဝင်လာပြီး ပျက်စီးသွားမယ့်ဟာမျိုးကို ကျွန်တော်တို့ မလုပ်ပါဘူး။ အဓိက ရေရှည်လုပ်နိုင်တဲ့ ခရီးသွားလုပ်ငန်းတွေကို ဦးတည်ပြီး ဆောင်ရွက်တဲ့အတွက် ဒါတွေကိုဦးတည်ပြီး ရလဒ်အနေနဲ့ ထားဝယ်ဆိုရင်လည်း Clean Tourist City Award အာဆီယံအဆင့်မှာ ဘရူနိုင်းနိုင်ငံကပေးတဲ့ ၂၀၂၀ ပြည့်နှစ်မှာ လက်ခံရရှိပါတယ်။ မြိတ်ဆိုရင် Sustainable Tourism Award ဆုကို လက်ခံရရှိပါတယ်။ ဒါတွေက အာဆီယံအဆင့်အနေနဲ့ လက်ခံရရှိတာ ဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်နိုင်ဖို့ဆိုရင် အစိုးရအဖွဲ့ကထိန်းဖို့ စနစ်တကျ ဥပဒေနဲ့အညီ ထိန်းသိမ်းဆောင်ရွက်ဖို့လိုသလို ပြည်သူတွေက ဝိုင်းဝန်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်”**

ရေနက်ဆိပ်ကမ်းက ကီလိုမီတာ ၁၅၀ ကျော်လောက်ရှိပါတယ်။ သို့သော် NEDA ချေးငွေနဲ့ ဖောက်မယ်။ တကယ့်ကို အဆင့်မြင့်မြင့်လမ်းတစ်ခုအနေနဲ့ ဖောက်မယ့်အနေအထားမျိုး ရှိပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းမှုအပိုင်းတွေမှာ တောနေသတ္တဝါတွေ သွားလာလို့ရအောင် ဖောက်ရမယ့် အနေအထားတွေ ရှိတယ်လို့ သိရပါတယ်။ လုပ်ငန်းစတင်မှာက ၂၀၂၀ ပြည့်နှစ်ထဲမှာ စတင်ပြီး ၂၀၂၃ ခုနှစ် ပြီးနိုင်မယ်လို့ ခန့်မှန်းပါတယ်။ ဒါက Infrastructure အနေနဲ့ လမ်းပြီးသွားမယ်။

လမ်းပြီးသွားပြီဆိုရင် ဒီဘက်က လျှပ်စစ်မီး ၂၀၂၁ ခုနှစ်မှာ စတင်နိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီမှာ ADB ရဲ့ချေးငွေနဲ့ ဆောင်ရွက်မယ်လို့ သိရပါတယ်။ အဓိက လမ်းနဲ့ လျှပ်စစ်မီး လုံလုံလောက်လောက်ရပြီးမှသာ ရေနက်ဆိပ်ကမ်းကို ရင်းနှီးမြှုပ်နှံသူတွေက ပိုပြီးစိတ်ဝင်တစားနဲ့ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ မျှော်လင့်ရပါတယ်။



ကျွန်းစုမြို့နယ်အတွင်းရှိ KMK ကုမ္ပဏီမှ ကကတစ်ငါး မွေးမြူထားရှိမှုကို တွေ့ရစဉ်။

**မေး။ ။ ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ဒေသက ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး မြိတ်၊ ထားဝယ်နဲ့ ကော့သောင်းဒေသတစ်ခုနဲ့ တစ်ခုမှာ ခရိုင် သုံးခုက မတူညီတဲ့ ခရီးသွားတွေ ရှိပါတယ်။ အားသာချက်၊ အားနည်းချက်တွေ ရှိပါတယ်။ ကျွန်းစု ခရီးသွားတွေရှိပါတယ်။ ရှင်ကိုးရှင်ဘုရားတွေကို ခရီးသွားဝင်ရောက်တာ တွေ့ရှိရပါတယ်။ ရှင်ကိုးရှင်နဲ့ ပတ်သက်ပြီး ခရီးသွားတွေက အဆက်မပြတ် ဝင်ရောက်လာတာတွေရှိပါတယ်။ ပြီးရင် ကျွန်းစုခရီးစဉ်နဲ့ ပတ်သက်တာက အများသိတဲ့အတိုင်း သိပ်ပျက်စီးမှု မရှိသေးပါဘူး။ ပျက်စီးမှုမရှိသေးဘူးဆိုတော့ ဒီအပေါ်မှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအမံတွေနဲ့ Sustainable Tourism ကို ဦးတည်ပြီး ဆောင်ရွက်နေတဲ့ အပိုင်းတွေရှိပါတယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေက လာပြီးရင်းနှီးမြှုပ်နှံတဲ့အပိုင်းတွေမှာ စနစ်တကျနဲ့ Sustainable Tourism ကို ဦးတည်အခြေခံပြီး သေသေချာချာစိစစ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ခွင့်ပြုတဲ့အပိုင်းတွေရှိပါတယ်။ အခုဆိုရင် ကျွန်းတွေမှာ ဟိုတယ်တွေ ဆောက်တယ်ဆိုတာလေးတွေ ရှိပါတယ်။ ဟိုတယ်ဆောက်တယ်ဆိုတာက အထပ်မြင့် အဆောက်အဦတွေ ခွင့်မပြုဘူး။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေတဲ့ Resort လေးတွေ ခွင့်ပြုထားပါတယ်။

အဓိက ကိုယ့်ဒေသမှာ သန့်ရှင်းသပ်ရပ်မှုတွေ ရှိနေရမယ်။ Tourism နဲ့ ပတ်သက်တာဆိုရင် Sustainable Tourism ကို ဦးတည်ပြီးသွားတဲ့အတွက် ခဏလေးနဲ့ အများကြီးဝင်လာပြီး ပျက်စီးသွားမယ့်ဟာမျိုးကို ကျွန်တော်တို့ မလုပ်ပါဘူး။ အဓိက ရေရှည်လုပ်နိုင်တဲ့ ခရီးသွားလုပ်ငန်းတွေကို ဦးတည်ပြီးဆောင်ရွက်တဲ့အတွက် ဒါတွေကို ဦးတည်ပြီး ရလဒ်အနေနဲ့ ထားဝယ်ဆိုရင်လည်း Clean Tourist City Award အာဆီယံအဆင့်မှာ ဘရူနိုင်းနိုင်ငံကပေးတဲ့ ၂၀၂၀ ပြည့်နှစ်မှာ လက်ခံရရှိပါတယ်။ မြိတ်ဆိုရင် Sustainable Tourism Award ဆုကို လက်ခံရရှိပါတယ်။ ဒါတွေက အာဆီယံအဆင့်အနေနဲ့ လက်ခံရရှိတာဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်နိုင်ဖို့ဆိုရင် အစိုးရအဖွဲ့ကထိန်းဖို့ စနစ်တကျ ဥပဒေနဲ့အညီ ထိန်းသိမ်းဆောင်ရွက်ဖို့လိုသလို ပြည်သူတွေကလည်း ဝိုင်းဝန်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။

ဒီဆု နှစ်ခုရတဲ့ အကြောင်းရင်းက အဓိက ပြည်သူနဲ့အစိုးရ လက်တွဲပြီး NGO တွေနဲ့ လက်တွဲပြီး ဆောင်ရွက်တဲ့ အကျိုးကျေးဇူးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်ပြီး ဒီဟာကို ထိန်းထားချင်ပါတယ်။ ခရီးသွားလုပ်ငန်းကို အဓိကထား ဆောင်ရွက်မယ်လို့ ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ကြောင့် ပြည်သူနဲ့ အစိုးရနဲ့ကြားထဲမှာ ညီညီညွတ်ညွတ် ဟန်ချက်ညီညီနဲ့ ပေါင်းပြီး ဆောင်ရွက်သွားမယ်ဆိုရင် အများကြီး အောင်မြင်စရာအကြောင်း ရှိပါတယ်။ ကျွန်းတွေမှာ လူနေတဲ့ရွာတွေ ရှိပါတယ်။ ဒီရွာတွေကို အစိုးရအဖွဲ့က အမှိုက်တွေကို စနစ်တကျ ထိန်းသိမ်းဖို့ (Do and Don't) ဒါတွေကို ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ကျန်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက သူတို့ တတ်နိုင်တဲ့ဘက်ကနေ ဆောင်ရွက်တဲ့ အပိုင်း ရှိပါတယ်။ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တဲ့ ရလဒ်တွေပါ။ နောက်တစ်ခုက ရပ်ရွာ အခြေပြုခရီးသွားလုပ်ငန်း CBT တွေ လုပ်ပါတယ်။

*အချပ်ပို (ဂ) သို့*



ကျွန်းစုမြို့နယ်အတွင်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ ရေငန်ပုစွန်မွေးမြူထားရှိမှုကို တွေ့ရစဉ်။

*အချပ်ပို (ခ) မှ*

ဟိုတယ်လုပ်ငန်းတွေ လုပ်မယ်ဆိုရင် အရင်းအနှီး ကြီးကြီးမားမားရှိမှ ဒီဟာတွေကို လုပ်လို့ရတာဆိုတဲ့ အယူအဆတွေ ရှိပါတယ်။ ဒီ CBT ကို နိုင်ငံတော်ကလည်း အားပေးလာတဲ့ အပေါ် တိုင်းဒေသကြီးအစိုးရအနေနဲ့ ပံ့ပိုး ကူညီခဲ့ပါတယ်။

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီး အတွင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း CBT ဖော်ဆောင်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီးအတွင်းမှာ CBT လုပ်ငန်းနဲ့ပတ်သက်ပြီး သုံးခုရှိပါတယ်။ ထားဝယ်မှာ အစိုးရက ကမကထ လုပ်ပေးထားတဲ့ စမ်းလှမ်း CBT ရှိတယ်။ အစိုးရနဲ့ ဒေသခံပြည်သူတွေနဲ့ ပေါင်းပြီး လုပ်တာပါ။ ခရီးသွားတွေ လွယ်လင့်တကူ သွားလာလို့ရအောင် ကွန်ကရစ်ဂျက်တီ လုပ်ပေးနိုင်ခဲ့ပါတယ်။ မြိတ်မှာဆို ဒုံးညောင့်မှိုင်း ရှိပါတယ်။ CBT အဆောက်အဦတွေ ဆောက်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးတာတွေ ရှိပါတယ်။ ဒီမှာ ခရီးသွားတွေ လွယ်လင့်တကူ သွားလာနိုင်အောင်ဆိုပြီး Flooding Jetty ကို ဘတ်ဂျက်တွေလျာပြီး ဆောင်ရွက်ပေးပါတယ်။ ရေဖြူမှာရှိတဲ့ ကလုံးထာတို့မှာ INGO တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ဒီလို လုပ်ဆောင်နိုင်ခြင်းက ဒေသနေပြည်သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေရမယ်။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး အသိအမြင်တွေရမယ်။ သူတို့ရဲ့ အသိပညာတွေ အများကြီးပွင့်လာမယ်။ ဒီဟာကို ရည်ရွယ်ပြီး အားပေးဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ ဆလုံ (မော်ကင်း) လူမျိုးတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

ဖြေ ။ ။ ဆလုံလူမျိုးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရထားတဲ့ ကိန်းဂဏန်းအရဆို ၂၀၀၀ ကျော် ကျန်ပါတယ်။ တဖြည်းဖြည်းနဲ့ လျော့နည်းသွားရတဲ့ အကြောင်းအရင်းတွေက အကြောင်းအမျိုးမျိုး ရှိပါတယ်။ မူးယစ်ဆေးဝါးနဲ့ သဘာဝဘေး အန္တရာယ်ကြောင့် နည်းသွားရတဲ့ အကြောင်းအရင်းလေးတွေ ရှိပါတယ်။ ကျန်းမာရေး အသိနည်းတာလေးတွေလည်း ရှိပါတယ်။ ဒီဟာတွေကို ဘယ်လိုပုံစံမျိုးနဲ့ သူတို့ရဲ့ လုံခြုံမှုတွေ၊ နေမှုထိုင်မှုပုံစံတွေကို လုံခြုံအောင် ဆောင်ရွက်ပေးမလဲ ဆိုတာကို အများကြီး ထည့်သွင်းစဉ်းစားရပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဒါကို အလေးနက်ထားပြီး ကျွန်တော်တို့ကို ညွှန်ကြားခဲ့တာလည်း ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ နှစ်အလိုက် တစ်နှစ်ကို ငွေကျပ်သိန်း ၁၀၀၀ နဲ့ ဆလုံလူမျိုးတွေအတွက် ပညာရေးနဲ့ ကျန်းမာရေးပြီးရင် သူတို့ရဲ့ စားဝတ်နေရေးအတွက် တတ်နိုင်တဲ့ဘက်ကနေပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မယ်ဆိုပြီး ဆုံးဖြတ်ချက်တွေချပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ခဲ့ပါတယ်။ ပထမဦးဆုံး လိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးကိစ္စတွေအတွက် ဆန်၊ အသက်မွေးဝမ်းကျောင်းလုပ်တဲ့ ရေလုပ်ငန်းအတွက် ငါးမျှားတံတို့၊ လှေငယ်လေးတွေကို အဓိကထား ဖြည့်ဆည်းပေးပါတယ်။

နောက်ထူးထူးခြားခြားက ဒီတစ်နှစ်မှာ ကျန်းမာရေး လိုအပ်ချက်တွေ၊ ကျန်းမာရေး အသိပညာအားနည်းတာတွေ၊ နောက်တစ်ခုက သူနာပြုနဲ့ ပတ်သက်တာ အခြေခံသားဖွားနဲ့ ပတ်သက်တာတွေလည်း ဒီတစ်နှစ်ကစပြီး မြိတ်မှာ သင်တန်းဖွင့်ဖို့ရှိပါတယ်။ ဒီဒေသက ကလေးတွေကို ဦးစားပေးပြီး သီးသန့်သူတို့ကို ခေါ်ပြီး သင်တန်းပေးပါမယ်။ စာတွေ့ ၃ လ၊ လက်တွေ့ ၃ လကို ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရယ် ပူးပေါင်းပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။ စည်ပင်သာယာရေးနဲ့ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ စည်ပင်သာယာရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီး အစိုးရက ဘတ်ဂျက်တွေ ထောက်ပံ့ပေးတာ ရှိပါတယ်။ စည်ပင်ဥပဒေတွေနဲ့အညီ လိုက်နာ ဆောင်ရွက်ရေး ကိစ္စတွေမှာ ကြပ်မတ် ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို အစိုးရအဖွဲ့က နေပြီး ဆောင်ရွက်တာတွေ ရှိပါတယ်။ လိုအပ်ချက်တွေက သန့်ရှင်းရေးနဲ့ ပတ်သက်တဲ့ စည်ပင်ဝန်ထမ်းတွေ၊ သန့်ရှင်းရေးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို အစိုးရအဖွဲ့က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ဖက်ကလည်း NGO တွေနဲ့ CSO တွေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါတယ်။ တချို့ INGO အဖွဲ့တွေက အမှိုက်ပုံးတွေ ပံ့ပိုးပေးတာရှိပါတယ်။

*အချပ်ပို (ဃ) သို့*

**“တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ နှစ်အလိုက် တစ်နှစ်ကို ငွေကျပ်သိန်း ၁၀၀၀ နဲ့ ဆလုံလူမျိုးတွေအတွက် ပညာရေးနဲ့ ကျန်းမာရေးပြီးရင် သူတို့ရဲ့ စားဝတ်နေရေးအတွက် တတ်နိုင်တဲ့ဘက်ကနေပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မယ်ဆိုပြီး ဆုံးဖြတ်ချက်တွေချပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ခဲ့ပါတယ်။ ပထမဦးဆုံး လိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးကိစ္စတွေအတွက် ဆန်၊ အသက်မွေးဝမ်းကျောင်းလုပ်တဲ့ ရေလုပ်ငန်းအတွက် ငါးမျှားတံတို့၊ လှေငယ်လေးတွေကို အဓိကထားဖြည့်ဆည်းပေးပါတယ်”**



သရက်ချောင်းမြို့နယ်ရှိ ဆီအုန်းပျိုးခင်းကို တွေ့ရစဉ်။

*အချုပ်ပို (ဂ) မှ*

အဓိက အကုန်လုံး ဟန်ချက်ညီညီနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ ရလဒ်အဖြစ် Clean Tourist City Award ရတာပါ။ မြိတ်ဆိုရင် Sustainable Tourism Award ဆုကို ရပါတယ်။ ဒါက ဒေသခံခရီးသွား ကော်မတီနဲ့ အစိုးရဌာနတွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တဲ့ ရလဒ်ဖြစ်ပါတယ်။

မြို့ပြဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ စည်ပင်လုပ်ငန်းနဲ့ ပတ်သက်ပြီး ထူးခြားချက်တစ်ခုအနေနဲ့ ယခင်က စည်ပင်လုပ်ငန်းကို မြို့နယ်အလိုက် မိမိတို့ရရှိတဲ့ အခွန်ငွေပေါ်မှာ မူတည်ပြီး ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။ မြို့ပြဖွံ့ဖြိုးရေးကို ပိုမိုပြီးဖွံ့ဖြိုးတိုးတက်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခွန်ကရတဲ့ အခွန်ငွေတွေအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီငွေ နှစ်ရပ်ကိုပေါင်းပြီး ဒေသဖွံ့ဖြိုးရေးနဲ့ ဝန်ဆောင်မှုတွေကို ပိုမိုဆောင်ရွက်နေပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့အပိုင်းမှာ ခရိုင်မြို့ သုံးမြို့ဖြစ်တဲ့ ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းတို့ကို ဆောင်ရွက်တဲ့အပိုင်းတွေ ရှိပါတယ်။ ကျန်တဲ့ ဒီမြို့တွေကို ဆောင်ရွက်ပေးတဲ့ အပိုင်းတွေ ရှိပါတယ်။ လမ်းတို့၊ တံတားတို့ပြီးရင် မြို့သာယာလှပရေးနဲ့ ပတ်သက်တာတွေက အများကြီး တိုးတက်ပြောင်းလဲလာတာ တွေ့ရပါတယ်။

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီးအတွင်း သိမ်းဆည်း လယ်ယာမြေတွေနဲ့ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီးအနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ မြေစာရင်း မူဝါဒ ၅၂ ချက်နဲ့အညီ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်ပြီးတာတွေ၊ ဆောင်ရွက်ပေးရန်ကျန်တာတွေနဲ့ စိစစ်ပေးရန် ကျန်နေတဲ့ စိစစ်ဆဲလုပ်ငန်းတွေလည်း ရှိပါတယ်။ ဒီသက်တမ်းအတွင်းမှာ အတတ်နိုင်ဆုံး မှန်မှန်ကန်ကန်နဲ့ စွန့်လွှတ်ပေးနိုင်ရေးနဲ့ မူလလက်ဝယ်ပြန်လည်ရရှိရေးကို တွန်းအားပေးပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ပြီးစီးအောင်ဆောင်ရွက်ဖို့ လမ်းညွှန်ထားတဲ့အတွက် ကျွန်တော်တို့ အားသွန်ခွန်စိုက်နဲ့ ဆောင်ရွက်နေပါတယ်။

လယ်ယာမြေနဲ့ ပတ်သက်ပြီး လယ်ယာမြေပုံစံ (၇) ကို စနစ်တကျနဲ့ ပေးအပ်နေပါတယ်။ ရာခိုင်နှုန်း တော်တော်များများက ပုံစံ(၇) တွေကို ပေးအပ်ပြီးဖြစ်ပါတယ်။



၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ကော့သောင်းမြို့နယ် အောင်မြန်မာကျေးရွာ ရေဆင်းဆိပ်ခံ ပေ ၄၀၀ တံတားတည်ဆောက်ထားမှုကို တွေ့ရစဉ်။

တခြားနည်း သုံးစွဲခွင့်နဲ့ ပတ်သက်တာတွေက လယ်ယာမြေကို တခြားနည်းသုံးစွဲခွင့် ပတ်သက်တာတွေ ရှိပါတယ်။ ဒါတွေကို စနစ်တကျနဲ့ စိစစ်ပြီး တတ်နိုင်သမျှ အချိန်မီအချိန်နဲ့ တစ်ပြေးညီ ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။

**မေး။ ။ ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပညာရေးကဏ္ဍနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေကို အဆင့်တိုးမြှင့်မှုအနေနဲ့ အထက်တန်းကျောင်း ၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၃၃ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ ကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်းနဲ့ မူလတန်းကျောင်းခွဲ ၁၃ ကျောင်း စုစုပေါင်း ၁၄၈ ကျောင်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် အခြေခံပညာကျောင်းတွေနဲ့ ရုံးအဆောက်အအုံတွေ အသစ်ဆောက်လုပ်ခြင်းနဲ့ ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်း ၃၈၁ ခုကို ရန်ပုံငွေကျပ်သန်း ၁၃၀၉၉ ဒသမ ၄၀ နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မူလတန်းကျောင်း ဆရာ၊ ဆရာမ ဦးရေ လုံလောက်မှုရှိစေဖို့အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း (PPTT) သင်တန်းသားဦးရေကို ၂၀၂၀ ပြည့်နှစ်ကစပြီး တိုးမြှင့်လက်ခံ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ၂၀၁၈ – ၂၀၁၉ နဲ့ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်ရာသီမှာ ကျောင်းသူ၊ ကျောင်းသားတွေကို ကျောင်းသုံးပုံနှိပ်စာအုပ်များ ထောက်ပံ့ခြင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းသုံး ဗလာစာအုပ်နဲ့ ကျောင်းဝတ်စုံတွေ အခမဲ့ထောက်ပံ့ ပေးခဲ့ပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကျန်းမာရေး ကဏ္ဍတွေမှာ တိုင်းဒေသကြီးအနေနဲ့ အခါ



သရက်ချောင်းမြို့နယ်ရှိ ရော်ဘာပျိုးခင်းကို တွေ့ရစဉ်။

အားလျော်စွာ ပြည်သူတွေနဲ့ တွေ့ဆုံတဲ့ အချိန်မှာ မြို့နယ်အလိုက်၊ ကျေးရွာအလိုက် တင်ပြတဲ့ ကျန်းမာရေးလိုအပ်ချက်တွေ ရှိပါတယ်။

ကျန်းမာရေးလိုအပ်ချက်တွေကို စနစ်တကျ စာရင်းပြုစုပြီး ကျန်းမာရေးဦးစီးဌာနကနေ သတ်မှတ်ထားတဲ့ စံတွေနဲ့ ပြန်လည်စိစစ်ပြီး ပြည်ထောင်စုကို ထပ်မံပြီးတင်ပြပါတယ်။ တင်ပြတဲ့အပေါ်မှာ ပြည်ထောင်စုက အများကြီး ဖြည့်ဆည်းပေးတာတွေ ရှိပါတယ်။ လိုအပ်ချက်တွေက အများကြီးရှိပါသေးတယ်။ တချို့ကိစ္စတွေက ရေရှည်စီမံဆောင်ရွက်သွားရမယ့် ကိစ္စတွေ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူ့ ဝန်ဆောင်မှုအပိုင်း ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင်။**

ဖြေ။ ။ စီမံခန့်ခွဲရေးအပိုင်းနဲ့ ပတ်သက်ပြီး ပြည်သူ့ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှု ကိစ္စတွေကို ယခင်ကဆိုရင် ပြည်သူကလည်း လိုက်နာဆောင်ရွက်ရမယ့်အပိုင်းတွေနဲ့ လုပ်ထုံးလုပ်နည်းအပိုင်းတွေ ရှင်းရှင်းလင်းလင်းမသိရှိတော့ ဆောင်ရွက်ရတဲ့အပိုင်းတွေမှာ အခက်အခဲရှိပါတယ်။ ဌာနတွေအနေနဲ့ ဆောင်ရွက်ရတဲ့ အပိုင်းတွေမှာရှိတဲ့ အင်အားနဲ့ ဝန်ဆောင်မှုအပိုင်းတွေ ဆောင်ရွက်ရတဲ့အချိန်မှာ အခက်အခဲတွေနဲ့ အဆင်မပြေတာလေးတွေ၊ အချိန်ကြန့်ကြာနေတာလေးတွေ ရှိပါတယ်။ ဒီဘက် အစိုးရကာလမှာ Standard Operation Procedures (SOP) ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်သူနဲ့ ဌာနဆိုင်ရာတွေ ကြားထဲမှာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တဲ့အခါ ပိုပြီးလွယ်ကူချောမွေ့အောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဓိကဌာနတွေက လိုက်နာဖို့လည်း ညွှန်ကြားထားပါတယ်။

**မေး။ ။ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအတွင်း ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်တွေလည်း ရှိပါတယ်။ လူစုလူဝေးနဲ့ အတတ်နိုင်ဆုံးရှောင်ရှားဖို့ ကိစ္စတွေကို အောက်ခြေအုပ်ချုပ်ရေး အဆင့်ဆင့်သောအဖွဲ့အစည်းတွေနဲ့ ဌာနဆိုင်ရာတွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသက ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် ဂိတ်တွေမှာ တစ်ဖက်နိုင်ငံက ဝင်လာမယ့်လူတွေကို စနစ်တကျနဲ့ စစ်ဆေးပြီး ဝင်ခွင့်ပြုပါတယ်။ ဒါကို အပူချိန်တိုင်းတဲ့ ကိရိယာတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကနေ စိစစ်ပြီးမှ ဝင်ခွင့်ပြုပါတယ်။

**မေး။ ။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ထပ်မံဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ စပြီး တာဝန်ယူစဉ်ကတည်းက ပြည်သူကို ကတိပေးထားတဲ့အတိုင်း ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ စွမ်းစွမ်းတမံ ဆောင်ရွက်မယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့ဘက်က အဓိက အစိုးရအနေနဲ့ အဂတိကင်းကင်းရှင်းရှင်းနဲ့ ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အပိုင်းတွေမှာ ပိုမိုပြီး လွယ်ကူချောမွေ့အောင်ပါ။ အခုဆိုရင် Standard Operation Procedures တွေ ထုတ်ထားပြီးပါပြီ။ မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့ SOP အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ဖို့အတွက် ဌာနတွေကို ညွှန်ကြားထားပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ပြည်သူနဲ့ အစိုးရရဲ့ ကြားထဲမှာ ပိုပြီးနားလည်မှုတွေ ရှိပါတယ်။ လုပ်ငန်းပိုင်းနဲ့ ပတ်သက်ပြီး လွယ်ကူချောမွေ့လာအောင် ဒီအတွက်ရည်ရွယ်ပြီး ရိုက်နှိပ်ထုတ်ဝေပြီး ဆောင်ရွက်နေပါတယ်။ SOP ကို မိုဘိုင်းကနေပြီး ရယူနိုင်အောင် အက်ပလီကေးရှင်း တင်ထားပြီး ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး ပိုပြီးစနစ်တကျနဲ့ ဆောင်ရွက်နိုင်အောင်စပြီး စီမံကိန်းမချခင်ကတည်းက သေသေချာချာ စိစစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာ အဓိက ပြည်သူလူထု ပူးပေါင်းပါဝင်မှုရဲ့ အင်အားက အဓိကကျပါတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်တဲ့ နည်းလမ်းတွေကို ကျွန်တော်တို့က ဖန်တီးရမှာဖြစ်ပါတယ်။ အစိုးရကောင်းတစ်ရပ်ရဲ့ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နိုင်ခြင်း၊ မဆောင်ရွက်နိုင်ခြင်းဆိုတာက ပြည်သူလူထုရဲ့ ပါဝင်မှုအပေါ်မှာ အများကြီးမူတည်တယ်လို့ ကျွန်တော်တို့က ခံယူထားတဲ့အတွက် ပြည်သူနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်း ဖြေကြားလိုပါတယ်။ ။